



# တင်မောင်မြင့်

## တောင်ပံမဲ့ သင်းကွဲတေးဆိုငှက်

၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန်(ရသ) ဆုရ

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

"သဘာဝထက် လွန်ကဲနေသလား ထင်ရအောင် သဘာဝကျတယ်၊
ပြီးတော့ ဟာသမြောက်တယ်။" (The New Yorker)

"အရေးအသား ကောင်းလိုက်ပုံက မီးတောင်ကြီး ပေါက်ကွဲပြီး ခံစားမှုရောင်စုံ
ချော်ရည်တွေ ပျော်ကျ စီးဆင်းနေသလိုပဲ" (San Francisco Examiner)

"ရှားရှားပါးပါး ဝတ္ထုကောင်းတစ်ပုဒ်ပါ၊ မျက်မှောက်ခေတ်မှာ ပြင်းထန်တဲ့
ပေါက်ကွဲသံလို ဟိန်းထွက်လာတယ်" (Chicago Tribune)

စတင်ထုတ်ဝေစဉ်က ၉၅ သီတင်းပတ်ကြာမျှ အရောင်းရဆုံးမှတ်တိုင်
ထူခဲ့သည့်အပြင် ၁၉၈၂ ခုနှစ်ထိ အုပ်ရေ ၁၅ သန်း ရိုက်နှိပ်ခဲ့ရပြီး
ဘာသာပေါင်းများစွာ ပြန်ဆိုခဲ့ရသည့်စာအုပ်။
၁၉၆၁ ခုနှစ်တွင် ပူလစ်ဇာစာပေဆု ဆွတ်ခူးခဲ့သည့် ဂန္ထဝင်ဝတ္ထု။
နယူးယော့ခ် ပြည်သူ့စာကြည့်တိုက်ကြီး၏ "ရာစုနှစ်စာအုပ်များ" နှင့်
၂၀ ရာစု ကမ္ဘာ့ အကောင်းဆုံး စာအုပ် ၁၀၀ တွင် ပါဝင်ခဲ့သည့် ဝတ္ထု။
ရုပ်ရှင်မင်းသားကြီး ဂရေဂရီပက်နှင့် ဇာတ်ညွှန်းဆရာတို့
အော်စကာဆု ရစေခဲ့သည့် ကမ္ဘာကျော်ရုပ်ရှင်၏ မူရင်းဝတ္ထု။

# တင်မောင်မြင့်

## တောင်ပံမဲ့ သင်းကွဲတေးဆိုငှက်

To Kill A Mockingbird
HARPER LEE

ISBN 978-99971-44-79-9
K0467
9 789997 144799 >

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ၂၀၀၄ ခုနှစ်၊ ရာပြည့်စာအုပ်တိုက်။

ဒုတိယအကြိမ် - အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

တတိယအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်နှင့် အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်ဇောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်

တန်ဖိုး - ၁၈၀၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK


၂၀၀၄ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် (ရသ) ဆုရ

# တောင်ပံမဲ့သင်းကွဲတေးဆိုငှက်

တင်မောင်မြင့်

မြန်မာပြန်သည်

တတိယအကြိမ်




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## တောင်ပံမဲ့သင်းကွဲတေးဆိုငှက်
## (ဒုတိယအကြိမ်အတွက် အမှာစာ)

Harper Lee ရဲ့ To Kill a Mocking Bird ကို ကျွန်တော် ၂၀၀၁ ခုနှစ်မှာ ဘာသာပြန်ပြီးခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ ရာပြည့်စာအုပ်တိုက်က အမှာစာ မပါဘဲ 'တောင်ပံမဲ့သင်းကွဲတေးဆိုငှက်' အမည်နဲ့ ထွက်ခဲ့ပါတယ်။ ဆိုတော့ ဆယ့်ငါးနှစ်ကြီးများတောင် ကြာခဲ့ပြီပေါ့။ ခု ဒုတိယအကြိမ် ကံ့ကော်ဝတ်ရည်က ထွက်မယ်ဆိုတော့ အမှာရေးဖို့ ဝန်လေးတဲ့ ကျွန်တော့်ကို ဝိုင်းဖိအားပေးကြပါတယ်။ အစောပိုင်းက ကျွန်တော့်စာအုပ်တွေမှာ အမှာစာ မရေးတတ်လို့နဲ့ ဆရာဆရာများရဲ့ အမှာစာကောင်းများရဲ့ လွှမ်းမိုးမှုကြောင့် မရေးဖြစ်ခဲ့တဲ့အကြောင်း ကျွန်တော် ရေးဖူးပါတယ်။ (ဘယ်မှာရေးခဲ့တယ်ဆိုတာတော့ မမှတ်မိတော့ပါဘူး) ခုတော့ ဆယ့်ငါးနှစ်ကြာမှ ပြန်ထွက်တဲ့ ဒုတိယအကြိမ်အတွက် အမှာရေးဖို့ အကြောင်းကလေးတွေ ဖန်လာတာကြောင့် ကျွန်တော် ရေးချင်စိတ် ပေါက်လာပါတယ်။



mgyoe.com

mgyoe.com

အမှာစာရေးဖို့ တိုက်တွန်းကြသူတွေထဲမှာ သူငယ်ချင်း ရေးဖော် မောင်ပေါ်ထွန်းလည်း ပါတယ်။ သူက ဒီစာအုပ်ဟာ ၂၀၀၄ ခုနှစ် အမျိုးသား စာပေဆု ဘာသာပြန် (ရသ) ရခဲ့တဲ့စာအုပ်မို့ ရေးစေချင်တာပါ။ နောက်အုပ်စု ကတော့ ထုတ်ဝေသူ မရွှေဝိုင်းနဲ့ သူ့ဝမ်းမနာသားတွေထဲက တစ်ယောက်ဖြစ်တဲ့ ကျွန်တော်က Fat Cat လို့ နာမည်ပေးထားတဲ့ စာအုပ်သရဲလေး ဉာဏ်သာဇော် ပါ။ သူက စာအုပ်ကောင်းတွေ ရှာပေးတတ်ပြီး သူကြိုက်တဲ့စာအုပ်ကို အတင်း ဘာသာပြန်ခိုင်းတတ်ပါတယ်။ မပြန်ရင် စိတ်ကောက်တတ်တယ်။ နောက် ရှာ မပေးတော့ဘူးလို့ နှုတ်ခမ်းစူပြီး ပြောတတ်တယ်။

ခုလည်း လာပြန်ချေပြီ။ ၂၀၁၅ ခု၊ ဇူလိုင်လဆန်းကပါ။ သူတို့သားအမိ ကျွန်တော့်ကို သတင်းထူး လှမ်းပေးတယ်။ ဟားပါးလီရဲ့ Go Set a Watchman စာအုပ် ထွက်တော့မယ်တဲ့။ To Kill a Mockingbird ရဲ့အဆက်မို့ ဘာသာပြန်ပါ။ စာအုပ်ရှာပေးမယ်တဲ့။

စာအုပ်က မထွက်သေးဘူး။ အပိုင်းအပိုင်းတွေနဲ့ ဇာတ်လမ်းအကျဉ်းကို အင်တာနက်က Download ပြီး သူ တပင်တပန်းစုတယ်။ တကူးတက ပို့ပေး တယ်။ ဇူလိုင်လ ၁၄ ရက်နေ့မှာ Harper Collins စာအုပ်တိုက်က ဖြန့်တော့ ကျွန်တော့်ဆီမှာ သူကူးပေးထားတာတွေ တစ်ထပ်ကြီး ဖြစ်နေပြီ။ ဖတ်ကြည့်တော့ စာအုပ်က တော်တော်လှုပ်တယ်။ ပြဿနာပေါင်း သောင်းခြောက်ထောင်နဲ့ လှုပ်တာမျိုး။ ဒီတော့ သုံးသပ်ချက်ပေါင်းများစွာ ဝေဖန်ချက်ပေါင်းများစွာကို ကျွန်တော် ရှာဖတ်ရပါတော့တယ်။ ဇာတ်လမ်းအကျဉ်းလည်း သူပို့ထားတဲ့ DL ထဲက ကျွန်တော် ဖတ်ပြီးပြီ။

"တစ်ယောက်ယောက်ကို ပေးလိုက်ပါကွာ၊ ငါတော့ မပြန်ချင်ဘူး" လို့ ပြောတော့ ကိုရွှေ Fat Cat ဒေါသဖြစ်နေတဲ့ ကြောင်တစ်ကောင်လို ရှူးရှူး ရှဲရှဲ ဖြစ်တော့တာပါပဲ။

ဒီလိုပါ။ To Kill a Mockingbird ထွက်တဲ့နှစ်က ၁၉၆၀ ဆိုတော့ နယ်လီဟားပါးလီ ငါးဆယ်ကျော်ပေါ့။ Go Set a Watchman က ၂၀၁၅ မှာ ထွက်တယ်ဆိုတော့ စာရေးဆရာမကြီး ကိုးဆယ်နား ကပ်နေပြီ။ အဲဒီမှာ စဉ်းစား စရာတွေ အများကြီး ဖြစ်လာတော့တာပါပဲ။

ပထမစာအုပ်ရဲ့ အရှိန်အဝါ ကြီးမားပုံကို ပြန်ကြည့်ကြရအောင်ပါ။ To

mgyoe.com

mgyoe.com SAMPLE BOOK
Kill a Mockingbird(တောင်ပံမဲ့) က ၁၉၆၀ ပြည့်နှစ်မှာ ထွက်တယ်။ ဇာတ်လမ်းက ရိုးရိုးစင်းစင်း ပျင်းစရာ။ အမေရိကန်တောင်ပိုင်းက အင်မတန်ရှေးဆန်တဲ့ ခြောက်ကပ်ကပ် မြို့ကလေးတစ်မြို့မှာ 'ပြည်တည်'တယ်။ အဓိက ဇာတ်ကောင်တွေက ရှေ့နေကြီး အာတီကတ်စ်ဖင့်ချ် (ဂရေဂရီပက်) နဲ့သားလေး ဂျင်မ်၊ သမီးလေး စကောက်။ ဇာတ်ကြောင်းပြန်ပြောသူက စကောက်။ ကလေးတွေး တွေးပြီး ကလေးတစ်ယောက်က ပြန်ပြောပြတဲ့ ဇာတ်လမ်း။ အချစ်ဇာတ်လမ်း မပါတဲ့ ဒီစာအုပ် ပေါက်လိမ့်မယ်လို့ ဘယ်သူမှ မထင်ဘူး။ စာရေးဆရာမကိုယ်တိုင်လည်း မထင်ဘူး။ ဇာတ်ကြောင်းက အဲဒီပျင်းစရာ မြို့ကလေးမှာ လူဖြူမတစ်ယောက်ကို လူမည်း တစ်ယောက်က ဗလက်ကာယပြုပါတယ်ဆိုတဲ့ အမှုတစ်ခု။ ရှေ့နေကြီး အာတီကတ်စ်က လူမည်းဘက်က အကျိုးဆောင်။ အမှုက လီဆယ်ပြီး တိုင်တဲ့ အမှု၊ အာတီကတ်စ် တရားရှုံးတယ်။ လူမည်းတရားခံ တွမ်ရော်ဘင်ဆင်ကို လူဖြူတွေ ပစ်သတ်လိုက်ကြတယ်။

ဒါပေမဲ့ အရေးအသားနဲ့ တင်ပြပုံကောင်းလွန်းတဲ့အတွက် The News Yorker က ဝေဖန်သလို 'သဘာဝထက်လွန်နေသလား ထင်ရလောက်အောင် သဘာဝကျတယ်။ ပြီးတော့ ဟာသမြောက်တယ်'။ San Francisco Examiner ကတော့ 'အရေးအသားကောင်းလိုက်ပုံက မီးတောင်ကြီးပေါက်ကွဲပြီး ခံစားမှု ရောင်စုံချော်ရည်တွေ ပျော်ကျစီးဆင်းနေသလိုပဲ'လို့ ဝေဖန်တယ်။

ကိုးဆယ့်ငါးပတ်လုံး နံပါတ်(၁) ရောင်းအကောင်းဆုံးစာရင်း ထိပ်ဆုံးက မဆင်းဘူး။ ၁၉၆၁ ခုနှစ်မှာ ဟားပါးလီ ပူလစ်ဇာဆုရတယ်။ ရာစုနှစ်ရဲ့ အကောင်းဆုံးစာအုပ် ၁၀၀ မှာ စာရင်းဝင်သွားတယ်။ ရုပ်ရှင်ရိုက်တော့ မင်းသားကြီး ဂရေဂရီပက် အော်စကာဆုရသွားတယ်။ ၂၀၀၇ ခုနှစ်မှာ စာရေးဆရာမ Presidential Medal of Freedom ဆုကို ဆွတ်ခူးခဲ့တယ်။ ကမ္ဘာ့တက္ကသိုလ်ပေါင်းများစွာက ဂုဏ်ထူးဆောင်ဘွဲ့တွေ တသီကြီးရခဲ့တယ်။ သမ္မတလင်ဒန်ဘီဂျွန်ဆင်က ၁၉၆၆ ခုနှစ်မှာ National Council of Art ဆု ချီးမြှင့်တယ်။

ဟုတ်ကဲ့၊ Go set a Watchman အကြောင်း ပြန်ဆက်ပါ့မယ်။ တောင်ပံမဲ့မှာ တစ်မြို့လုံး လူဖြူအားလုံးနဲ့ ဆန့်ကျင်ပြီး လူမည်းတရားခံဘက်က ရပ်တည်ခဲ့လို့ အဲဒီဝတ္ထုဟာ ကမ္ဘာကျော်ခဲ့တယ်။ အဲဒီအတွက် အာတီကတ်စ် ရင်းခဲ့ရတဲ့ အရင်းအနှီးက မနည်းပါဘူး။ သူ့အသက်ကိုရော သားနဲ့သမီးကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ရဲ့အသက်ကိုပါ ရန်ရှာခံခဲ့ရတယ်လေ။ အဲဒီလောက်အထိ အသားအရောင် ခွဲခြားရေးမှာ စွန့်စားခဲ့တာ၊ ဒါကြောင့် တောင်ပံမဲ့ဟာ America Icon လို့ တင်စားခံခဲ့ရတယ်။ အမေရိကန်မှာ ဥပဒေကျောင်းသားတိုင်းရဲ့လက်စွဲ ဖြစ်ခဲ့တယ်။ Go set ကျတော့ ပြောင်းပြန်။ အာတီကတ်စ်ရဲ့ဇာတ်ရုပ် ပျက်သွားတယ်။

သူက လူမည်းမုန်းတီးရေးသမား ဖြစ်သွားတယ်တဲ့ဗျာ။ စာအုပ် ထွက်ထွက်ချင်း ပွက်လော်ရိုက်သွားတယ်။

□

ဒီစာအုပ်ထွက်တော့ ဟားပါးလီ ၈၉ နှစ်ရှိပြီ။ သတင်းတွေ အမျိုးမျိုးထွက်လာတယ်။ လူအိုရုံမှာလို့ပြောသူ ရှိတယ်။ ဆွံ့အနားမကြား ဖြစ်နေတယ်လို့လည်း ပြောကြတယ်။ သူရေးတာ ဖြစ်နိုင်ပါ့မလားဆိုတဲ့ သံသယတွေလည်း ကျွက်စီကျွက်စီ ဖြစ်လာတယ်။ ဒါကြောင့် ဝေဖန်ရေးဆရာတွေထဲမှာ Controvertially Published လို့ပြောတဲ့လူတွေက ပြောကြတယ်။ ၂၀၁၄ မှာ ဒီစာမူကို အဘွားကြီးရဲ့ ပစ္စည်းတွေ အပ်ထားတဲ့ဘဏ်က Safe Box ထဲက တွေ့တာတဲ့။ အဲဒီမှာ Agent တွေ ရှေ့နေတွေနဲ့ ရှုပ်ယှက်ခတ်ပြီး ဟားပါးလီရေးတာ ဟုတ်၊ မဟုတ် ဇာတ်လမ်းတွေ ရှုပ်ကြပြန်ရော။ အဲဒီအထဲဆိုးတာက ဒီဝတ္ထုဟာ တောင်ပံမဲ့ မရေးခင်ရေးတာတဲ့။ ဒါပေမဲ့ ဇာတ်လမ်းအဖွင့်မှာ ဟိုတုန်းက ဇာတ်ကြောင်း ပြန်ပြောတဲ့ ဆယ်နှစ်အရွယ် စကောက်ကလေးက အသက် ၂၆ နှစ် ရှိနေပြီ။ ဘွဲ့ရပြီးနေပြီ။ ဖြစ်နိုင်၊ မဖြစ်နိုင်၊ ဟားပါးလီရေးတာ ဟုတ်၊ မဟုတ် ဇာတ်လမ်းတွေ ရှုပ်နေချိန် စာအုပ်က မထွက်ခင် လှုပ်နေပြီ။ ဟယ်ရီပေါ်တာပြီးရင် အမှာစာ အများဆုံးတဲ့။ အဲဒီမှာ ဝေဖန်ရေးဆရာတစ်ယောက်က ကလိတယ်။ Pre Order လို့ခေါ်တဲ့ ကြိုတင်မှာတဲ့စာရင်းမှာ စံချိန်တင်တယ်တဲ့။ ဒါပေမဲ့ အဲဒီစာအုပ် ဒုတိယအကြိမ် ပြန်မရိုက်ရပါဘူး။ ကျုပ်လောင်းရဲတယ်တဲ့။

□

စောစောက ပြောခဲ့သလို တောင်ပံမဲ့ဟာ သိပ်ပျင်းစရာကောင်းတဲ့ မြို့လေး

mgyoe.com

mgyoe.com SAMPLE BOOK

တစ်မြို့အကြောင်း ပျင်းတိပျင်းတွဲ ဖတ်ခဲ့ရာက အဖြူအမည်းကိစ္စ၊ မုဒိမ်းမှုကိစ္စ၊ တရားခွင်ကိစ္စတွေ ပေါ်လာမှ ဇာတ်လမ်းက လက်ကမချနိုင်အောင် ဖြစ်လာတာ။ စာအုပ်မှာရော ရုပ်ရှင်မှာပါ ထိပ်ဆုံးရောက်သွားတာ။ ကမ္ဘာကျော်သွားတာ။

ဂရေဂရီပက်ကို အာတီကတ်စ်ဖင့်ချ်လို့ ကမ္ဘာ့ရုပ်ရှင်ပရိသတ်က အသည်းစွဲသွားတာ။ မင်းသားကြီးကိုယ်တိုင်ကလည်း သူ့အကြိုက်ဆုံးကားပါလို့ ပွဲတိုင်းမှာ ပြောခဲ့တယ်။

အဲဒီကားဟာ အကယ်ဒမီ သုံးဆုရတယ်။ ဂရေဂရီပက်အပြင် ဇာတ်ညွှန်းရေးဆရာ Hortan Foote နဲ့ Art Director နှစ်ယောက်ဖြစ်တဲ့ Bumstead နဲ့ Emert တို့ပါပဲ။ အကောင်းဆုံးရုပ်ရှင်ကားအဖြစ်လည်း အကယ်ဒမီဆန်ခါတင်စာရင်းဝင်တယ်။

ဒီလို ဒီလို ကျွန်တော် စွဲလမ်းခဲ့တဲ့ Atticus Finch ဟာ To Set a Watchman မှာ ဆိုခဲ့သလို လူမည်းမုန်းတီးရေးသမားဖြစ်သွားတယ်။ ဇာတ်လမ်းအဖွင့်မှာကတည်းက တောင်ပံမဲ့မှာ အားလုံးရဲ့ အချစ်တော်ကလေး စကောက်ရဲ့အစ်ကို ဂျင်မ်ကို စာရေးဆရာမကြီးက နှလုံးရောဂါနဲ့ သေစေခဲ့တယ်။ ဒါကိုလည်း ပရိသတ်က မကျေနပ်ကြဘူး။ ဟားပါးလီ ရေးတာဟုတ်၊မဟုတ် ဂယက်တွေကလည်း ထလို့မပြီးဘူး။ အသက်ကြီးမှ အတူလာနေပေးတဲ့ ညီမလုပ်သူ အဲလစ်မသေ့ခင် ပြောသွားတာလည်း စဉ်းစားစရာ။

"မျက်စိလည်း ကွယ်နေပြီ။ နားလည်း မကြားတော့ဘူး။ ဒီတော့လာပေးသမျှ စာရွက်စာတမ်းတွေကို လက်မှတ်ထိုးပေးနေတော့တာပဲ" တဲ့။

သူရေးတာတော့ ဟုတ်တယ်။ ဒါပေမဲ့…ဆိုပြီး သတင်းတစ်ပုဒ် ပါလာပြန်တယ်။ ဟားပါးလီက ပြောတယ်တဲ့။

"ဝတ္ထုနဲ့ မတူဘဲ အဖြစ်အပျက်တွေကို စီချရေးထားသလို ဖြစ်နေတယ်။ ဒါကြောင့် ၁၉၅၇ ခုနှစ်မှာရေးပြီး မထုတ်ဘဲ ခေါက်ထားတာ ဖြစ်နိုင်တယ်" တဲ့။

ဝါရှင်တန်ပို့စ်သတင်းတစ်ခုမှာတော့-

"Watchman ဟာ စာမျက်နှာ ၁၀၀ လောက်ထိ ရယ်စရာကောင်းလောက်အောင် ညံ့တယ်။ အောင့်အည်းပြီး ကျန်တဲ့အပိုင်းကို ဆုံးအောင်ဖတ်ပါတယ်။ ပြီးတော့ စာအုပ်ကို လွှင့်ပစ်လိုက်မိတယ်" လို့ ဝေဖန်ရေးဆရာတစ်ယောက်က ပစ်ပစ်ခါခါရေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါတွေ ဒါတွေကြောင့် မပြန်ချင်တာပါကွာ။ ငါ့ဘာသာငါ 'တောင်ပံမဲ့' နဲ့ပဲ ကျေနပ်နေပါရစေလို့ ပြောတော့ Fat Cat ကျေနပ်သွားပုံ ရပါတယ်။

□

နောက်ဆုံး စက်ရပ်သတင်းကိုလည်း God Mother မရွှေဝိုင်းရဲ့ နောက်သားတစ်ယောက်ဖြစ်တဲ့ ဘုန်းမြတ်နဲ့ Fat Cat တို့ဆီကပဲ ရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက်နေ့မှာ ဟားပါးလီ ဆုံးပြီတဲ့။

ကျွန်တော့်ဆီလည်း အဲဒီ မက်ဆေ့ချ် ဝင်ပြီးသားမို့ အဲဒီအချိန်မှာ တောင်ပံမဲ့ ဒုတိယအကြိမ်အတွက် အမှာရေးဖို့ ပြင်နေပါပြီ။

ကဲ..မောင်မင်းကြီးသားလေးတွေနဲ့ သူတို့ရဲ့ ခေါင်းကိုင်အမေ ကျေနပ်ပါလေတော့။

ပရိသတ်အား ခင်မင်လေးစားစွာ
တင်မောင်မြင့်

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

ကျွန်မအစ်ကို ဂျင်မ်ဟာ ၁၃ နှစ် မပြည့်ခင်မှာ လက်ကျိုးခဲ့ပါတယ်။ တံတောင်ဆစ်ကနေ သွင်သွင်ကျိုးသွားတာပါ။ အရိုးပြန်ဆက်တော့ ဘောလုံးမကန်နိုင်မှာ တွေးပူနေတဲ့ စိုးရိမ်စိတ်တွေ အပုံကြီး လျော့သွားပါတယ်။ လက်ကျိုးတဲ့ အဖြစ်ကိုလည်း ခပ်မေ့မေ့ပျောက်ပျောက် နေနိုင်လာပါတယ်။

သူ့ဘယ်လက်မောင်းဟာ ညာဘက်ထက် မသိမသာကလေး တိုသွားသလိုပါပဲ။ နည်းနည်းလည်း ကောက်သွားပါတယ်။ ဒါကိုလည်း သူ မေ့မေ့ပျောက်ပျောက် နေနိုင်ခဲ့ပါတယ်။ ဘောလုံး ကောင်းကောင်း ပြန်ကစားနိုင်ခဲ့လို့လေ။

မေ့လောက်တဲ့အချိန်ရောက်မှ သူ လက်ကျိုးခဲ့ရတဲ့ အဖြစ်ကို တစ်ခါတလေ ကျွန်မတို့ စားမြုံ့ပြန်ဖြစ်ကြပါတယ်။ ကျွန်မကတော့ တရားခံဟာ လူယုတ်မာ အားဝဲလ်လို့ ခုထိ ယုံကြည်နေတုန်းပါပဲ။

ဒါပေမဲ့ ကျွန်မထက် လေးနှစ်ကြီးတဲ့ ဂျင်မ်က မဟုတ်ဘူးတဲ့။ တရားခံအစစ်က အဲဒီမတိုင်ခင် ဖြစ်နေတဲ့ ပတ်ဝန်းကျင်အခြေအနေတဲ့။ ဒီလ် ရောက်လာတဲ့နွေမှာ စတာတဲ့။ ဒီလ် ဆိုတာ ဘိုရက်ဒ်လေကို အပြင်ထွက်လာအောင်လုပ်ဖို့ စပြီး စိတ်ကူးရတဲ့ ကျွန်မတို့ရဲ့ သူငယ်ချင်းပါ။ သူ့အခေါ်ရှိတဲ့ ကျွန်မတို့မြို့ကလေးကို နွေရာသီတိုင်း အလည်ရောက်လာတတ်တဲ့ ဒီလ်လေ။

ကျွန်မက ဂျင်မ်ထက် ပိုပြီး ကြီးကြီးကျယ်ကျယ် ထပ်ပြောလိုက်ပါတယ်။ တရားခံအစစ်ဟာ အင်ဒရူးဒဂျက်ဆင်* လို့။ သူသာ လူရိုင်းကောင်[illegible]

---

* Andrew Jackson(1767-1845) အမေရိကန်တောင်ပိုင်း ... [illegible]

mgyoe.com

mgyoe.com SAMPLE BOOK

အတင်းလိုက်မတိုက်ရင် ကျွန်မတို့ အဘိုးရဲ့အဖေ ဆိုင်မွန်ဖင့်ချ်ဟာ အယ်လာဘားမား မြစ်ကို ဆန်တက်လာမှာ မဟုတ်ဘူးလို့။ သူသာ ဒီကို ရောက်မလာရင် ကျွန်မတို့ ဒီအချိန် ဘယ်မှာ ရှိနေမလဲ ဘယ်သိနိုင်ပါ့မလဲနော်။

ဆိုင်မွန်ဖင့်ချ်ဟာ အကောင်ပလောင်တွေဖမ်းပြီး သားမွေးထုတ်လုပ်တဲ့ အလုပ်နဲ့ အသက်မွေးပါတယ်။ သူဟာ စိန့်စတီဖင် အထက်ပိုင်း မိုင် ၄၀ လောက် အကွာမှာ နေထိုင်တယ်။ သူ့ရဲ့ သားသမီး မြေးမြစ်တွေ လက်ထက်မှာ 'ဖင့်ချ် ယာတော' လို့ အမည်တွင်တဲ့ နယ်ပယ်တစ်ခု တည်ထောင်ပြီး ဝါဂွမ်းလုပ်ငန်းနဲ့ အသက်မွေးခဲ့ပါတယ်။

၂၀ ရာစုနှစ်ထဲ ရောက်လာတော့ ကျွန်မတို့အဖေ အာတီကတ်စ်ဖင့်ချ်ဟာ မောင်ဂိုမာရီ တက္ကသိုလ်မှာတက်ပြီး ဥပဒေဘွဲ့ယူခဲ့ပါတယ်။ သူ့ညီ ဂျက်ဖင့်ချ် ကတော့ အောက်စတန် တက္ကသိုလ်က ဆရာဝန်ဘွဲ့ ရခဲ့ပါတယ်။ သူတို့မှာ နှမ တစ်ယောက်ရှိတယ်။ အယ်လက်ဇန်ဒရားတဲ့။ သူကတော့ ဖင့်ချ် ယာတောမှာပဲ ဆက်နေတယ်။ ပိုက်ကွန်နဲ့လုပ်ထားတဲ့ ဒန်းပုခက်ထဲ တစ်နေကုန်လှဲပြီး မြစ်ကမ်း နဖူးမှာ တစ်နေကုန် ဘယ်သူနဲ့မှ စကားမပြောဘဲ သုန်မှုန်နေတဲ့ လူတစ်ယောက်နဲ့ ကျွန်မတို့ရဲ့ဒေါ်လေး အယ်လက်ဇန်ဒရားဟာ လက်ထပ်ခဲ့ပါတယ်။ ဒီလူက လက်ထွန်ပစ်ထားတဲ့ ငါးစာတွေကို ငါး ဟပ် မဟပ် အဲဒီလို စောင့်ကြည့်တဲ့ အလုပ်ကလွဲပြီး ဘာမှ စိတ်မဝင်စားတဲ့ လူမျိုးလေ။

ကျွန်မအဖေ ချိန်ဘာဆင်းပြီးလို့ ရှေ့နေလိုက်ခွင့်ရတဲ့ အချိန်ကျတော့ ဖင့်ချ်ယာတော အရှေ့ဘက် မိုင် ၂၀ ဝေးတဲ့ မေကွမ်းဆိုတဲ့ မြို့ကလေးမှာ သူ့ ဘဝကို စပါတယ်။ စောစောပိုင်းမှာ ရသမျှ ပိုက်ဆံကို ညီလုပ်သူ ဆေးကျောင်းသား ဆီ မှန်မှန်ပို့ပေးရတယ်။ အန်ကယ်ဂျက် ဆရာဝန်ဖြစ်တဲ့အချိန်မှာ ဖေဖေဟာ ဥပဒေ လုပ်ငန်းနဲ့ ဝင်ငွေ တော်တော်ကောင်းနေပါပြီ။ သူဟာ မေကွမ်းကို သဘောကျ တယ်။ မေကွမ်းမှာ ပျော်နေပြီ။ မြို့သူမြို့သားတွေကို သူ သဘောကျတယ်။ သူတို့ အားလုံးကလည်း သူ့ကို နားလည်နေကြပြီ။ တစ်မြို့လုံးနဲ့ကလည်း ဟိုဘက် က လှည့်တော်လိုက်၊ ဒီဘက်က လှည့်စပ်လိုက်နဲ့ အားလုံးနီးပါး ဆွေမျိုးတွေ လိုချည်း ဖြစ်နေတာကိုး၊ ရပ်ဆွေရပ်မျိုးတွေပေါ့။

မေကွမ်းဟာ ၁၉၃၀ ပြည့်နှစ်များမှာ ကျွန်မ မှတ်မိသလောက် သိပ်ကို တိတ်ဆိတ်အေးချမ်းတဲ့ မြို့ကလေးပါ။ လူတွေရဲ့ လှုပ်ရှားမှုဟာ နှေးကွေးပါတယ်။ မြို့လယ်ပန်းခြံ ပတ်ပတ်လည်က ဆိုင်တွေမှာ လူတွေ ဝယ်ခြမ်းနေပုံကလည်း ခပ်အေးအေးပါပဲ။ တစ်နေ့မှာ ၂၄ နာရီ ရှိပေမယ့် မေကွမ်းရဲ့ ၂၄ နာရီက ပိုကြာ

mgyoe.com

သလို ထင်ရပါတယ်။ အလောတကြီး သွားလာနေတာမျိုး၊ ပျားပန်းခပ် လှုပ်ရှား နေတာမျိုး မေကွမ်းမှာ မတွေ့ရပါဘူး။ ဘယ်မှလည်း သွားစရာ မရှိကြဘူးလေ။ ဝယ်စရာ ခြမ်းစရာပစ္စည်းလည်း သိပ်မရှိဘူး။ ဝယ်စရာ ပိုက်ဆံလည်း သိပ်မရှိ ကြဘူး။

မိုးတွင်းဆိုလည်း လမ်းတွေမှာ နီကြန်ကြန်ရေအိုင်တွေ အပြည့်ပါပဲ။ လမ်းနံဘေး တစ်ဖက်တစ်ချက်မှာလည်း မြက်ပင်တွေ ရှည်လို့။ ရာသီဥတုကလည်း အဲဒီလို အချိန်မှာတောင် ပူတုန်းပါပဲ။ မြည်းအို မြည်းပိန်ကြီးတွေဟာ ပန်းခြံထဲက ဝက်သစ်ချရိပ်မှာ လှည်းထမ်းပိုး ထမ်းရက်က အမြီးတယမ်းယမ်းနဲ့ ယင်ကောင် တွေ မောင်းနေကြပါတယ်။

မနက် ကိုးနာရီလောက်ဆိုရင် ကော်သိပ်မတောင့်တော့တဲ့ အင်္ကျီတွေနဲ့ အမျိုးသားများက အပြင်ထွက်ကြ၊ အမျိုးသမီးများကတော့ မွန်းမတည့်ခင် သုံး နာရီလောက် ပြန်အိပ်ပြီး ရေမိုးချိုးကြပါတယ်။ ညနေခင်းများမှာတော့ ချွေးနံ့နဲ့ ပေါင်ဒါနံ့ ရောထွေးသင်းပျံ့နေလို့ပေါ့။

ကျွန်မတို့အိမ်က မြို့လယ်လမ်းမကြီးပေါ်မှာပါ။ ကျွန်မရယ်၊ ဖေဖေ အာတီကတ်စ်ရယ်၊ ကျွန်မရဲ့အစ်ကို ဂျင်မ်ရယ်၊ ပြီးတော့ ထမင်းချက် အမျိုးသမီးကြီး ကားလ်ပါးနီးယားရယ် အတူနေကြပါတယ်။ ကျွန်မတို့အိမ်မှာ ကားလ်ပါးနီးယား အလုပ်လုပ်တာ ကြာလှပါပြီ။ ကျွန်မ မှတ်မိတဲ့အရွယ်ကတည်းက သူ အိမ်မှာ ရှိနေခဲ့တာပါ။ အဖေက ကျွန်မတို့ မောင်နှမကို သိပ်ချစ်ပါတယ်။ ကျွန်မတို့နဲ့ အတူတူ ကစားတယ်။ ပြီးတော့ ပုံပြင်တွေ၊ ဝတ္ထုတွေ ဖတ်ပြတယ်။ ပြီးတော့ ဖခင်မေတ္တာအပြည့်နဲ့ ကျွန်မတို့ကို ပြုစုပါတယ်။

ကားလ်ပါးနီးယားကတော့ တစ်မျိုး၊ သဘောကောင်းသလို ခေါင်းမာတဲ့ အခါလည်း မာတယ်။ သူ့မျက်စိက နည်းနည်းစွေပြီး အဝေးမှုန် မျက်စိမျိုးပါ။ လက်ဝါးကြီးတွေက မာတင်းနေတာပဲ။ ဒါလောက်ကြီးတဲ့ လက်ဝါးမျိုး ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး။ ကျွန်မကို မီးဖိုချောင်ထဲက အမြဲတမ်း မောင်းထုတ်တတ် ပါတယ်။ ဘာကြောင့် ဂျင်မ်လို မနေတတ်တာလဲ ဆိုပြီးတော့လည်း ခဏခဏ ပူညံပူညံ လုပ်တတ်ပါသေးတယ်။ အပြင်ထွက်မယ် မကြံရသေးဘူး နောက်က တကြော်ကြော် အော်ခေါ်တော့တာပဲ။

သူနဲ့ ရန်ဖြစ်တိုင်း ကျွန်မ အရှုံးဘက်ကချည်းပဲ။ ဖေဖေက သူ့ဘက်မှာ အမြဲ ရှိနေတာကိုး။ ဂျင်မ် မွေးကတည်းက ကျွန်မတို့အိမ်ကို ကားလ်ပါးနီးယား ရောက်လာတာတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ နှစ်နှစ်သမီး အရွယ်မှာ မေမေ ဆုံးသွားပါတယ်။ လုံးဝ မမှတ်မိတော့ သိပ်ပြီး တမ်းတမ်းတတ မဖြစ်ပါဘူး။ မေမေက မောင်ဂိုမာရီမြို့သူ၊ ဂရေဟာမ်မျိုးရိုးထဲကပါ။ ဖေဖေ ခရိုင်တရားသူကြီး အဖွဲ့ဝင်ဖြစ်တဲ့နှစ်မှာ မေမေနဲ့ တွေ့တာတဲ့။ ဖေဖေက လူလတ်ပိုင်းအရွယ်၊ မေမေက သူ့ထက် ၁၅ နှစ် ငယ်တယ်လို့ ဆိုပါတယ်။

ဖေဖေနဲ့ မေမေ လက်ထပ်ပြီး ပထမနှစ်မှာပဲ ဂျင်မ်ကို မွေးခဲ့တာပါ။ နောက် လေးနှစ်ကြာမှ ကျွန်မကို မွေးပါတယ်။ ကျွန်မကိုမွေးပြီးလို့ နှစ်နှစ်ကြာတော့ မေမေ ဆုံးသွားပါတယ်။ နှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားခဲ့တာပါ။ မေမေတို့မှာ နှလုံးရောဂါ မျိုးဆက်ရှိတယ်လို့ ပြောကြပါတယ်။

ကျွန်မအနေနဲ့ မေမေ့ကို အောက်အောက်မေ့မေ့ မရှိလှပေမယ့် ဂျင်မ်ကတော့ သတိတရ လွမ်းတတ်ပါတယ်။ သူက ကောင်းကောင်း မှတ်မိလိုက်တာကိုး။ တစ်ခါတလေ ကစားနေရင်း ဗြုန်းစားကြီး ရပ်သွားပြီး သက်ပြင်းချတတ်ပါတယ်။ ပြီးတော့ ကားရုံနောက်ဘက်မှာ တစ်ယောက်တည်း သွားနေတတ်တယ်လေ။ အဲဒီလို အခါမျိုးမှာ သူ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်မိဖို့ သတိထားရမယ်ဆိုတာ ကျွန်မ နားလည်နေပါပြီ။

ကျွန်မ ခြောက်နှစ်ပြည့်ခါနီးတော့ ဂျင်မ်လည်း ၁၀ နှစ်ထဲ ဝင်လာပြီပေါ့။ နွေရာသီ ကျောင်းပိတ်ရက်ရောက်လို့ ကျွန်မတို့ အဝေးဆုံး သွားနိုင်တဲ့ နေရာကတော့ ကားလ်ပါးနီးယား လှမ်းခေါ်ရင် ကြားလောက်တဲ့ ကျွန်မတို့အိမ် မြောက်ဘက်နှစ်အိမ်ကျော်က မစ္စက်ဟင်နရီဒူဘိုစ်ရဲ့အိမ်နဲ့ တောင်ဘက် သုံးခြံကျော်က ရက်ဒ်လေ မိသားစုအိမ်ကြီးအထိပါပဲ။

ဒီ့ထက် ပိုဝေးဝေးသွားဖို့လည်း ကျွန်မတို့ မောင်နှမ တစ်ခါမှ စိတ်ကူးမရကြပါဘူး။ ရက်ဒ်လေ အိမ်ကြီးကတော့ စိတ်ဝင်စားစရာ၊ သိချင်စရာတွေအပြင် ကျွန်မတို့အတွက် စပ်စုချင်စရာတွေ အပြည့်ပါပဲ။ မစ္စက်ဒူဘိုစ်ရဲ့ အိမ်ကတော့ ဘာမှ စိတ်ဝင်စားဖို့ မကောင်းပါဘူး။

ကျွန်မတို့ဆီကို ဒီလ် ရောက်လာတဲ့ နွေရာသီ ကျောင်းပိတ်ရက်တစ်ရက်မှာပေါ့။

မနက်စောစော အိမ်နောက်ဖေးမှာ ကျွန်မနဲ့ ဂျင်မ် ကစားဖို့ ပြင်ဆင်နေတုန်း ဟိုဘက်ခြံက မစ္စရေချယ်ဟာဗာဖိုဒ်ရဲ့ မုန်လာခင်းထဲမှာ လှုပ်လှုပ်ရှားရှား အသံတစ်မျိုးထွက်နေတယ်။ မစ္စရေချယ်ရဲ့ တယ်ရီယာ ခွေးကလေးများလားဆိုပြီး ကျွန်မတို့ ခြံစည်းရိုးဆီကို သွားကြည့်ကြတာပေါ့။ ခွေးကလေး မဟုတ်ဘဲ ကောင်လေးတစ်

mgyoe.com

mgyoe.com  SAMPLE BOOK 

ယောက် ကျွန်မတို့ကို ထိုင်ကြည့်နေတာ တွေ့ရတယ်။ သူဟာ မုန်လာပင်တွေကြားထဲမှာ မြုပ်နေသလိုပါပဲ။ ကျွန်မတို့ သူ့ကို စိုက်ကြည့်နေတုန်းမှာ သူက စပြီး နှုတ်ဆက်ပါတယ်။

"ဟဲလို"

"ဟဲလို"

ဂျင်မ်ကလည်း ခပ်ရှင်ရှင် တုံ့ပြန်လိုက်ပါတယ်။

"ငါ့နာမည် ချားလ်ဘောကာဟဲရစ်၊ ငါ စာဖတ်တတ်တယ်" လို့ ပြောတော့ ကျွန်မက–

"အဲဒါ ဘာဖြစ်လဲ" လို့ ပြန်မေးလိုက်ပါတယ်။

"ဘာမှ မဖြစ်ပါဘူး၊ ငါ စာဖတ်တတ်မှန်း နင်တို့ သိချင်မလားလို့၊ နင်တို့ ဖတ်ပြဆိုရင် ငါ ဖတ်ပြမယ်လေ၊ ဘာစာအုပ်ရှိလဲ"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ လေးနှစ်ခွဲလား" လို့ ဂျင်မ်က မေးတော့–

"ငါ ခုနစ်နှစ်ထဲ ရောက်နေပြီ"

"ခုနစ်နှစ်ရောက်လို့ စာဖတ်တတ်တာ အဆန်းလားကွ၊ ငါ့ညီမ စကောက်ဆိုရင် မွေးကတည်းက ဖတ်တတ်လာတာ၊ ခု သူ ကျောင်းတောင် မနေရသေးဘူး၊ မင်း ခုနစ်နှစ်လည်း ဆိုသေးရဲ့ ရှောမွေးကလေးလိုပဲ"

"ငါက လူကောင်သေးပေမယ့် အသက်က မသေးဘူး၊ သိလား"

ဂျင်မ်က ဆံပင်ကို နောက်သပ်တင်လိုက်ပြီး–

"တို့ဘက်ခြံထဲ ကူးခဲ့ပါလားကွ ချားလ်ဘောကာဟဲရစ်၊ ရှည်လျားလိုက်တဲ့ နာမည်ကွာ၊ ဘယ်လိုကြီးမှန်းလည်း မသိဘူး"

"မင်းနာမည်လောက် ရယ်စရာ မကောင်းပါဘူး၊ အန်တီရေချယ်က ပြောတယ်၊ မင်းနာမည် ဂျယ်ရမီအာတီကတ်စ်ဖင့်ချ်ဆို"

ဂျင်မ်က ကြက်ခေါင်းဆိတ်မခံ ပြန်ပက်တယ်။

"ငါ့နာမည်က ငါ့အရပ်နဲ့ လိုက်တယ်၊ မင်း နာမည်က မင်းအရပ်ထက် တစ်ပေလောက် ပိုရှည်နေတယ်"

"အိမ်သားတွေက ငါ့ကို 'ဒီလ်' လို့ပဲ ခေါ်ကြတယ်''"

သူက ခြံစည်းရိုးအောက်က ငုံ့ဝင်ရင်း ပြန်ပြောနေတယ်။

"နင် ငုံ့ဝင်မယ့်အစား ကျော်ထွက်လာရင် ပိုကောင်းမှာ၊ နင် ဘယ်က လာတာလဲ"

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်မ မေးခွန်းကို သူ ဖြေပါတယ်။ သူက မစ္စစ္စပီပြည်နယ် မာရီဒီယံကတဲ့။ သူ့အဒေါ် မစ္စရေချယ်ဆီကို လာလည်တာတဲ့။ နောင်လည်း နွေရာသီကျောင်းပိတ်ရက်တိုင်း မေကွမ်းမှာ လာနေမယ်လို့ ဆိုပါတယ်။ သူတို့ဟာ မေကွမ်းမှာ နေသွားဖူးတယ်။ သူ့အမေက မာရီဒီယံမှာ ဓာတ်ပုံဆရာမ လုပ်နေတယ်။ သူငယ်ငယ်ကပုံကို ကလေးအလှ ဓာတ်ပုံပြိုင်ပွဲဝင်တုန်းက ဆုငွေ ငါးဒေါ်လာ ရခဲ့ဖူးတယ် ဆိုတာတွေလည်း ပြောပြတယ်။ အဲဒီငွေကို သူ့အမေက အားလုံးပေးလို့ ရုပ်ရှင်ကားပေါင်း ၂၀ ကျော် သူ ကြည့်ခဲ့ရတယ် ဆိုတာလည်း ပါရဲ့။

''ငါတို့ဆီမှာတော့ ရုပ်ရှင်ရုံ မရှိဘူးကွ၊ တရားရုံးမှာ တစ်ခါတလေ ခရစ်တော်သမိုင်းကားတွေ ပြတယ်။ မင်း ကြည့်ရတဲ့ အထဲမှာ ကားကောင်းတွေ ပါမှာပေါ့နော်'' လို့ ဂျင်မ်က စပ်စုတော့ သူ 'ဒရက်ကူလာ' ကြည့်ဖူးတယ်''လို့ ဒီလ်က ပြန်ပြောတယ်။ ဂျင်မ်က ဒီလ်ကို အရမ်း အထင်ကြီးသွားပုံမျိုးနဲ့ ပြောတယ်။

''ငါတို့ကို ပြန်ပြောပြပါလားကွာ''

ဒီလ်ကိုကြည့်ရတာ တစ်မျိုးပဲ။ အပြာရောင် ချည်ဘောင်းဘီတိုနဲ့ ရှပ်အင်္ကျီကို ကြယ်သီးတွေ တပ်ထားတယ်။ ငွေရောင်ဆံပင်တွေက သူ့ခေါင်းပေါ်မှာ ငန်းမွေးတွေ ကပ်ထားသလိုပဲ။ သူက ကျွန်မထက် တစ်နှစ်ကြီးပေမယ့် ကျွန်မကို သူ မော်ကြည့်ရတယ်။ ဓာတ်လမ်းကို ပြောပြနေတုန်းမှာ သူ့မျက်လုံးပြာတွေက ဖျော့သွားလိုက်၊ ရင့်လာလိုက်နဲ့ သူ့ရယ်ပုံက ပျော်စရာ ကောင်းသလိုပဲ။ ပြောနေရင်း ထိပ်တည့်တည့်က ထောင်နေတဲ့ ဆံပင်ကိုလည်း ခဏ ခဏ ဆွဲနေသေးရဲ့။ အကျင့်ပါနေပုံပါပဲ။

ဒရက်ကူလာဖုန်မှုန့်တွေဖြစ်ပြီး ဓာတ်သိမ်းသွားတဲ့အခန်း ရောက်တော့ ဂျင်မ်က နားထောင်ရတာ စာအုပ်ဖတ်ရတာထက် ပိုအရသာရှိကြောင်း ပြောပါတယ်။

ကျွန်မက သူ့အဖေအကြောင်း မေးတော့-

''ငါ့မှာ အဖေ မရှိဘူး'' တဲ့။

''သေသွားတာလား ဟင်''

''မဟုတ်…မဟုတ်ဘူး''

''မသေဘူး ဆိုရင် နင့်မှာ အဖေရှိရမှာပေါ့၊ မဟုတ်ဘူးလား''

ဒီလ် မျက်နှာပျက်သွားတယ်။ ဂျင်မ်က ကျွန်မကို ဆက်မမေးဖို့ အမူအရာနဲ့ ဟန့်တော့ ဒီလ်ကို သူ ခင်သွားပြီဆိုတဲ့ သဘောလို့ ကျွန်မ ထင်လိုက်တယ်။ အဲဒီနောက်ပိုင်းမှာ နွေရာသီဟာ နှစ်တိုင်းလိုပဲ ကျေနပ်စရာကောင်းလောက်တဲ့ ပျော်ရွှင်မှုမျိုးနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။

mgyoe.com

m g y

SAMPLE BOOK


ကျေနပ်စရာကောင်းတဲ့ ပျော်ရွှင်မှုမျိုးဆိုတာ အိမ်နောက်ဖေးဘက်က ရောမ အထင်ကရ ခုံညင်းပင်ကြီး နှစ်ပင်ကြားက ကျွန်မတို့ရဲ့ လင့်စင်အိမ်ကလေးကို ပိုကောင်းအောင် ပြုပြင်မွမ်းမံတာတို့၊ ကတမ်း ခုန်တမ်း ကစားတာတို့ပေါ့။ ဒီလ်ရဲ့ ကျေးဇူးကြောင့် ကျွန်မတို့ ပြဇာတ်တွေလည်း ကဖြစ်ကြတယ်။ 'တာဇံ' ကတော့ သူ မျောက်လုပ်ပါတယ်။ တွမ်ဆွစ်ဖ်မှာ မစ္စတာဒါယွန် နေရာက သရုပ်ဆောင်ပြီးတော့ ရိုဗာဘွိုင်းစ်မှာ မစ္စတာခရက်ဘ်တီ လုပ်ပါတယ်။ ဒီလ်ဟာ ထူးထူးဆန်းဆန်းတွေ၊ အကြံအဖန်တွေလည်း လုပ်တတ်တယ်။ မှော်ဆရာလို အခန်းကို သူ ကြိုက်တယ်ဆိုတာ ကျွန်မတို့ တဖြည်းဖြည်း သိလာတယ်။

ဒါပေမဲ့ ဩဂုတ်လကုန်လောက်မှာ ကျွန်မတို့ရဲ့ ဇာတ်ဆရာ ပုံပြောင်းလာတော့တာပါပဲ။ ပြဇာတ်တွေ ကဇာက်တွေကို သူ လုံးဝ စိတ်မပါတော့ဘူး။ အဲဒီအချိန်မှာ ဘိုရက်ဒ်လေ အိမ့်ပြင်ထွက်လာအောင် လုပ်ဖို့ သူ အကြံပေးတာလေ။

ရက်ဒ်လေအိမ်ကြီးကို ဒီလ်တစ်ယောက် လွတ်စိတ်ဝင်စားနေပါတယ်။ ကျွန်မတို့ သတိပေးတာ၊ ရှင်းပြတာကို နားမထောင်ဘဲ လက ပင်လယ်ရေကို ဆွဲငင်နေသလို အိမ်ကြီးက သူ့ကို ဆွဲဆောင်နေပုံပါပဲ။

ဒါပေမဲ့ ခြံထောင့် ဓာတ်တိုင်အထိလောက်ပဲ သူ သွားရဲပါတယ်။ ရောမ ဓာတ်မီးတိုင်လုံးကြီးကို ဖက်ပြီး အိမ်ကြီးဆီကို သူ ငေးကြည့်နေတတ်ပါတယ်။ အတွေးတွေ အမျိုးမျိုးနဲ့ နေမှာပေါ့။

ရက်ဒ်လေအိမ်ကြီးဟာ ကျွန်မတို့အိမ်တောင်ဘက် လျှောက်သွားပြီး တစ်ဆစ်ချိုး ကွေ့လိုက်ရင် ဘွားခနဲ တွေ့ရတဲ့ အိမ်ကြီးပါ။ ဆင်ဝင်ကို အရင် မြင်ရပါတယ်။ လူသွားလမ်းကလေးက ခြံစည်းရိုးနဲ့ယှဉ်ပြီး အိမ်ဆင်ဝင်အောက်ကို ဝင်သွားပါတယ်။ ဆင်ဝင်မြင့်မြင့်၊ အမိုးနိမ့်နိမ့် အိမ်ကြီးပါ။ အစိမ်းရောင် တရုတ်ကတ်တွေဟာ အိမ်ကြီးနဲ့အတူ မွဲခြောက်ခြောက် ဖြစ်နေပါပြီ။ အရောင်လွင့်နေပါပြီ။ ဝရန်တာ ပန်းဆွဲမှာလည်း ရေညှိတွေ တက်နေပါပြီ။ ဝက်သစ်ချပင်ကြီးတွေကြောင့် အရိပ်တော့ ရပါရဲ့။ ခြံစည်းရိုး မယိုင်အောင် အတွင်းဘက်က ကျားကန်ထားတဲ့ ဒေါက်တိုင်တွေဟာလည်း အိမ်ရှေ့မျက်နှာစာမှာ ဆွေးမြည့်ယိုင်နဲ့နေပါပြီ။ ဘယ်တော့မှ တံမြက်စည်း မလှည်းတော့ ခြံထဲမှာ အမှိုက်သရိုက်တွေ၊ ပေါင်းမြက်တွေနဲ့ တောထ ရှုပ်ပွေနေတာပါပဲ။

ဒီအိမ်ကြီးထဲမှာ တစ္ဆေတစ်ကောင် ရှိနေတယ်လို့ ပြောကြပါတယ်။ လူတွေ အဲဒီလို ပြောပေမယ့် ကျွန်မရော ဂျင်မ်ပါ တစ်ခါမှ မမြင်ရပါဘူး။ သူက

mgyoe.com

mgyoe.com  SAMPLE BOOK 

လမိုက်ရက်မှာမှ အပြင်ထွက်ပြီး အိမ်တွေရဲ့ ပြတင်းပေါက်တွေကနေ အထဲကို ချောင်းကြည့်တတ်တယ်လို့လည်း ပြောသံကြားဖူးပါတယ်။

ပန်းခြံထဲက ပန်းချုံတွေကို နှင်းတွေ ဖုံးသွားတာဟာ အဲဒီအပင်တွေပေါ်ကို သူ့ အသက်ရှူချလိုက်လို့တဲ့။ မြို့ထဲမှာ ခိုးမှု အသေးစားကလေးတွေ ဖြစ်ရင်လည်း သူ့လက်ချက်ပဲတဲ့။

တစ်ခါတုန်းက ကျွန်မတို့ မြို့ကလေးမှာ ကျီးလန့်စာစားဖြစ်တဲ့ အခါမျိုးနဲ့ ကြုံခဲ့ရဖူးပါတယ်။ ည မှောင်ပြီဆိုတာနဲ့ အထိတ်တလန့် မဖြစ်တဲ့နေ့ မရှိပါဘူး။

အိမ်တွေမှာ ကြက်တွေ၊ ခွေးတို့ ကြောင်တို့လို အိမ်မွေးတိရစ္ဆာန်ကလေးတွေ ညတိုင်းလိုလို လည်လှီးဖြတ်တောက် အသတ်ခံကြရလို့ပါပဲ။ တရားခံအစစ်က သူ့ကိုယ်သူ ရေထဲ ခုန်ချပြီး သတ်သေသွားတဲ့ အရူးအယ်ဒီပါ။ ဒါပေမဲ့ လူတွေက အဖြစ်မှန်ကို လက်မခံချင်ကြပါဘူး။ မူလ သံသယရှိရင်းစွဲဖြစ်တဲ့ ရက်ဒ်လေ အိမ်ကြီးကိုသာ ပိုပြီး အာရုံစိုက်လာကြပါတယ်။

လူမည်းတစ်ယောက်ဟာ ရက်ဒ်လေ အိမ်ကြီးရှေ့ကို ညပိုင်းမှာ ဖြတ်မလျှောက်ရဲပါဘူး။ အဲဒီအိမ်ရှေ့ ရောက်တာနဲ့ လမ်းတစ်ဖက်ကိုကူးပြီး ဆက်လျှောက်ရင်း လေချွန်သွားရပါတယ်။

ပြီးတော့ မေကွမ်းကျောင်းနဲ့ ရက်ဒ်လေ အိမ်ကြီးရဲ့ အနောက်ဘက်ဟာ ခြံစည်းရိုး တစ်ခုပဲ ခြားတယ်။ အိမ်ကြီးထဲက သစ်ကြားသီးတွေ ကျောင်းဝင်းထဲ ကြွေကျရင် စားဖို့ ဝေးလို့ ဘယ်သူမှ သွားမကောက်ရဲပါဘူး။ စားမိတာနဲ့ ပွဲချင်းပြီးပဲလို့ ကလေးတိုင်း နားလည်ထားကြတယ်လေ။ ဘောလုံးကန်နေရင်း အဲဒီခြံကြီးထဲ ဘောလုံးကျသွားရင် ပြန်လမ်း မရှိပါဘူး။ ဘယ်သူမှ သွားမကောက်ရဲလို့ပါ။

ဒီအိမ်ကြီးရဲ့ လျှို့ဝှက်သည်းဖို ဇာတ်လမ်းတွေဟာ ဂျင်မ်နဲ့ ကျွန်မ မမွေးခင်ကတည်းက ရှိခဲ့တာပါ။ ရက်ဒ်လေ မိသားစုဟာ မြို့ထဲမှာ အားလုံးနဲ့အဆင်ပြေပါတယ်။ ဒါပေမဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်း မသွားတဲ့ ကိစ္စကိုတော့ မေကွမ်းက ခွင့်မလွှတ်ပါဘူး။ တစ်ခုတည်းသော မြို့ရဲ့ စုဝေးရာ၊ အပန်းဖြေရာ နေရာကို မသွားဘဲ ရက်ဒ်လေမိသားစုက အိမ်မှာတင် ဘုရားသခင် ဝတ်ပြုဆုတောင်းတယ်တဲ့လေ။

မစ္စက်ရက်ဒ်လေဟာ တစ်ခါတစ်ရံလောက်ပဲ အိမ်နီးချင်းများနဲ့ ကော်ဖီဆိုင်ထိုင်တတ်ပြီး ခရစ်ယာန်ဘုရားရှိခိုးကျောင်းနဲ့၊ ဘာသာရေးအသိုက်အဝန်းနဲ့တော့ ဘယ်တော့မှ မရောပါဘူး။ မစ္စတာရက်ဒ်လေကတော့ မြို့ထဲကို မနက် ၁၁ နာရီခွဲမှာ ထွက်ပြီး ၁၂ နာရီတိတိမှာ အိမ်အရောက် ပြန်လာတတ်ပါတယ်။ တစ်ခါ

mgyoe.com

mgyoe.com

SAMPLE BOOK

တစ်ရံ စက္ကူအိတ်ကြီးပိုက်ပြန်လာရင် ဒါဟာ မိသားစုအတွက် ဈေးဝယ်ပြန်လာတာ ပဲလို့ အိမ်နီးချင်းတွေ နားလည်ကြရတယ်ပေါ့။

မစ္စတာရက်ဒ်လေဆိုတဲ့ အဘိုးကြီးအကြောင်းနဲ့ အိမ်စရိတ်ကို ဘယ်က ဝင်ငွေနဲ့ သုံးနေသလဲဆိုတာရယ်ကို ကျွန်မ မသိပါဘူး။ ဂျင်မ်ကတော့ သူ ဝါဂွမ်း ဝယ်တယ်လို့ ပြောဖူးတယ်။ ဒါဟာ ဘာမှ အလုပ်မလုပ်ဘူးဆိုတာကို ယဉ်ယဉ် ကျေးကျေးပြောတဲ့ မေကွမ်း စကားလုံးပါ။ ဒါပေမဲ့ ဒီအဘိုးကြီးနဲ့ အဘွားကြီးဟာ သားနှစ်ယောက်နဲ့ ဒီလိုပဲ နေလာတာက ကမ္ဘာချီပြီး ကြာခဲ့ပြီတဲ့။

တနင်္ဂနွေနေ့တိုင်း သူတို့အိမ်ကြီးရဲ့ ရှိသမျှ တံခါးတွေ၊ တရုတ်ကတ်တွေ အားလုံး ပိတ်ထားပါတယ်။ ကျွန်မတို့မြို့ရဲ့ ထုံးတမ်းစဉ်လာနဲ့ ဖီလာဆန့်ကျင်ဖြစ် နေတဲ့ နောက်တစ်ချက်ဆိုပါတော့။ တံခါးတွေ ပိတ်ထားတယ်ဆိုတာ ကျွန်မတို့ ဆီမှာ အိမ်သားတစ်ယောက် ဖျားနာနေတဲ့အခါမျိုးနဲ့ ရာသီဥတုဆိုးရွားတဲ့အခါမျိုး လောက်မှသာ ပိတ်လေ့ရှိတာကိုး။

တနင်္ဂနွေနေ့ဆိုတာ နေ့လယ်နေ့ခင်း အလည်အပတ်ထွက်တဲ့နေ့ပါ။ အမျိုး သမီးတွေက ဝတ်ကောင်းစားလှဝတ်ပြီး အမျိုးသားတွေက ကုတ်အင်္ကျီနဲ့၊ ကလေး တွေက ဘွတ်နဲ့ ရှတ်နဲ့ပေါ့။ ဒါပေမဲ့ မစ္စတာရက်ဒ်လေအိမ်ကို အိမ်နီးနားချင်းတွေ အလည်လာတာ တစ်ခါမှ မတွေ့ဖူးပါဘူး။ တရင်းတနှီးနေတာလည်း မတွေ့ရပါ ဘူး။ ရက်ဒ်လေအိမ်ကြီးမှာ ခန်းဆီးတွေ၊ လိုက်ကာတွေ မတွေ့ရလို့ အဲဒီအကြောင်း အဖေ့ကို ကျွန်မ မေးကြည့်ပါတယ်။ သူ မှတ်မိသလောက်တော့ မရှိဘူးတဲ့။ သူ မမွေးခင်ကတော့ ရှိချင် ရှိမှာပါလို့ ပြောတယ်။

ဒီအိမ်ကြီးအကြောင်း အိမ်နီးနားချင်းတွေပြောကြတဲ့ ဒဏ္ဍာရီအတိုင်းဆို ရင်တော့ ရက်ဒ်လေ အငယ်ကောင် လူပျိုပေါက်အရွယ်မှာ ဆာရမ်ရွာဟောင်းက ကန်နီဂမ်တွေနဲ့ အပေါင်းအသင်းဖြစ်တယ်တဲ့။ ကန်နီဂမ်ဆိုတာ ကျွန်မတို့ပြည်နယ် မြောက်ပိုင်းမှာနေတဲ့ မေကွမ်းမြောက်ပိုင်းသား လူဆင်းရဲတွေပေါ့။ လူဦးရေ မနည်း ဘူး။ သူတို့ဟာ လေ့နံ့စားထစ် တစ်ယူသန်တွေတဲ့။

ကျွန်မတို့ မြို့ကလေးမှာ သူတို့လူစုက နည်းနည်းလေးပါ။ သူတို့ဘာသာ သူတို့ နေတတ်ကြပါတယ်။ ဘာမှ လှုပ်လှုပ်ရှားရှား သိပ်မရှိပါဘူး။ ဒါပေမဲ့ မြို့ခံ လူတွေက သူတို့ တစ်ခုခုဖြစ်ရင် ပုံကြီးချဲ့တတ်ကြတယ်။ ဒီတော့ သူတို့ကလည်း သူတို့အုပ်စုကလေးနဲ့ပဲ နေတယ်။ မြို့ခံတွေနဲ့ သိပ်မရောဘူး။ အဲဒီတော့ သူတို့ဟာ အပယ်ခံတွေလို၊ ဇာတ်နိမ့်တွေလို ဖြစ်လာတာပေါ့။

မြို့ခံတွေက သူတို့ကို သတိနဲ့နေဖို့ အချင်းချင်း လက်တို့သတိပေးကြ

mgyoe.com

တယ်။ ဆံပင်ညှပ်ဆိုင်တွေနားမှာ သူတို့ စုဝေးတတ်တဲ့အကြောင်း၊ တနင်္ဂနွေနေ့တွေမှာ သူတို့ ဘယ်သွားတယ်၊ ဘာလုပ်တယ်၊ ဘယ်ကစားဝိုင်းတွေမှာ ကျက်စားတယ်၊ ဘယ်ကဇာတ်ရုံကိုသွားတယ်... ဘာညာ ဘာညာပေါ့။ သူတို့ဟာ အရက်လည်း သောက်တတ်ကြတယ်တဲ့။ ဒီ ကန်နီဂမ် ချာတိတ်တစ်သိုက်နဲ့ သူ့သား အဖွဲ့ကျနေတဲ့အကြောင်း မစ္စတာရက်ဒ်လေကို ဘယ်သူမှ မပြောကြဘူးတဲ့။

တစ်ညမှာတော့ သူတို့လူသိုက်ဟာ မူးလာကြပြီး ငှားစီးလာတဲ့ ကားစုတ်ကြီးနဲ့ ပန်းခြံတစ်ဝိုက်မှာ ကဲနေကြလို့ မစ္စတာကွန်းနားက တားတော့ သူ့ကိုဖမ်းပြီး ကောင်လေးတွေက တရားရုံးအိမ်သာထဲမှာ သော့ခတ်ထားလိုက်ကြတယ်တဲ့။ မစ္စတာကွန်းနားဆိုတာ မြို့နယ်အုပ်ချုပ်ရေးပိုင်းက လူကြီးလေ။ မစ္စတာကွန်းနားက သူတို့ကို မှတ်မိတော့ အားလုံးအဖမ်းခံကြရတာပေါ့။ တရားရုံးရောက်တော့ အကျင့်စရိုက် ပျက်ပြားမှု၊ ဝတ္တရားနှောင့်ယှက်မှု၊ ရပ်ရွာအေးချမ်းသာယာရေး ထိပါးစေမှု၊ အမျိုးသမီးတစ်ယောက်အတွက် မကြားဝံ့ မနာသာ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ဆဲရေးတိုင်းထွာမှုတွေနဲ့ မစ္စတာကွန်းနားက အမှုဖွင့်ပါတယ်။

ဘာကြောင့် စွဲချက်ထဲမှာ နောက်ဆုံးအမှုကို ထည့်သလဲလို့ တရားသူကြီးက မစ္စတာကွန်းနားကို မေးတော့ သူတို့ အသံကျယ်ကျယ်အော်ပြီး ဆဲရေးတိုင်းထွာနေတာကို တစ်မြို့လုံးက အမျိုးသမီးတွေ ကြားနိုင်လောက်တဲ့အတွက် ထည့်သွင်းတိုင်တန်းရကြောင်း မစ္စတာကွန်းနားက ရှင်းပြပါတယ်။

တရားသူကြီးက သူတို့ကို ပြည်နယ်ပြုပြင်ရေး စက်မှုလက်မှုကျောင်းကို ပို့လိုက်ပါတယ်။ ဒီကျောင်းက အကျဉ်းထောင် မဟုတ်ပါဘူး။ ကောင်းကောင်းကျွေး၊ ကောင်းကောင်းထားပြီး ပညာသင်ပေးတဲ့ ကျောင်းမျိုးပါ။ ဒီကျောင်းကို အပို့ခံရရင် သိက္ခာကျစရာလို့ မထင်ကြပါဘူး။ ဒါပေမဲ့ မစ္စတာရက်ဒ်လေကတော့ ထင်တယ်။ သူ့သား နောက် ဒါမျိုးမလုပ်စေရဘူးလို့ ခံဝန်ချုပ်လုပ်ပြီး ကျောင်းက ထုတ်ပေးဖို့ တရားသူကြီးကို မေတ္တာရပ်ခံတယ်။ သူဟာ အမြဲတမ်း ကတိတည်တဲ့လူမို့ တရားသူကြီးက သဘောတူလိုက်ပါတယ်။ အခြား ကောင်လေးတွေက စက်မှုလက်မှုကျောင်းမှာ အေးအေးဆေးဆေး ဆက်တက်ကြတော့ အတတ်ပညာကို ကောင်းကောင်းရကြတာပေါ့။ သူတို့အထဲက တစ်ယောက်ဆိုရင် အင်ဂျင်နီယာကျောင်းတောင် ဆက်တက်ခွင့်ရသွားတယ်။

မစ္စတာရက်ဒ်လေရဲ့ အိမ်ကြီးမှာတော့ တစ်ချိန်လုံး တံခါးတွေ ပိတ်ထား

mgyoe.com

m.gyoe.com SAMPLE BOOK

ပြီး သူ့သားကလေးကိုလည်း အဲဒီကစပြီး ၁၅ နှစ်လုံးလုံး ဘယ်သူမှ မတွေ့ကြရတော့ပါဘူး။

ဒါပေမဲ့ ဘိုရက်ဒ်လေကို လူတော်တော်များများ မြင်လိုက်ကြရတဲ့ နေ့တစ်နေ့တော့ ရှိခဲ့ပါတယ်။ ဂျင်မ်က သူ ရေးရေးမှတ်မိတယ်လို့ ကျွန်မကို ပြန်ပြောလို့ သိရတာပါ။ သူကိုယ်တိုင်တော့ မြင်ရတာ မဟုတ်ပါဘူး။

ဖေဖေက အဲဒီအကြောင်း ဘယ်တော့မှ မပြောဘူး။ ရက်ဒ်လေ မိသားစုအကြောင်း ဂျင်မ်က မေးရင် ကိုယ့်အလုပ် ကိုယ်လုပ်၊ သူတို့ကိစ္စ သူတို့ လုပ်လိမ့်မယ်၊ သူတို့ဘ၀ သူတို့ကြိုက်သလို ဖန်တီးခွင့်ရှိတယ်လို့ပဲ တိုတိုတုတ်တုတ်ပြောတတ်ပါတယ်။

ဒီအကြောင်းတွေ ဂျင်မ် ကြားရတာက ကျွန်မတို့ အိမ်နီးနားချင်းတစ်ယောက်ဖြစ်တဲ့ မစ္စ စတက်ဖနီခရောဖို့ဒ်ဆီကပါ။ မစ္စ စတက်ဖနီက သတင်းစုံစုဆောင်းဖြန့်ချိတဲ့ အလုပ်ကိုလုပ်ပါတယ်။ သူ့ဆီက ကြားရတဲ့အတိုင်း ပြန်ပြောရမယ်ဆိုရင် တစ်နေ့ ဘိုရက်ဒ်လေဟာ ဧည့်ခန်းထဲမှာထိုင်ပြီး 'မေကွမ်းနေ့စဉ်' သတင်းစာက သူ ကြိုက်တဲ့အပိုင်းတွေကို ဖြတ်တောက်ပြီး မှတ်စုစာအုပ်မှာ ကပ်နေတယ်။ သူ့အဖေ မစ္စတာရက်ဒလေ ဧည့်ခန်းထဲ ဖြတ်လျှောက်လာတော့ အဖေကြီးရဲ့ ခြေထောက်ကို ကတ်ကြေးနဲ့ လှမ်းထိုးပါလေရော။ ပြီးတော့ သွေးတွေကို သူ့ဘောင်းဘီနဲ့ ပြန်သုတ်ပြီး သူ့အလုပ်ကို သူ ဆက်လုပ်နေသတဲ့။

အဲဒီမှာ မစ္စက်ရက်ဒ်လေက ဘိုလို့ခေါ်တဲ့ သူ့သား အာသာရက်ဒ်လေဟာ တစ်အိမ်သားလုံးကို လိုက်သတ်နေပါတယ်လို့ အော်ပြီး လမ်းပေါ်ပြေးထွက်လာတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ရဲမှူးကြီးရောက်လာတော့ ဧည့်ခန်းထဲမှာထိုင်ပြီး သတင်းစာတွေကို အေးအေးလူလူ ညှပ်နေတဲ့ ဘိုကို တွေ့ရတယ်တဲ့။ အဲဒီအချိန်မှာ သူ့အသက် ၃၃ နှစ်ပြည့်ပြီ။

မစ္စစတက်ဖနီ ပြောတဲ့အတိုင်းဆိုရင် မစ္စတာရက်ဒ်လေက သူ့သားကို အရူးထောင် အပို့မခံဘူးတဲ့။ ဘိုဟာ ရူးတာ မဟုတ်ဘူးတဲ့။ တစ်ခါတလေမှာ စိတ်ခတ်တက်ကြွတာတဲ့။ သူ့ကို အိမ်ထဲမှာ ပိတ်ထားရင် ပြီးရော၊ ဘာမှပြဿနာမရှိနိုင်ဘူးတဲ့။ သူ့ကို ဘာမှုနဲ့မှ အရေးမယူနိုင်ဘူး၊ သူဟာ ရာဇ၀တ်မှု ကျူးလွန်တာမဟုတ်ဘူးတဲ့။ ရဲမှူးကြီးကပဲ သူ့ကို ထောင်ထဲပို့ပြီး လူမည်းတွေနဲ့အတူတူ မထားရက်တော့ တရားရုံး အချုပ်ခန်းထဲမှာပဲ ထည့်ထားတာပေါ့။

ဘိုကို တရားရုံး အချုပ်ခန်းကနေ အိမ်ပြန်ပို့တာကိုတော့ ဂျင်မ် မိုးတ၀ါးမှတ်မိသလိုရှိတယ်လို့ ပြောပါတယ်။ မြို့နယ် အုပ်ချုပ်ရေးကောင်စီက ဘိုကို အိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ခေါ်ထားဖို့ မစ္စတာရက်ဒ်လေကို ပြောတယ်တဲ့။ မဟုတ်ရင် စိုစွတ်စွတ်၊ အေးစက်စက် အချုပ်ခန်းရဲ့ဒဏ်နဲ့ ရောဂါဖြစ်ဖို့ သေချာနေလို့တဲ့လေ။

မစ္စတာရက်ဒ်လေဟာ သူ့သားကို ဘယ်လိုနည်းနဲ့ လူမမြင်အောင် ပိတ်လှောင်ထားသလဲဆိုတာတော့ ဘယ်သူမှ မသိကြပါဘူး။ ဂျင်မ်ကတော့ ခုတင်တိုင်နဲ့ လက်တစ်ဖက်ကို သံကြိုးချည်ထားတာ ဖြစ်မယ်လို့ ခန့်မှန်းပါတယ်။ အဖေကတော့ အဲဒီလိုမဟုတ်ဘူးတဲ့၊ လူတစ်ယောက်ကို လူစင်စစ်ကနေ တစ္ဆေဖြစ်သွားအောင် လုပ်တဲ့နည်းတွေ အများကြီးပဲလို့ ပြောပါတယ်။

ကျွန်မ မှတ်မိတဲ့အရွယ်မှာ အဘွားကြီး မစ္စက်ရက်ဒ်လေဟာ ဆင်ဝင်ရှေ့က ပန်းပင်တွေကို ရေထွက်ထွက်လောင်းတာ တွေ့ရပါတယ်။ မစ္စတာရက်ဒ်လေကို မြို့ထဲဘက်က ပြန်လာတိုင်း ကျွန်မနဲ့ ဂျင်မ် တွေ့ရပါတယ်။ အဘိုးကြီးက ပိန်ပိန်ရှည်ရှည်ပါ။ သူ့မျက်လုံးတွေမှာ ဘာအရောင်အဆင်းမှ မရှိပါဘူး။ ပါးစပ်ပေါက်ကျယ်ကျယ်၊ ပါးရိုးချွန်ချွန်နဲ့ပါ။ အပေါ်နှုတ်ခမ်းပါးသလောက် အောက်နှုတ်ခမ်းက ထူထူကြီးရယ်။

သူ ဘယ်တော့မှ ကျွန်မတို့နဲ့ စကားမပြောပါဘူး။ သူ့ကို "မင်္ဂလာပါ" လို့ နှုတ်ဆက်ရင်တော့ ချောင်းဟန့်သလိုလုပ်ပြီး မြေကြီးကို ငုံ့ကြည့်ရင်း ဆက်လျှောက်သွားတတ်ပါတယ်။ သူ့မှာ သားအကြီးတစ်ယောက် ရှိပါသေးတယ်။ ပင်ဆာကိုလာမှာ နေတယ်တဲ့။ ခရစ္စမတ်မှာ ပြန်လာလေ့ရှိပါတယ်။ ဒီအိမ်ကြီးကို ဝင်တာထွက်တာ သူကလွဲပြီး ဘယ်သူမှ ကျွန်မတို့ မတွေ့ရပါဘူး။

ဘိုရက်ဒ်လေကို အိမ်ပြန်ခေါ်လာတဲ့နေ့ကစပြီး ဒီအိမ်ကြီး သေသွားတာလို့ လူတွေက ပြောတတ်ကြပါတယ်။

တစ်နေ့မှာ အဖေက ကျွန်မတို့ မောင်နှမကို ခေါ်ပြောပါတယ်။ ခြံထဲမှာ ဆူဆူညံညံ မလုပ်ရဘူးတဲ့။ သူ မရှိတုန်း စောင့်ကြည့်ရမယ်လို့ ကားလ်ပါးနီးယားကိုလည်း အမိန့်ပေးပါတယ်။ မစ္စတာရက်ဒ်လေ အသည်းအသန် ဖြစ်နေပြီတဲ့။

ကျွန်မတို့အဖေ အဲဒီကိစ္စနဲ့ပဲ အလုပ်ရှုပ်နေပါတော့တယ်။ ရက်ဒ်လေအိမ်ကြီးရှေ့ သွားရာလမ်း တစ်ဖက်တစ်ချက်ကို သစ်သားအန်းတွေနဲ့ လမ်းပိတ်လိုက်တော့ ကားတွေ နောက်ဘက်လမ်းက လှည့်မောင်းကြရပါတယ်။ ဒေါက်တာရေနော လာရင် သူ့ကားကို ကျွန်မတို့ အိမ်ရှေ့မှာထားခဲ့ပြီး လူနာအိမ်ကို လမ်းလျှောက်သွားရတော့တာပေါ့။

ကျွန်မတို့ မောင်နှမ နှစ်ယောက်လည်း ခြံဝင်းထဲမှာ နားရွက်မခတ်ရဲဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဖြစ်နေတာပေါ့။ နောက်ဆုံးတော့ ပိတ်ထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့လမ်းကို ဖွင့်ပေးလိုက်ကြပါတယ်။ မစ္စတာရက်ဒ်လေဟာ သူ့ရဲ့နောက်ဆုံးခရီးကို ကျွန်မတို့ အိမ်ရှေ့ကပဲ ဖြတ်သွားခဲ့ပါတယ်။ ဂျင်မ်နဲ့ ကျွန်မ အိမ်ရှေ့ ဆင်ဝင်အောက်ကနေပြီး အသုဘပို့တဲ့ လူတန်းကြီးကို ရပ်ကြည့်နေခဲ့ကြပါတယ်။

'အင်း...၊ ဘုရားသခင် ဖန်ဆင်းခဲ့တဲ့အထဲမှာ စိတ်ပျက်စရာအကောင်းဆုံး လူတစ်ယောက် ဓာတ်သိမ်းသွားပြီပေါ့' လို့ ကားလ်ပါးနီးယားက မှတ်ချက်ချပြီး အလေးအနက်တွေးနေဟန်နဲ့ ခြံထဲကို တံတွေးထွေးချလိုက်ပါတယ်။ ကျွန်မတို့ သူ့ကို တအံ့တသြကြည့်လိုက်မိတာပေါ့။ ကားလ်ပါးနီးယားဟာ လူဖြူတွေကို ဘယ်တော့မှ ဝေဖန်တတ်တဲ့ အမျိုးသမီးကြီး မဟုတ်ပါဘူး။

ပတ်ဝန်းကျင်ကတော့ သူ့အဖေ မရှိတော့ရင် ဘိုရက်ဒ်လေတစ်ယောက် အပြင်ထွက်လာမှာပဲဆိုပြီး စောင့်ကြည့်နေကြပါတယ်။ ဒါပေမဲ့ ဖြစ်လာပုံက တစ်မျိုးပါ။ ပင်ဆာကိုလာမှာနေတဲ့ သူ့အစ်ကို ရောက်လာပြီး အိမ်ထောင်ဦးစီးနေရာကို ယူလိုက်ပါတယ်။ သွားလေသူ ဖအေကြီးနဲ့ နောက်ရောက်လာတဲ့ မစ္စတာနေသန် ရက်ဒ်လေဟာ အသက်ကွာတာကလွဲလို့ အားလုံးအတူတူပါပဲ။ မစ္စတာနေသန်လည်း 'ဝါဂွမ်းဝယ်သူ' ပဲတဲ့။

ဒါပေမဲ့ သူက ကျွန်မတို့နဲ့ စကားစမြည် ပြောဖော်ရပါတယ်။ မဂ္ဂဇင်း တစ်စောင်ကိုင်ပြီး မြို့ထဲက ပြန်အလာ ကျွန်မတို့နဲ့ဆုံလို့ နှုတ်ဆက်ရင် ပြန်နှုတ်ဆက် ဖော်ရပါတယ်။

ရက်ဒ်လေအိမ်ကြီးအကြောင်း ကျွန်မတို့ မောင်နှမ ပြောလေလေ ဒီလ် ပိုပိုပြီး စိတ်ဝင်စားလေ ဖြစ်လာပါလေရော။ ခြံထောင့်က ဓာတ်တိုင်ကို မှီရပ်ပြီး အိမ်ကြီးကို သူ ငေးကြည့်နေတတ်ပါတယ်။ မီးခိုးမဆုံး မိုးမဆုံး လျှောက်တွေးနေပြီပေါ့။

"သူ အထဲမှာ ဘာလုပ်နေမလဲ မသိဘူးနော်၊ အိမ်ထဲကနေ အပြင်ကို အမြဲတမ်း ချောင်းကြည့်နေမယ် ထင်တယ်" လို့ သူပြောတော့ ဂျင်မ်က–

"သူ အပြင်တော့ မထွက်ဘဲ မနေပါဘူး၊ လုံးဝ မှောင်သွားတဲ့အချိန်ဆို သူ ထွက်တယ်၊ သန်းခေါင်အချိန်မှာ နိုးလာတိုင်း ဘိုရက်ဒ်လေဟာ သူ့ကို ပြတင်းပေါက်ကနေ ကြည့်နေတာ တွေ့ရတယ်" လို့ မစ္စစတက်ဖနီက ပြောတယ်။

"သူ့ဦးခေါင်းက တကယ့်အရိုးခေါင်းကြီးအတိုင်းပဲတဲ့၊ မင်းကော ည ည နိုးတဲ့အခါ မမြင်ဘူးလား ဒီလ်၊ သူက ဟောဒီလို လမ်းလျှောက်တယ်တဲ့"

ဂျင်မ်က သူ့ခြေထောက်ကို ကျောက်စရစ်လမ်းပေါ်မှာ လျှောတိုက်ပြီး အတောင့်သား လျှောက်ပြရင်း ဆက်ပြောတယ်။

mgyoe.com

m.gyoe.com SAMPLE BOOK

"မစ္စရေချယ် ဘာလို့ ညညမှာ သော့ခလောက်တွေကို အထပ်ထပ်ခတ်တယ်လို့ မင်းထင်လဲ၊ ငါတို့ ခြံနောက်ဖေးဘက်မှာ သူ့ခြေရာတွေ ငါတွေ့ဖူးတယ်၊ တစ်ညတော့ တို့အိမ်နောက်ဖေးတံခါးကို လက်သည်းနဲ့ ကုတ်ခြစ်နေသံကြားလို့ ငါတို့ အဖေ ပြေးကြည့်တော့ သူ မရှိတော့ဘူး"

"သူ ဘာနဲ့ တူနေမလဲ မသိဘူးနော်၊ ငါ သိချင်လိုက်တာကွာ"

ဂျင်မ်က ဘိုရဲ့ ပုံပန်းသဏ္ဍာန်ကို ဆက်ပြောပြတယ်။ သူ့အရပ်ဟာ ခြောက်ပေခွဲလောက် မြင့်တယ်တဲ့။ သူ့ခြေရာကိုကြည့်ပြီး မှန်းတာတဲ့လေ။ သူက ရှဉ့်ကလေးတွေကိုဖမ်းပြီး အစိမ်းဝါးစားသတဲ့။ ပြီးတော့ ကြောင်တွေ မိရင်လည်း အဲဒီလိုပဲ စားသတဲ့။ ဒါကြောင့် သူ့လက်မှာ သွေးတွေ ပေနေတတ်တယ်လို့လည်း ပြောကြတယ်တဲ့။ သားစိမ်း ငါးစိမ်းကို အကောင်လိုက်ဖမ်းပြီးစားရင် သွေးကို စင်အောင် ဆေးလို့မရဘူး ဆိုတာလည်းပါရဲ့။ သူ့မျက်နှာမှာ ဇရာမ မညီမညာ အမာရွတ်ကြီးတစ်ခုလည်း ရှိတယ်။ သွားတွေက နီကြန်ကြန်နဲ့ ကျိုးတိုးကျဲတဲတဲ့၊ မျက်လုံးကြီးတွေက အပြင်ကို ပြူးထွက်နေတယ်၊ ပါးစပ်ကလည်း သွားရည်တမျှားမျှားနဲ့ဆိုပဲ။

"သူ အပြင်ထွက်လာအောင် တို့ လုပ်ကြရအောင်လား၊ သူ့ကို ငါ တကယ် မြင်ဖူးချင်တယ်" လို့ ဒီလ်က ပြောတော့ ဂျင်မ်က "သေချင်ရင် စိန်မစားနဲ့၊ သူ့ အိမ်တံခါး သွားခေါက်" လို့ ပြောလိုက်တယ်။

ပထမဆုံး ကျွန်မတို့ရဲ့ စွန့်စားခန်း ဖွင့်ဖြစ်တာဟာ သူတို့နှစ်ယောက် လောင်းကြေးစားကြေး လုပ်လို့ လုပ်ဖြစ်တာပါ။ ဒီလ်က ဂျင်မ်ကို စိန်ခေါ်တယ်။ ရက်ဒ်လေအိမ်ရှေ့ ဝင်းတံခါးနားသွားရဲရင် တွမ်ဆွစ်ဖ်နှစ်အုပ် ပေးမယ်တဲ့။ ဂျင်မ်ဟာ သူရဲဘောကြောင်တဲ့သူ မဟုတ်ပါဘူး။

ဒီကိစ္စကို ဂျင်မ် သုံးရက် စဉ်းစားပါတယ်။ သူက စာအုပ်ရဖို့ထက် သတ္တိကောင်းတယ်ဆိုတဲ့ဂုဏ်ကို ပိုပြီးမက်တယ်နဲ့ တူပါရဲ့။ ဒီလ်က ပထမနေ့မှာ သူ့ကို ဆွပေးပါတယ်။

"မင်း မသွားရဲပါဘူးကွာ"

"သွားရဲပါတယ်၊ လုပ်သင့်၊ မလုပ်သင့် ငါ စဉ်းစားနေတာ၊ သူ့ဂုဏ်သိက္ခာအတွက်လေ" လို့ ဂျင်မ်က ပြန်ပြောပါတယ်။

နောက်တစ်နေ့ကျတော့လည်း ဒီလ်က သူ့ကို ထပ်ပြီး မခံချင်အောင် လုပ်ပြန်ပါတယ်။

"မင်း အဲဒီအိမ်ရှေ့ကိုတောင် ဖြတ်လျှောက်ရဲရဲ့လား ဂျင်မ်"

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်ရဲလို့ ကျောင်းသွားတိုင်း ဒီအိမ်ရှေ့ကနေ တစ်သက်လုံး လျှောက်ခဲ့တဲ့အကြောင်းနဲ့ ဂျင်မ်က ပြန်ချေပါတယ်။

"ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီရှေ့ကျရင် သူ စွတ်ပြေးတော့တာပဲ" လို့ ကျွန်မက ဝင်ထောင်ပေးလိုက်တယ်လေ။

တတိယနေ့ကျတော့ ဒီလ် အောင်မြင်သွားပါတော့တယ်။ သူတို့ မြို့သားတွေက မေကွမ်းသားတွေလောက် သတ္တိမကြောင်ဘူးတဲ့။ မေကွမ်းသားတွေလောက် ကြောက်တတ်တဲ့လူမျိုး သူ ဘယ်မှာမှ မတွေ့ဖူးဘူးတဲ့လေ။

ဘယ်ရမလဲ၊ ဂျင်မ်က ခြံထောင့်ဆီ တန်းလျှောက်သွားတာပေါ့။ ဟိုရောက်တော့ ဓာတ်တိုင်မှာမှီပြီး အိမ်ရှေ့တံခါးဝဆီကို သူ ခဏလှမ်းကြည့်တယ်။ အိမ်လုပ်လက်ဖြစ် ပတ္တာတွေနဲ့ ပုံပျက်ပန်းပျက် တံခါးပေါက်ကြီး။

ကျွန်မနဲ့ ဒီလ် သူ့နောက်ကို လိုက်သွားကြတယ်။ အနားရောက်တော့ ဂျင်မ်က ဆီးပြောတယ်။

"ဟော့ကောင် ဒီလ်၊ သုံးယောက်စလုံးကို သူ သတ်မယ်ဆိုတာ မင်းသိတယ်နော်၊ မင်းမျက်လုံးကို သူ ဖောက်ထုတ်ရင် ငါ တရားခံ မဟုတ်ဘူးနော်၊ ဒီဓာတ်လမ်း မင်း စတာ"

'မင်း ခုထိ ကြောက်နေတုန်းပဲ ဂျင်မ်'

ဒီလ်က ခပ်တည်တည်ပြောလိုက်တာနဲ့ သူ ဘာကိုမှ မကြောက်တဲ့အကြောင်း ဂျင်မ် ပြဖို့ လိုလာပြီပေါ့။ ဒီလ်ကို သူ့အကြောင်း ပြချင်လာပြီပေါ့။

"တို့ကို အမိမဖမ်းဘဲနဲ့ သူထွက်လာအောင် ဘယ်လို လုပ်ရမလဲဆိုတာ ငါ စဉ်းစားနေတာ" လို့ပြောပါတယ်။ သူ့မှာ နှမငယ်ကလေး တစ်ယောက်လည်း ရှိသေးတယ်ဆိုတာ သူ ထည့်စဉ်းစားမှာပေါ့နော်။

အဲဒီလို ပြောလိုက်တာနဲ့ သူ ကြောက်စိတ်ဝင်နေပြီဆိုတာ ကျွန်မ သိလိုက်တယ်။ သူ့ကို ကျွန်မက ရက်ဒ်လေအိမ်ကြီးရဲ့ ခေါင်မိုးပေါ်အထိ ခုန်တက်သွားစေချင်နေပါပြီ။

"ငါ သေသွားရင် နင် ဘယ့်နှယ်လုပ်မလဲ" လို့ ကျွန်မကို ပြန်မေးပါတယ်။

ပြောပြောဆိုဆို ရေမြောင်းကို ခုန်ကူးလိုက်တော့ ရက်ဒ်လေ အိမ်ကြီးဟာ မြင်ကွင်းပြည့် သူနဲ့ မျက်နှာချင်းဆိုင်နေပါပြီ။

"မကြောက်ရင် မင်း ရှေ့ဆက်တိုးလေ"

ဒီလ်က လှမ်းအော်တော့ ဂျင်မ်က ပြန်ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီမယ် ဒီလ်၊ တို့ သေသေချာချာ စဉ်းစားရမယ်နော်၊ ခဏနေဦး၊ လိပ်တစ်ကောင်ကို ကျင်းထဲက ထွက်လာအောင် လုပ်နေသလို လုပ်ရလိမ့်မယ် ထင်တယ်"

"ဘယ်လို လုပ်မှာလဲ"

"သူ့အောက်တည့်တည့်ကနေပြီး မီးရှို့ရလိမ့်မယ်"

ရက်ဒ်လေအိမ်ကြီးကို မီးရှို့မယ်ဆိုရင်တော့ ကျွန်မက အဖေ့ကို ပြေးတိုင်မယ်လို့ ပြောလိုက်တယ်။

လိပ်ကို အောက်တည့်တည့်ကနေ မီးရှို့ရမယ့်အလုပ်ကတော့ ရက်စက်လွန်းရာကျလိမ့်မယ်ထင်ကြောင်း ဒီလ်က ပြောတော့ ဂျင်မ်က-

"မရက်စက်ပါဘူးကွ၊ တွင်းထဲက သူ ထွက်လာရုံ လုပ်တာပဲဟာ"

"မီးက သူ့ကို မလောင်ဘူးလို့ မင်း ဘယ်လို ပြောနိုင်မလဲ"

"ဟာ သေတော့မှာပဲ၊ လိပ်ဆိုတာ ဘာခံစားမှုမှ မရှိဘူးကွ"

"မင်းက လိပ် ဖြစ်ဖူးလို့လား"

"ခဏနေဦး၊ ငါ စဉ်းစားလို့ရပြီ၊ သူ့ကို မခံချင်အောင် စမယ်၊ စိတ်ဆိုးအောင် လုပ်မယ်"

ဂျင်မ် စဉ်းစားရင်း တွေရပ်နေတော့ ဒီလ်က အလျှော့ပေးလာတယ်။

"ကဲပါကွာ… မင်း အဲဒီအိမ်ကြီးကို ထိရုံသွားထိပါ၊ မင်းကို ငါ 'အဖြူ ရောင်တစ္ဆေ' စာအုပ် ပေးပါ့မယ်"

ဂျင်မ် ပျော်သွားပုံရတယ်။

"တကယ်နော်၊ ထိရုံပဲနော်"

ဒီလ်က ခေါင်းညိတ်ပြတော့-

"တကယ် ပြောတာနော်၊ ငါ ပြန်လာမှ မင်း တစ်မျိုး မလုပ်ရဘူးနော်"

"စိတ်ချပါကွာ၊ သူ မင်းနောက်ကနေ ထွက်ချင် ထွက်လိုက်လာမှာပေါ့၊ အဲဒီတော့မှ ငါနဲ့ စကောက် အတင်းဝင်ဖမ်းမယ်၊ သူ့ကို ထိခိုက်နာကျင်အောင် လုပ်တာ မဟုတ်ပါဘူးလို့လည်း ပြောပြမယ်"

ဒီလိုနဲ့ ခြံထောင့်ကနေ ရက်ဒ်လေအိမ်ကြီးရှေ့ရောက်အောင် ကျွန်မတို့ ပြေးချသွားကြပါတယ်။ ခြံတံခါးဝရောက်တော့ ရပ်လိုက်ကြပြီး ဒီလ်က အမိန့်ပေးတယ်။

"ဆက်လုပ်လေကွာ၊ စကောက်နဲ့ ငါ မင်းနောက်က လိုက်လာမှာပဲ"

"ငါ သွားမှာပါ ဆို၊ မင်း သိပ်မလောခမ်းပါနဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်မ်က သူ့ကို ပက်ခနဲ ပြန်ပြောတယ်လေ။ ဒါပေမဲ့ အထဲမဝင်သေးဘဲ သူ ယောင်ပေပေ လုပ်နေပါတယ်။ ခြံထောင့်ဘက် လျှောက်သွားလိုက်၊ တံခါးဝနား မှာ ရစ်သီရစ်သီ လုပ်လိုက်နဲ့။ သူ မျက်မှောင်ကြုတ်ပြီး ခေါင်းကုတ်တော့ ကျွန်မက လှမ်းပြီး လှောင်သလိုလို မဲ့ပြလိုက်တာပေါ့။

အဲဒီတော့မှ သူ တံခါးကို တွန်းဖွင့်ဝင်သွားပြီး အိမ်နံဘေးဆီကို ပြေးချ သွားပါတယ်။ ပြီးတော့ အိမ်နံရံကို လက်ဝါးနဲ့ပုတ်ပြီး ပြန်လှည့်ပြေးလာပါတယ်။ ကျွန်မတို့ အနားမှာ မရပ်တော့ဘဲ စွတ်ပြေးထွက်သွားတာပါ။ နောက်ကိုလည်း လှည့်မကြည့်တော့ပါဘူး။

ကျွန်မတို့ နှစ်ယောက်လည်း သူ့နောက်ကို အမီပြေးလိုက်သွားကြတာ ပေါ့။ ကျွန်မတို့အိမ် ဆင်ဝင်အောက်ရောက်မှ သုံးယောက်သား နောက်ဘက်ကို ပြန်လှည့် ကြည့်ဖြစ်ကြပါတယ်။

အိမ်ကြီးဟာ အရင်အတိုင်းပါပဲ။ မလှုပ်မယှက် ခါတိုင်းလို ငြိမ်သက် နေဆဲ၊ ကြောက်မက်ဖွယ်ရာ တိတ်ဆိတ်နေဆဲပါပဲ။ ကျွန်မတို့ အဲဒီလို စိုက်ကြည့် နေတုန်းမှာ အိမ်ထဲက တရုတ်ကတ်တစ်ခု လှုပ်သွားသလိုလို မြင်လိုက်ရပါတယ်။ မသိမသာကလေးလှုပ်သွားတာပါ။ နောက်တော့ ခါတိုင်းလိုပဲ လှုပ်ရှားမှုမရှိ၊ ပကတိ တိတ်ဆိတ်နေပြန်ပါတယ်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

စက်တင်ဘာလဆန်းပိုင်းမှာ သူ့မြို့ကို ဒီလ် ပြန်သွားပါတယ်။ ငါးနာရီထွက်တဲ့ ဘတ်စ်ကားဂိတ်ကို ကျွန်မတို့ လိုက်ပို့လိုက်သေးတယ်။ သူ ပြန်သွားတော့ ကျွန်မ မနေတတ်မထိုင်တတ်ကြီး ဖြစ်နေပါလေရော။ နောက်မှ သတိရတယ်၊ တော်သေးရဲ့လို့၊ တစ်ပတ်အတွင်း ကျွန်မ ကျောင်းတက်ရတော့မှာမို့လေ။

ကျွန်မဘဝမှာ ရှေ့ကို အရှည်ကြီးကြံပြီး ဘာမှမတွေးတတ်ပါဘူး။ ဆောင်းတွင်းဆို လင့်စင်အိမ်ကလေးပေါ်တက်ပြီး အမျိုးမျိုး ကစားနေရရင် ကျေနပ်နေတာပါပဲ။ ပြီးတော့ ဂျင်မ် ပေးထားတဲ့ မှန်ပြောင်းနဲ့ ဟိုးကျောင်းဝင်းထဲမှာ ကစားနေတဲ့ ကလေးတွေကို လှမ်းကြည့်ပြီးတော့ အားကျနေချိန်တွေလည်း ရှိတာပေါ့လေ။

ကျောင်းစတက်ရတဲ့နေ့မှာ ဂျင်မ်က ကျွန်မကို လူကြီးလုပ်ပြီး ခေါ်သွားပါတယ်။ ထုံးစံအတိုင်းဆိုရင် မိဘတွေက လိုက်ပို့ရမှာပါ။ ဒါပေမဲ့ ကျွန်မတို့အဖေက 'သမီးကို အခန်းလိုက်ပြပေးဖို့ ဂျင်မ်က တာဝန်ယူချင်နေတာ' လို့ပြောပြီး အစ်ကိုနဲ့ ထည့်လိုက်တာပါ။

အဲဒီအတွက် ဂျင်မ် မုန့်ဖိုးများရသလား မသိဘူး၊ ရက်ဒ်လေအိမ်ကြီးရဲ့ ခြံထောင့်ရောက်တော့ နှစ်ယောက်သား သုတ်ခြေတင်တဲ့အခါ သူ့အိတ်ထဲက မကြားဖူးတဲ့ ပိုက်ဆံအကြွေစေ့သံတွေ ကြားလိုက်ပါတယ်။

ကျောင်းနားရောက်လို့ ခြေလှမ်းမှန်သွားတာနဲ့ ဂျင်မ်က ကျောင်းမှာ ကျွန်မ လိုက်နာရမယ့် စည်းကမ်းချက်တွေကို သေသေချာချာ ရှင်းပြပါတယ်။ ကျောင်းချိန်

mgyoe.com

 SAMPLE BOOK 

အတွင်းမှာ ကျွန်မက သူ့ကို အနှောင့်အယှက် မပေးရဘူးတဲ့။ တာဇံအကြောင်း၊ ဘာအကြောင်းတွေ လာမပြောရဘူးတဲ့။ ကျောင်းအားလပ်ချိန်မှာလည်း သူ့ဆီ မလာရဘူးတဲ့။ သူက ငါးတန်းမှာ သီးခြားနေပြီး ကျွန်မက တစ်တန်းမှာ ကိုယ့်ဘာသာကိုယ် နေရမယ်တဲ့။ တိုတိုပြောရရင်တော့ ကျောင်းမှာ သူနဲ့ အကင်းဆုံးနေဖို့ပါပဲ။

"ဒါဆို ဘယ်တော့မှ အတူတူ မကစားရတော့ဘူးပေါ့" လို့ ကျွန်မက မေးတော့ သူက ပြန်ဖြေပါတယ်။

"မဟုတ်ဘူးလေဟာ၊ အိမ်မှာတော့ ခါတိုင်းလိုပဲ တို့ ကစားကြမှာပေါ့။ ဒါပေမဲ့ နင် တွေ့မှာပါ၊ ကျောင်းက အိမ်နဲ့ လုံးဝ မတူဘူး"

ကျောင်းစတက်တဲ့ မနက်မှာပဲ ဂျင်မ် ပြောတဲ့အတိုင်း ကျောင်းနဲ့ အိမ်နဲ့ မတူဘူးဆိုတာ ကျွန်မ တွေ့ရတော့တာပါပဲ။ စတက်တဲ့ မနက်ခင်းမှာပဲ လက်ဝါးကို ပေတံနဲ့ အရိုက်ခံရတယ်လေ။ ကျွန်မတို့ ဆရာမက မစ္စကာရိုလိုင်းဖစ်ရှာတဲ့။ အတန်းရှေ့မှာ ထွက်ရပ်ခိုင်းပြီး လက်ဝါးဖြန့်ခိုင်းပါတယ်။ ပြီးတာနဲ့ ပေတံနဲ့ ဆော်မလော်တီးတော့တာပါပဲ။ ဒါတင် မကသေးဘူး၊ အခန်းထောင့်မှာ နေ့လယ် ကျောင်းဆင်းချိန်အထိ မတ်တတ်ရပ်ခိုင်းထားပါသေးတယ်။

ဆရာမ ကာရိုလိုင်းဟာ ၂၁ နှစ်လောက်ပဲ ရှိပါသေးတယ်။ အရောင်တောက်တောက် ဆံပင်ကို ကုပ်ဝဲပုံကလေး ညှပ်ထားပြီး ပါးကလေးတွေက ပန်းနုရောင်ပြေးနေပါတယ်။ လက်သည်းကိုတော့ ကြက်သွေးရောင် ဆိုးထားပါတယ်။ ဒေါက်မြင့်ရှူးဖိနပ်နဲ့၊ အနီနဲ့ အဖြူစင်း ဝတ်စုံကို ဝတ်ထားပါတယ်။ သူ့ကြည့်ရတာ နွဲ့နွဲ့နှောင်းနှောင်းဆိုတော့ ပရုတ်ပင်နဲ့ တူသလိုလို ရှိပါတယ်။ သူ့ကိုယ်ကလည်း အဲဒီအနံ့ သင်းနေသလိုပဲ။

ကျွန်မတို့လမ်းထဲက မျက်စောင်းထိုးအိမ်မှာ သူ ငှားနေပါတယ်။ မစ္စမော်ဒီ အက်ကင်ဆန်ရဲ့ အပေါ်ထပ်မှာပါ။ မစ္စမော်ဒီက သူနဲ့ မိတ်ဆက်ပေးလာတော့ ဒီအမျိုးသမီးကို ကျွန်မနဲ့ ဂျင်မ် တော်တော်ကြာကြာ ဘယ်လို ထင်ရမှန်းမသိ ဖြစ်ခဲ့ရပါတယ်။

ဆရာမက သူ့နာမည်ကို ကျောက်သင်ပုန်းပေါ်မှာ ရေးချပြီးတော့-

"အဲဒါ ဆရာမရဲ့ နာမည်ပဲ၊ မစ္စကာရိုလိုင်းဖစ်ရှာလို့ ခေါ်တယ်။ ဆရာမရဲ့ ဇာတိက အယ်လာဘားမား အနောက်ပိုင်း ဝင်စတန်မြို့နယ်လို့ ခေါ်တယ်"

အတန်းထဲမှာ စိတ်မသက်မသာနဲ့ တီးတိုးသံတွေ ထွက်လာတယ်။ ဒီဆရာမ ဇာတိချက်ကြွေ မွေးရပ်မြေအကြောင်း ဂုဏ်ယူနေတာလား။ (၁၈၆၁ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် အယ်လာဘားမားပြည်နယ်က ပြည်ထောင်စုထဲမှ

mgyoe.com

mgyoe.com  SAMPLE BOOK 

ခွဲထွက်လိုက်သည်။ ဝင်စတန်မြို့နယ်က အယ်လာဘားမားပြည်နယ်ထဲက ထွက်လိုက်သည်။ သည်အကြောင်း မေကွမ်းက ကလေးတိုင်း သိကြသည်။)

အယ်လာဘားမား မြောက်ပိုင်းဆိုတာ အရက်ချက်တဲ့ လုပ်ငန်းတွေရှိတယ်။ အရပ်မြင့်မြင့် မြည်းကြီးတွေရှိတယ်။ သံမဏိစက်ရုံတွေရှိတယ်။ ရီပတ်ဘလစ်ကန်တွေ ရှိတယ်။ ပညာတတ်တွေ ပေါတယ်။ ပြီးတော့ အစဉ်အလာမရှိတဲ့ ခေတ်ပျက်သူဌေးတွေ ပေါတယ်လို့ ကျွန်မတို့ ကြားဖူးပါတယ်။

ကျွန်မတို့ကို ကြောင်တွေပါတဲ့ ဇာတ်လမ်းနဲ့စပြီး ဆရာမက ပုံပြောပါတယ်။ ကြောင်တွေဟာ တစ်ကောင်နဲ့တစ်ကောင် အကြာကြီး စကားပြောတတ်ကြတယ်တဲ့။ သူတို့ဟာ အင်္ကျီလှလှကလေးတွေကိုဝတ်ပြီး နွေးနွေးထွေးထွေး ရှိတဲ့ မီးလင်းဖိုအောက်မှာ နေတတ်ကြတယ်တဲ့။ ကြောင်မကြီးက မုန့်ဆိုင်ကို သွားပြီး ချောကလက်စိမ်ရည်ထဲမှာ စိမ်ထားတဲ့ ကြွက်တစ်ကောင်မှာပြီး စားတဲ့အခန်း ရောက်တော့ တစ်တန်းလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ဘာအဓိပ္ပာယ်ပါလိမ့်ပေါ့။

ဂျုံအိတ်ပေါင်းတွေကို ဖျက်ချုပ်ထားတဲ့ အင်္ကျီတွေနဲ့ ပထမတန်းကလေးတွေ၊ လမ်းလျှောက်တတ်တဲ့ အရွယ်ကစပြီး ဝက်စာကျွေးခဲ့ရ၊ ဝါကောက်ခဲ့ရတဲ့ ကလေးတွေဟာ ပုံပြင်တွေ၊ စာပေတွေနဲ့ မယဉ်ပါးကြဘူးဆိုတာ ဆရာမ လုံးဝ သိထားပုံမပေါ်ပါဘူး။ ပုံပြင်ဆုံးသွားတော့ 'ကဲ...ဘယ်လောက်ကောင်းတဲ့ ပုံပြင်ကလေးလဲကွယ်' လို့ ပြောတာသာ ကြည့်လေ။

ပြီးတော့ ကျောက်သင်ပုန်းကြီးဆီ လျှောက်သွားပြီး ရောမ ဗျည်းစာလုံးကြီးတွေကို ရေးပြပါတယ်။ ပြီးတော့ အတန်းဘက် လှည့်ပြီး-

'ကဲ...စာလုံးတွေကို ဘယ်သူ ဖတ်တတ်သလဲ' လို့ မေးပါတယ်။

တစ်တန်းလုံး ဖတ်တတ်ကြပါတယ်။ အားလုံးလိုလို တစ်တန်း တစ်နှစ်ကျ ကျောင်းသားတွေ မဟုတ်လား။ ကျွန်မကိုရွေးပြီး ဖတ်ခိုင်းတာကတော့ ကျွန်မ နာမည်ကို သူ သိနေလို့ ဖြစ်မှာပါ။

စာလုံးတွေကို ကျွန်မ ရွတ်ပြလိုက်တော့ ဆရာမ မသိမသာ မျက်မှောင်ကုတ်သွားတယ်။ ပြီးတော့ ပထမတန်း ဖတ်စာအုပ်ကို ဖတ်ခိုင်းပြန်ပါတယ်။ ကျွန်မက ကြောင်းကြောင်းပြေး ဖတ်ပြလိုက်တော့ သတင်းစာကို ဖတ်ခိုင်းပြန်ပါတယ်။ ဒီတော့မှ ကျွန်မ စာဖတ်တတ်မှန်း ဆရာမ သိသွားတာပါ။ ကျွန်မကို မနှစ်မြို့တဲ့ ပုံစံနဲ့ သူ စိုက်ကြည့်နေပါတယ်။ ပြီးတော့ ကျွန်မကို အိမ်မှာ စာဆက်မသင်ပါနဲ့ အဖေ့ကို ပြောခိုင်းပါလေရော။ ကျွန်မရဲ့ စာတတ်မြောက်မှုအတွက် အနှောင့်အယှက် ဖြစ်နိုင်တယ်တဲ့။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကျွန်မ တအံ့တဩ ပြန်ပြောမိတာပေါ့။

"အဖေက ကျွန်မကို စာသင်ပေးတယ်...ဟုတ်လား ဆရာမ၊ အဲဒါ မဟုတ်ပါဘူး၊ တစ်ခါမှ မသင်ပေးဖူးပါဘူး၊ အဖေ့မှာ သင်ပေးချိန်လည်း မရှိပါဘူး"

ဆရာမက ပြုံးပြီး ခေါင်းခါတော့ ကျွန်မ ဆက်ပြောပါတယ်။

"အဖေ အိမ်ပြန်လာရင် ခြေပစ်လက်ပစ် ပင်ပန်းပြီး သူ့စာအုပ် သူဖတ်ဖို့တောင် အနိုင်နိုင်ပါ ဆရာမ"

"ဒါဖြင့် မင်းကို ဘယ်သူ သင်ပေးသလဲ၊ ဘာလဲ... မင်းက မွေးကတည်းက သတင်းစာ ဖတ်တတ်လာတာလား"

ဆရာမက ပြုံးစစနဲ့ မေးပါတယ်။

"ဂျင်မ်ကတော့ အဲဒီအတိုင်း ပြောတယ် ဆရာမ"

ကျွန်မ လိမ်ပြောနေတယ်လို့ သူ ထင်မှာ သေချာပါတယ်။

"ကဲ... အိပ်မက်ကို အဟုတ်မမှတ်ရဘူး ကလေးရဲ့၊ မင်းအဖေကို ပြောဖြစ်အောင် ပြော၊ နောက် ဘယ်တော့မှ စာမသင်ပါနဲ့လို့၊ ဆရာမတို့ အသစ်ပြန်စကြရမယ်၊ မင်းခေါင်းထဲမှာ စွဲနေတဲ့ အမှားတွေ ပြင်ပေးရလိမ့်မယ်၊ ပြောဖြစ်အောင် ပြောနော်"

"ဆရာမ ဘာကို ဆိုလို..."

"မင်းရဲ့ အဖေဟာ စာမသင်တတ်ဘူး၊ ကဲ...ထိုင်တော့"

ခုလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းပါဘူးလို့ ဗလုံးဗထွေးနဲ့ တောင်းပန်လိုက်ပြီး ကျွန်မ ကျူးလွန်ခဲ့မိတဲ့ ပြစ်မှုအတွက် ထိုင်စဉ်းစားနေမိပါတယ်။ စာရေး၊ စာဖတ်ကို ကျွန်မ တမင်တကာ မသင်ယူခဲ့ဖူးတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ သတင်းစာကိုတော့ ကျွန်မ ဘယ်လို ဘယ်လို ဖတ်တတ်နေမှန်း မသိခဲ့ပါဘူး။ ဘုရားရှိခိုးကျောင်းက ဓမ္မသီချင်းတွေကို ဘယ်အရွယ်က စဖတ်တတ်နေမှန်းလည်း ကျွန်မ မမှတ်မိဘူး။

ခုတော့ ကျွန်မ ဘယ်လို ဘယ်လို စာဖတ်တတ်ပါတယ်ဆိုတာ သေသေချာချာ စဉ်းစားရပါတော့မယ်။ စာဖတ်တတ်ခြင်းဟာ သူ့ဘာသာသူ ကျွန်မဆီ ရောက်လာသလိုပါပဲ။ နောက်လှည့်မကြည့်ဘဲနဲ့ ခါးက ဝတ်စုံကြိုးကို ချည်တတ်သလို၊ ရှုပ်ရှုပ်ထွေးထွေး ဖိနပ်ကြိုးကို ကွင်းလျှောချည်တတ်သလို နေမှာပေါ့။

စာကြောင်းကို လိုက်ထောက်ပြနေတဲ့ ဖေဖေ့လက်ချောင်းတွေကနေပြီး ဘယ်လို ဘယ်လို စာလုံးတွေ ဖြစ်လာတယ်ဆိုတာ ကျွန်မ မမှတ်မိတော့ပါဘူး။

m.gyoe.com

mgyoe.com SAMPLE BOOK


ဒါပေမဲ့ တစ်ချိန်လုံး စာကြောင်းတွေအောက်မှာ လိုက်ရွှေ့နေတဲ့ ဖေဖေ့လက်ချောင်းတွေကို ညတိုင်း ညတိုင်း ကျွန်မ ထိုင်ကြည့်နေတာကိုတော့ သတိရပါတယ်။ တစ်နေ့တာ သတင်းစာတွေကို အသံထွက်ဖတ်နေတဲ့ ဖေဖေ့အသံကို အမြဲနားထောင်ခဲ့တယ်ဆိုတာလည်း မှတ်မိပါရဲ့။

ဘယ်အဆိုမှုကြမ်းတွေကို ဘယ်နေ့ဘယ်ရက်ကစပြီး ဥပဒေ အတည်ဖြစ်တယ်ဆိုတာမျိုးတွေ ဖေဖေ ဖတ်တိုင်း ဖေဖေ့ပေါင်ပေါ် တွားတက်ပြီး ကျွန်မ နားထောင်ခဲ့တယ်။ စာဖတ်တာကို ဝါသနာပါလို့မှ မဟုတ်တာ။

ဆရာမ ကာရိုလိုင်းတစ်ယောက် ကျွန်မကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားပြီဆိုတာတော့ သိလိုက်ပါပြီ။ ဒါကြောင့် နောက်ထပ် ထိပ်တိုက်မတွေ့ရအောင် ပြတင်းပေါက်ဘက်ကိုပဲ မျက်နှာမူထားလိုက်ပါတယ်။

တော်ပါသေးရဲ့၊ မကြာခင် အတန်းနားချိန် ခေါင်းလောင်းထိုးသံ ထွက်လာတယ်။ ကစားကွင်းထဲမှာ ဂျင်မ် ကျွန်မဆီ ရောက်လာပြီး အခြေအနေကိုမေးပါတယ်။

"ပြန်လို့ရရင်တော့ အိမ်ပြန်ချင်တယ် ဂျင်မ်၊ ဆရာမက မဟုတ်တမ်းတရမ်းတွေ လျှောက်ပြောတယ်၊ ဖေဖေက စကောက်ကို စာသင်ပေးတယ်တဲ့၊ လုံးဝ ရပ်လိုက်ပါလို့ ပြောခိုင်းတယ်၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

ဂျင်မ်က ကျွန်မကို ချော့ချော့မော့မော့ ပြောပါတယ်။

"စိတ်မပျက်ပါနဲ့ဟာ၊ ငါတို့ဆရာမက ပြောတယ်၊ ဆရာမ ကာရိုလိုင်းက စနစ်သစ်နဲ့ သင်မှာတဲ့၊ သူက ကောလိပ်မှာ အဲဒီစနစ်ကို သင်လာခဲ့တာတဲ့၊ မကြာခင် အတန်းကြီးတွေပါ စနစ်သစ်နဲ့ သင်ရတော့မယ်တဲ့၊ ဖတ်စာအုပ်တွေကို သိပ်အားကိုးဖို့ မလိုတော့ဘူးတဲ့။ ဥပမာ နင်က နွားမအကြောင်းကို သိချင်တယ် ဆိုပါတော့ဟာ၊ ကိုယ်တိုင် နွားနို့ညှစ်ရမယ်တဲ့၊ အဲဒါမျိုး"

"ထားပါတော့၊ ဒါပေမဲ့ နွားမအကြောင်း မသင်ချင်ပါဘူး၊ ပြီးတော့ စကောက်က..."

"မသင်ချင်လို့ ဘယ်ရမလဲဟာ၊ နွားမတွေအကြောင်း သင်ကို သင်ရမယ်၊ မေ့ကွမ်းနဲ့ နွားနဲ့ ခွဲမရဘူး"

"ဘာတွေ လျှောက်ပြောနေတာလဲ"လို့ ပြောလိုက်ရမှ ကျွန်မစိတ်ထဲ ကျေနပ်သွားတယ်။

"ဟဲ့...ခေါင်းကြောမာကလေးရဲ့၊ နင်တို့ အတန်းမှာ နည်းသစ်နဲ့စာသင်မယ့်အကြောင်း ငါပြောနေတာဟဲ့၊ ဂျူးဝေးစနစ်*တဲ့ မှတ်ထား"

* John Dewey (1859-1952) အမေရိကန် စနစ်သစ်ပညာရေး တီထွင်သူ ပညာရှင်/တွေးခေါ်ရှင်။

mgyoe.com

SAMPLE BOOK

ဂျူးဝေးစနစ်သစ်မှာ ပါဝင်တာတွေကတော့ စာအုပ်မကိုင်ရဘဲ ဆရာမက ကတ်ပြားကလေးတွေ ထောင်ထောင်ပြပါတယ်။ ကြောင်၊ ကြွက်၊ လူ၊ သင်၊ ထိုဟာ… အဲဒါမျိုးတွေပေါ့။

ကလေးတွေရဲ့ တုံ့ပြန်မှုကို ဆရာမ သိပ်ဂရုမစိုက်ပါဘူး။ အတန်းသား ကလေးတွေလည်း သင်ရိုးအသစ်ကို ငြိမ်ပြီး နားထောင်နေကြပါတယ်။ တော်တော် ပျင်းစရာကောင်းပါတယ်။ ဒါကြောင့် ဆရာမ သင်နေတာကို အာရုံမရှိတော့ဘဲ ဒီလ်ဆီကို စာကောက်ရေးဖြစ်ပါတယ်။ ဆရာမကာရိုလိုင်းက ကျွန်မ စာရေးနေတာ မြင်တော့ အဖေ့ကို စာမသင်ဖို့ ထပ်ပြောပါတယ်။

'နောက်တစ်ခုက ပထမတန်းမှာ စာမရေးရဘူး၊ ဒုတိယတန်း ရောက်တဲ့အထိ စာရေးဖို့ သင်မပေးဘူး၊ စာလုံးတွေကိုပဲ တစ်လုံးချင်း သင်ရမယ်' လို့လည်း ထပ်ဆင့် တင်းကျပ်သေးတယ်။

အဲဒီကိစ္စကို ပြောရရင်တော့ တရားခံက ကားလ်ပါးနီးယားပါ။ မိုးရွာလို့ အပြင်ထွက်မဆော့နိုင်တဲ့ နေ့တွေမှာ ကားလ်ဟာ ဒီလိုလုပ်ဖို့ သိပ်ဝါသနာပါပါတယ်။ စားပွဲငယ်ကလေးတစ်လုံး ချပေးပြီး စာလုံးတွေ အတင်း ရေးခိုင်းတော့ တာပါပဲ။ တဖြည်းဖြည်းနဲ့ ကျမ်းစာအုပ်ထဲက စာပိုဒ်တွေကို ကူးရေးခိုင်းတဲ့အထိ ဖြစ်လာတယ်။

သေသေသပ်သပ်နဲ့ လက်ရေးလှလှ ကူးနိုင်ရင် သူက ဆုချပါတယ်။ ပေါင်မုန့်ထောပတ်သုတ်ထဲမှာ အသားညှပ်ပြီး ကောင်းကောင်းကျွေးတာပါ။ ဒါပေမဲ့ သူ စာသင်တာကို ကျွန်မ စိတ်မပါပါဘူး။ ဒါကြောင့် ကျွန်မလက်ရေးကို သူ သဘောမကျတာ များပါတယ်။ ဒါကြောင့် ဆုလည်း ရခဲပါတယ်။

"အိမ်ပြန်ပြီး နေ့လယ်စာစားမယ့် ကျောင်းသူ၊ ကျောင်းသားတွေ လက်ညှိုး ထောင်"

ကားလ်ပါးနီးယားအကြောင်း မကျေပ်မနပ်နဲ့ တွေးနေစဉ်မှာ ဆရာမ အသံ ကြားလိုက်ရပါတယ်။

ကလေးနှစ်ယောက်ပဲ လက်ညှိုးထောင်ကြပါတယ်။ ကျွန်မတို့ဘက်ကို ဝေ့ကြည့်ပြီး–

"ကဲ– ထမင်းချိုင့်ပါတဲ့ ကလေးတွေ ကိုယ့်ရှေ့က စားပွဲပေါ်မှာ တင် လိုက်ကြပါ"

သတ္တုရောင်ပြန်တွေ မျက်နှာကြက်မှာ တလက်လက် တောက်သွားပါ တယ်။ ဆရာမ ထမင်းချိုင့်တွေကို လိုက်ဖွင့်ကြည့်ပြီး စစ်ဆေးပါတယ်။ သူ

mgyoe.com

mgyoe.com


သဘောကျတဲ့ချိုင့်ဆိုရင် ခေါင်းတညိတ်ညိတ်နဲ့၊ တချို့ချိုင့်တွေကြည့်ပြီးတော့လည်း နှာခေါင်းတရှုံ့ရှုံ့နဲ့ပေါ့။ ဝေါလ်တာကန်နီဂမ်အနား ရောက်တော့ 'မင်းချိုင့် ဘယ်မှာလဲ' လို့မေးပါတယ်။

ဝေါလ်တာရဲ့မျက်နှာက သန့်ရှိတဲ့ ကလေးတစ်ယောက်ရဲ့မျက်နှာမျိုးပါ။ သူက ဘယ်တော့မှ ဖိနပ် မစီးဘူးလေ။ ဝက်ခြံတွေ၊ ဝက်လူးအိုင်တွေထဲကို ဖိနပ်မပါဘဲ သွားရင် သန့်တွယ်တတ်တယ် မဟုတ်လား။

ဝေါလ်တာ ဖိနပ်ဝယ်နိုင်ရင်လည်း ကျောင်းတက်တဲ့ ပထမနေ့မှာပဲစီးပြီး ပစ်ထားလိုက်တာပဲတဲ့။ ဒီနေ့ သူဝတ်လာတဲ့ အင်္ကျီကတော့ သန့်သန့်ပြန့်ပြန့်ပါပဲ။ ဘောင်းဘီအပြဲတွေကိုလည်း သေသေသပ်သပ် ဖာထေးထားပါတယ်။

"မင်း ဒီမနက် ထမင်းချိုင့်ယူလာဖို့ မေ့သွားတယ်ထင်တယ် ဟုတ်လား" လို့ ဆရာမ မေးတော့ ဝေါလ်တာက ရှေ့တည့်တည့်ကို စိုက်ကြည့်နေပြီး ဘာမှ ပြန်မပြောပါဘူး။ အသားမရှိတဲ့ သူ့မျက်နှာပေါ်က မေးရိုးတွေ ထောင်တက်သွားတာ ကျွန်မ မြင်လိုက်ရပါတယ်။

"ဟုတ်လား၊ မင်း ဒီမနက် မေ့ကျန်ခဲ့တာလား"

ဆရာမက ထပ်မေးပြန်ပါတယ်။ နောက်တစ်ကြိမ် သူ့မေးရိုးတွေ တင်းသွားပြန်ပါတယ်။

"ဟုတ်ကဲ့ ဆရာမ"

ဝေါလ်တာရဲ့ဗလုံးဗထွေးဖြေသံပါ။ ဆရာမက သူ့ စားပွဲဆီကို ပြန်လျှောက်သွားပြီး ပိုက်ဆံအိတ် ယူလိုက်ပါတယ်။

"ရော့ ပိုက်ဆံတစ်မတ်၊ သွား တစ်ခုခုဝယ်စား၊ မနက်ဖြန်ကျရင် ဆရာမကို ပြန်ပေး၊ ဟုတ်ပြီလား"

ဝေါလ်တာက ခေါင်းယမ်းပြီးတော့-

"နေပါစေ ဆရာမ"

"ဒီမယ် ဝေါလ်တာ၊ လာယူ…ရော့"

ဝေါလ်တာ နောက်တစ်ကြိမ် ခေါင်းယမ်းပြန်ပါတယ်။ တတိယအကြိမ် သူ ခေါင်းယမ်းတော့ အတန်းထဲက တစ်ယောက်ယောက်ရဲ့ တိုးတိုးသံ ထွက်လာပါတယ်။

"ဟော့-စကောက်၊ ပြောပြလိုက်လေကွာ"

ကျွန်မ နောက်ဘက်ကို လှည့်ကြည့်လိုက်တော့ မျက်စိထဲမှာ တစ်မြို့လုံးရဲ့မျက်နှာတွေကို မြင်ရသလိုပဲ။ အားလုံး ကျွန်မကို စိုက်ကြည့်နေတယ်လို့လည်း

mgyoe.com

m gyoe.com  SAMPLE BOOK 

စိတ်ထဲ ထင်လိုက်မိရဲ့။ ဒီဆရာမနဲ့ ကျွန်မ ထိပ်တိုက်တွေ့ပြီးပါပြီ။ ကျွန်မကို စိုင်းကြည့်နေတဲ့ မျက်လုံးတွေက ကျွန်မနဲ့ ဆရာမဟာ အသိအကျွမ်းတွေ ဖြစ်နေတာမို့ အပြန်အလှန် နားလည်မှု ရနိုင်တယ်လို့ ယုံကြည်နေတဲ့ မျက်လုံးတွေ။

ဝေါလ်တာဘက်က ရပ်တည်ဖို့ ကျွန်မ ခပ်တည်တည်နဲ့ ထရပ်လိုက်ပါတယ်။

"ဆရာမ မစ္စကာရိုလိုင်းရှင့်"

"ဘာလဲ ဂျင်းလောင်းဝစ်"

"ဆရာမ၊ သူက ကန်နီဂမ်တစ်ယောက်ပါ"

ပြောပြီး ကျွန်မ ပြန်ထိုင်ချလိုက်ပါတယ်။

"ဘာပြောတယ် ဂျင်းလောင်းဝစ်"

ကျွန်မ စိတ်ထင်တော့ ကျွန်မပြောတာ ရှင်းနေတာပဲ၊ အရှင်းကြီးပဲ၊ တစ်တန်းလုံးအတွက်လည်း ရှင်းနေတဲ့ကိစ္စပါ။ ဝေါလ်တာကန်နီဂမ်ဟာ ခေါင်းငိုက်စိုက်ချပြီး ထိုင်နေပါတယ်။ သူဟာ ထမင်းချိုင့် မေ့ကျန်ခဲ့တာ မဟုတ်ပါဘူး၊ ထည့်လာစရာ ထမင်းကိုမရှိတာပါ။ ချိုင့်ဆိုတာ ဝေလာဝေးပေါ့။ ဒီနေ့တင် မဟုတ်ဘူး၊ နောက်နေ့တွေမှာလည်း ဒီအတိုင်းပဲ နေမှာပါ။ သူ့ဘဝမှာ မတ်စေ့သုံးစေ့တောင် တစ်ပြိုင်တည်း မြင်ဖူးရဲ့လား မသိဘူး။

ကျွန်မ ဆက်ရှင်းပါတယ်။

"ဝေါလ်တာဟာ ကန်နီဂမ်မျိုးနွယ် တစ်ယောက်ပါ ဆရာမ"

"တစ်ဆိတ် ဆရာမ နားလည်အောင်ပြောပါ ဂျင်းလောင်းဝစ်၊ နားမလည်တဲ့အတွက် ဆရာမ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး ဆရာမ၊ ဒီမြို့က လူတွေအကြောင်း မကြာခင် ဆရာမ နားလည်လာမှာပါ။ ကန်နီဂမ်တွေဟာ သူတို့ ပြန်မပေးနိုင်တာကို ဘယ်တော့မှ မယူတတ်ကြပါဘူး။ ဘယ်သူ့ဆီကမှ မယူပါဘူး။ ရှိတာနဲ့ ဖြစ်အောင်နေတဲ့ လူမျိုးတွေပါ။ သူတို့မှာ ဘာမှ များများ မရှိရှာကြပါဘူး။ ဒါပေမဲ့ ဒီလိုပဲ နေနေကြတာပါပဲ"

ကန်နီဂမ် လူမျိုးစုတွေအကြောင်း ကျွန်မ သိသမျှ ရှင်းပြနေတာပါ။ မနှစ်က ဆောင်းတွင်း အဖြစ်အပျက်တစ်ခုကြောင့် ကျွန်မ မှတ်မိနေတာလေ။ ဝေါလ်တာရဲ့ အဖေ့နာမည်ကလည်း ဝေါလ်တာပါပဲ။ ကျွန်မတို့အဖေရဲ့ အမှုသည် ဖြစ်ခဲ့ဖူးပါတယ်။

mgyoe.com

mgoe.com SAMPLE BOOK

တစ်နေ့ညနေခင်းမှာ ကျွန်မတို့ ညှော်ခန်းက ပြန်ခါနီးမှာ မစ္စတာဝေါလ်တာ ကန်နီဂမ်က အဖေ့ကို နောက်ဆက်တွဲသက်သာခွင့် ဥပဒေအကြောင်း မေးနေသံ ကြားရပါတယ်။

"ကျွန်တော် ဘယ်တော့ ရှေ့နေခ ပေးနိုင်မလဲ မသိဘူး မစ္စတာဖင့်ချ်"

"အဲဒီကိစ္စ ခင်ဗျား ဘာမှမပူနဲ့၊ ခေါင်းထဲမှာလည်း မထားနဲ့" လို့ ဖေဖေက ပြန်ပြောပါတယ်။

ကျွန်မက 'နောက်ဆက်တွဲသက်သာခွင့်' ဆိုတာ ဘာလဲလို့ ဂျင်မ်ကို မေးကြည့်တော့ 'နောက်ဆက်တွဲသက်သာခွင့်ဆိုတာ ကြမ်းကြားထဲမှာ အမြီးညပ်နေ တာနဲ့ အတူတူပဲ' လို့ ပြန်ဖြေတယ်လေ။ ဖေဖေ့ကိုလည်း ကျွန်မ မေးကြည့်တယ်။ မစ္စတာ ကန်နီဂမ်ဆီက ရှေ့နေစရိတ် ရမှာလားလို့။

"ငွေတော့ ဘယ်ရမလဲ၊ ဒါပေမဲ့ နှစ်မကုန်ခင် အကျေဆပ်လိမ့်မယ်၊ သမီး မယုံ စောင့်ကြည့်" တဲ့။

ကျွန်မတို့ မောင်နှမ စောင့်ကြည့်ကြတာပေါ့။ တစ်နေ့မနက်မှာ အိမ်နောက် မှာ ထင်းပုံကြီးတွေ့ရပါတယ်။ နောက်တစ်ခါ အိမ်နံဘေး လှေကားထိပ်မှာ သစ် ကြားသီးတစ်အိတ် ရောက်လာပြန်ပါရော။ ခရစ္စမတ်ရောက်တော့ စပျစ်သီးနဲ့ ဟော် လီထင်းရှူးပင်တွေကို သစ်သားပုံးရိုက်ပြီး ပို့လာပြန်ပါတယ်။ နွေဦးရောက်တာနဲ့ မုန်လာဥတွေ အိတ်လိုက်ရောက်လာတော့ ဖေဖေက ရှင်းပြပါတယ်။ သူ ပေးတာက ရစရာ ရှိတာထက် ပိုများနေပြီတဲ့။

"ဘာဖြစ်လို့ သူ အဲဒီလို ပေးတာလဲဟင်" လို့ ကျွန်မက ဖေဖေ့ကို မေးကြည့်တော့ ဖေဖေက ထပ်ရှင်းပြပါတယ်။

"ဒီနည်းနဲ့ပဲ ပေးနိုင်တယ်လေ၊ သူတို့က ဆင်းရဲတယ်၊ သူတို့မှာ ပိုက်ဆံမှ မရှိတာ"

"သမီးတို့ ဆင်းရဲသလားဟင် ဖေဖေ"

"သေချာတာပေါ့" လို့ ဖေဖေက ခေါင်းညိတ်ပြီး ပြောပါတယ်။

ဂျင်မ်က နှာခေါင်းရှုံ့ပြီး-

"သားတို့ ကန်နီဂမ်တွေလောက် ဆင်းရဲသလားဟင်"

"တူတော့ မတူဘူးပေါ့ကွာ၊ ကန်နီဂမ်တွေက တောသူတောင်သားတွေ၊ လယ်သမားတွေ၊ စီးပွားပျက်ကပ်ဆိုက်တော့ သူတို့တစ်တွေ ပိုမွဲကုန်ကြတာပေါ့"

ပြီးတော့ ဖေဖေက ဆက်ရှင်းပြပါသေးတယ်။ ပညာတတ်လူတန်းစားတွေ လည်း သူတို့ဆင်းရဲတဲ့အတွက် ဆင်းရဲကြတယ်တဲ့။ မေကွမ်းဟာ စိုက်ပျိုးမွေးမြူ

mgyoe.com SAMPLE BOOK

ရေးလုပ်ငန်းကို အားထားနေရတဲ့မြို့ဖြစ်လို့ ငွေကြေးရဖို့ မလွယ်ဘူး။ ဒါကြောင့် ရှေ့နေတွေ၊ ဆရာဝန်တွေ၊ သွားစိုက်ဆရာတွေ မချမ်းသာကြဘူးတဲ့။ 'နောက်ဆက်တွဲသက်သာခွင့်ဥပဒေ'ဟာ မစ္စတာကန်နီဂမ်အတွက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုပဲတဲ့။ သူ့မြေတွေဆိုရင်လည်း တစ်လက်မ မကျန် ပေါင်နှံထားပြီးသားတဲ့။ အသီးအနှံရောင်းရတဲ့ပိုက်ဆံ အနည်းအကျဉ်းဟာလည်း အတိုးပေးရတာနဲ့ ကုန်ရော။ ဒါကြောင့်ရှေ့နေခကို ငွေကြေးအနေနဲ့ မပေးနိုင်တာတဲ့။

"ဒေါက်တာရေနော်လည်း ဖေဖေ့လိုပဲလေ၊ ကလေးတစ်ယောက် မွေးပေးရင် အာလူး ဘယ်နှပိဿာဆိုပြီး သတ်မှတ်ထားရတယ်။ ကဲ-သမီး စကောက်၊ နောက်ဆက်တွဲသက်သာခွင့်ဆိုတာ ဘာလဲ သိချင်ရင် သေသေချာချာမှတ်ထား၊ သမီးအစ်ကိုပေးတဲ့ ဥပမာတွေဟာ တစ်ခါတစ်ခါ တော်တော်ကောင်းတယ်။ အမှန်နဲ့ တော်တော်လေး နီးစပ်တယ်"

ဒါတွေ ဆရာမကာရိုလိုင်းကို ရှင်းပြလိုက်ရင် အားလုံးအတွက် အဆင်ပြေသွားမှာပါ။ ဒါပေမဲ့ ကျွန်မ အဲဒီလောက်ကြီး ရှင်းမပြတတ်ဘူးလေ။ ဒါနဲ့ ကျွန်မ ခပ်တိုတိုပဲ ပြောလိုက်ပါတယ်။

"ဆရာမ သူ့ကို အရှက်ခွဲသလို ဖြစ်နေပါတယ်၊ ဝေါလ်တာ့အိမ်မှာ ဆရာမကို ပြန်ပေးဖို့ ပိုက်ဆံတစ်မတ် မရှိပါဘူး၊ ဆရာမကလည်း မီးဆိုက်ဖို့ ထင်းလိုမှာ မဟုတ်ဘူး"

ဆရာမ ကာရိုလိုင်းဟာ ထောင်းခနဲဖြစ်သွားပြီးမှ အတန်းထဲကို ဆင်းလာပါတယ်။ ပြီးတော့ ကျွန်မရဲ့ ကော်လာနစ်ဖက်ကို ဆောင့်ဆွဲပြီး သူ့စားပွဲဆီကို အတင်းခေါ်သွားတော့တာပါပဲ။

"ဒီမယ် ဂျင်းလောင်းဝစ်၊ မနက်က ဆုံးမတာ မင်း မမှတ်သေးဘူးပေါ့ ဟုတ်လား၊ တမင် အရွဲ့တိုက်ပြီး ညည်း ငါ့ကို စမ်းနေတာပေါ့ ဟုတ်လား၊ လက်ဝါးဖြန့်"

ကျွန်မ လက်ဝါးထဲကို ဆရာမ တံတွေးထွေးထည့်မယ်လို့ ထင်လိုက်ပါတယ်။ မေကွမ်းရဲ့ရှေးဟောင်းဓလေ့လေ။ နူတ်ကတိ တစ်ခုခုလုပ်ပြီးတိုင်း အတည်ပြုတဲ့အနေနဲ့ တံတွေးထွေးရပါတယ်။ အဲဒီလို လုပ်ရအောင် ကျွန်မနဲ့ ဆရာမ ဘာ အပေးအယူမှလည်း လုပ်မထားပါဘူး။ ကျွန်မက အတန်းသားတွေဘက် လှည့်ကြည့်ပြီး မျက်လုံးနဲ့ အဖြေတောင်းလိုက်ပါတယ်။ သူတို့ကလည်း ဘာမှ နားမလည်သလို ကျွန်မကို ပြန်ကြည့်နေကြတယ်လေ။

ဆရာမက ကျွန်မ လက်ဖဝါးကို ပေတံနဲ့ ခြောက်ချက်တိတိ ရိုက်ပါလေ

mgyoe.com

mgyoe.com SAMPLE BOOK

ရော။ ပြီးတော့ အခန်းထောင့်မှာ သွားရပ်ခိုင်းပါတယ်။ တစ်တန်းလုံး ဝါးခနဲ ဝိုင်းရယ်ကြတယ်လေ။ နောက် သူ့ကိုစမ်းရင် ဒီလိုပဲ အရိုက်ခံရဦးမယ်လို့ ကြိမ်းတော့လည်း ထပ်ရယ်ကြပြန်ပါရော။ ဆရာမ မစ္စဘလောင့် အခန်းထဲဝင်လာမှ ငြိမ်သွားကြပါတယ်။ မစ္စဘလောင့်က ကျွန်မတို့ မြို့သူပါ။ ဒါပေမဲ့ ပညာရေးစနစ်သစ်ကိုတော့ ဆရာမ မသင်ရသေးပါဘူး။ လက်နှစ်ဖက်ကို တင်ပါးဆုံပေါ်မှာ ထောက်ပြီး ဟောက်ပါလေရော။

"ဘယ်လိုဖြစ်နေတာလဲ ဆရာမ၊ လက်ပံပင် ဆက်ရက်ကျတာထက် ဆိုးသေးတယ်။ နောက်ထပ် ဆူရဲဆူကြည့် တစ်ခန်းလုံး မီးရှို့ပစ်မယ်။ တကတဲ·· ဟိုဘက်အခန်းက စာသင်လို့ကို မရဘူး"

ကျွန်မ ကြာကြာ ဒဏ်တပ်မခံလိုက်ရပါဘူး။ နေ့လယ် မုန့်စားဆင်း ခေါင်းလောင်းထိုးသံ ထွက်လာလို့ပါပဲ။ နောက်ဆုံးမှ ကျွန်မ အခန်းထဲက ထွက်ရပါတယ်။ ဆရာမကာရိုလိုင်းတစ်ယောက် သူ့စားပွဲမှာ လက်မောင်းပေါ် ခေါင်းငိုက်စိုက်ကျပြီး ကျန်ရစ်ခဲ့ပါတယ်။ သူသာ ကျွန်မအပေါ်မှာ မဆိုးရင် သနားမိမှာပါ။ သူက ချောမောလှပပြီး ချစ်စရာကလေး မဟုတ်လား။

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ကစားကွင်းထဲမှာ ဝေါ်လ်တာကန်နီဂမ်ကို လှမ်းမြင်တော့ ကျွန်မ ဝမ်းသာအားရ ပြေးချသွားပြီး အတင်း နပန်းဖက်လုံးတော့တာပါပဲ။ ခွစီးထားပြီး သူ့မျက်နှာကို ဖုန်တောထဲမှာ နှစ်ထားတုန်း ဂျင်မ် အပြေးရောက်လာပါတယ်။

"ဟော့ တော်တော့၊ နင်က သူ့ထက် ဗလကောင်းတာ၊ ဘာလို့ အနိုင်ကျင့်ရတာလဲ"

"ဘာလဲ၊ သူနဲ့ ဂျင်မ်နဲ့ ရွယ်တူလောက်ပဲဟာ၊ သူ့ကြောင့် သူများ အရိုက်ခံရတယ်"

"သူ့ကို လွှတ်လိုက်၊ ဘာလို့ အရိုက်ခံရတာလဲ"

"သူ နေ့လယ်စာ မစားရသေးတဲ့ ကိစ္စပေါ့"

ဖြစ်ကြောင်းကုန်စင် ကျွန်မ ပြောပြလိုက်ပါတယ်။ ဝေါ်လ်တာက လူးလဲ ထပြီး ကျွန်မနဲ့ ဂျင်မ် ပြောတာကို နားထောင်နေပါတယ်။ လက်ဝါးဖြန့်လိုက်၊ လက်သီးဆုပ်လိုက်နဲ့။ ကျွန်မတို့မောင်နှမ သူ့ကို ဝိုင်းပြီးဆော်တော့မယ် ထင်နေပုံ ရပါတယ်။ ကျွန်မက သူ ထွက်ပြေးအောင် ခြောက်ဖို့ အားနဲ့ အရှိန်ယူလိုက်တော့ ဂျင်မ်က ကျွန်မကို လှမ်းဆွဲထားလိုက်ပါတယ်။

သူက ဝေါ်လ်တာကို ဒဏ်ရာ ရ၊ မရ ဂရုတစိုက်စစ်ဆေးပြီး 'မင်းအဖေ က ဆာရမ်ရွာပေါင်းမှာနေတဲ့ မစ္စတာဝေါ်လ်တာကန်နီဂမ် မဟုတ်လား' လို့ မေးတော့ ဝေါ်လ်တာ ခေါင်းညိတ်ပြပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဝေါ်လ်တာ့ မျက်လုံးတွေဟာ ဒီလ်ရဲ့ မျက်လုံးတွေလိုပဲ အပြာရောင်ပါ။ မျက်နှာကတော့ ဖြူဖျော့ဖျော့နဲ့ သွေးမရှိသလိုပါပဲ။ နှာခေါင်းထိပ်ဖျားကလေး တစ်နေရာမှာပဲ ပန်းနုရောင်ဖျော့ဖျော့ ရှိပါတယ်။ သူက စိတ်လှုပ်ရှားနေပုံနဲ့ ဘောင်းဘီက သတ္တုကြွင်းကလေးတွေကို လက်တစ်ဖက်နဲ့ ပွတ်နေတယ်။

ဂျင်မ်က ချက်ချင်း ပြုံးလိုက်ပြီးတော့-

“လာကွာ၊ ငါတို့အိမ်မှာ ထမင်းလိုက်စား၊ မင်းလိုက်ရင် တို့ သိပ်ဝမ်းသာမှာ ဝေါ်လ်တာ”

ဝေါ်လ်တာရဲ့မျက်နှာ ချက်ချင်းကြည်သွားတယ်။ ပြီးတော့ ချက်ချင်းပဲ ညှိုးကျသွားတယ်။ ဒီတော့ ဂျင်မ်က ဆက်ပြီး စည်းရုံးတယ်။

“ငါတို့အဖေက မင်းအဖေရဲ့ မိတ်ဆွေကွ၊ ဟောဒီ စကောက်ဆိုတဲ့ ကောင်မလေးကို ခေါင်းထဲမထားနဲ့၊ သူက ရူးပေါပေါရယ်၊ နောက် မင်းကို သူ ဘယ်တော့မှ ရန်မရှာစေရဘူး”

ကျွန်မ ဘယ်ခံမလဲ၊ ပြန်ပြောတာပေါ့။

“စကောက်ကတော့ အာမ မခံဘူးနော် ဂျင်မ်”

ဒါပေမဲ့ နေ့လယ် မုန့်စားဆင်းချိန်က ခဏလေးရယ်၊ ဆက်ငြင်းနေလို့ မဖြစ်တော့ဘူး။

“ကဲ-ဝေါ်လ်တာ၊ ငါ နင့်ကို နပန်းမလုံးတော့ပါဘူး၊ နင် ဗိုလ်စားပဲ မကြိုက်ဘူးလား၊ ငါတို့ ထမင်းချက်ကြီး ကားလ်က သိပ်ဟင်းချက်ကောင်းတာဟ”

ဝေါ်လ်တာက အောက်နှုတ်ခမ်းကိုကိုက်ပြီး တွေရပ်နေတယ်။ ကျွန်မတို့ မောင်နှမလည်း အချိန်မရတော့တာနဲ့ လစ်ကြတာပေါ့။ ရက်ဒ်လေအိမ်ကြီးနား ရောက်တော့မှ နောက်က လှမ်းအော်တဲ့ ဝေါ်လ်တာရဲ့အသံကို ကြားရတယ်။

“ဟေး...ငါ လိုက်မယ်”

ဝေါ်လ်တာ ကျွန်မတို့ကို မီလာတော့ ဂျင်မ်က သူ့ကို လိုလိုချင်ချင် စကား စပြောပါတယ်။ အိမ်ကြီးကို လက်ညှိုးထိုးပြပြီး--

“အဲဒီ အိမ်ကြီးအကြောင်း မင်း ကြားဖူးလား ဝေါ်လ်တာ”

“အင်း...ကြားဖူးတယ်ကွ၊ ငါ ကျောင်းစတက်တဲ့နှစ်က ကျောင်းဝင်းထဲ ကြွေကျတဲ့ သစ်ကြားသီးတစ်လုံး ကောက်စားမိလို့ ငါ့ကိုယ်ငါ သေပြီ အောက်မေ့လိုက်တယ်၊ သူတို့အပင်က သစ်ကြားသီးက ကျောင်းထဲ ကြွေကျတာလေ၊ အဲဒီ အသီးတွေကို ကျိန်စာတိုက်ပြီး ခြွေချကယ်လို့ ပြောကြတယ်”

ကျွန်မနဲ့ ဝေါ်လ်တာ နံဘေးမှာ ရှိနေရက်က ဂျင်မ် ကျောထဲ စိမ့်သွားပုံ

mgyoe.com

mgyoe.com SAMPLE BOOK

ရပါတယ်။ ကျွန်မ အစ်ကိုဟာ တကယ် လေထွားချင်တာပဲ။ ဝေါလ်တာ့ကို သူ ပြောပုံကြည့်လေ။

"ငါ အဲဒီ အိမ်ကြီးထဲ ဝင်သွားဖူးတယ်"

"အဲဒီ အိမ်ကြီးဆီကို ရောက်အောင် သွားဖူးတဲ့ တစ်ယောက်ဟာ အိမ်ရှေ့ ဖြတ်တိုင်း နောက်က ကျားလိုက်သလို ပြေးတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့နော်"

ကျွန်မက တိမ်တိုက်တွေကို မော်ကြည့်ပြီး ပြောလိုက်ပါတယ်။

"ဘယ်သူ အဲဒီလို ပြေးလို့လဲ မိစပ်စုရဲ့"

"ဘယ်သူ ရှိရဦးမှာလဲ၊ ဂျင်မ်ပေါ့၊ အဖော်မပါဘဲ ရက်ဒ်လေ အိမ်ရှေ့ ရောက်ရင် ဖနောင့်နဲ့တင်ပါး တစ်သားတည်းချည်းပဲ မဟုတ်လား"

ကျွန်မတို့အိမ်ရောက်တော့ လှေကားစတက်တာနဲ့ ဝေါလ်တာဟာ သူ့ ကိုယ်သူ ကန်နီဂမ်တစ်ယောက်ဆိုတာ မေ့သွားပုံရပါတယ်။ ဂျင်မ်က မီးဖိုထဲ ပြေးဝင်သွားပြီး ဧည့်သည်ပါလာတဲ့အကြောင်း၊ တစ်ပွဲ အပိုပြင်ပေးဖို့အကြောင်း ကားလ်ကို ပြောပါတယ်။

ဖေဖေကလည်း ဝေါလ်တာကို ဖော်ဖော်ရွေရွေ ကြိုဆိုပါတယ်။ သူတို့ နှစ်ယောက် ပြောကြတဲ့ သီးနှံအကြောင်း၊ စိုက်ပျိုးရေးအကြောင်း ကျွန်မတို့ မောင်နှမ ဘာမှ နားမလည်ပါဘူး။

"ကျွန်တော် စာမေးပွဲကျမှာပေါ့ အန်ကယ်ဖင့်ချ်၊ အိမ်မှာ အဖေ့ကို ကူနေ ရတော့ ကျောင်းမှန်မှန် ဘယ်မှာ တက်ရလို့လဲ။ နွားစာစဉ်းရ၊ ဝက်စာကျွေးရနဲ့၊ ဒါပေမဲ့ ဒီနှစ်တော့ ကူမယ့်တစ်ယောက် အိမ်မှာ ရောက်နေပါပြီ"

"ဒါဆို နင်တို့ သူ့ကို အာလူး ဘယ်လောက် ပေးရမှာလဲ"

ဖေဖေက ကျွန်မကို ခေါင်းယမ်းပြပါတယ်။

ဝေါလ်တာက အားရပါးရလွေးရင်း အဖေနဲ့ စကားလက်ဆုံကျနေတာ တွေ့ရတော့ ကျွန်မနဲ့ ဂျင်မ် အံ့ဩမဆုံးဖြစ်နေကြပါတယ်။ အဖေက တောင်ယာ လယ်လုပ်တို့ရဲ့ ပြဿနာတွေအကြောင်း ပြောနေတုန်းမှာ သကားဖောက် အချဉ်ရည် ရှိသလားလို့ ဝေါလ်တာက မေးပါတယ်။ ဖေဖေက ကားလ်ကိုခေါ်ပြီး တောင်းတော့ ချက်ချင်း ချိုင့်လိုက်ကြီး ချပေးလာပါတယ်။ ဝေါလ်တာဟာ အချဉ်ရည်တွေကို သူ့ပန်းကန်ထဲက အသီးအရွက်တွေနဲ့ အသားတုံးကြီးပေါ်ကို လောဘတကြီး လောင်းချနေပါလေရော။ ကျွန်မကသာ 'ဟဲ့– ဘယ်လိုလုပ် စားနေတာတုံး' လို့ မဟန့်လိုက်ရင် သူ့ နို့ခွက်ထဲကိုပါ လောင်းထည့်မလား မဆိုနိုင်ဘူး။

ချဉ်ရည်ချိုင့်ကို ပြန်ချတော့ ငွေပန်းကန်တစ်ချပ်နဲ့တိုက်မိပြီး အသံမြည်

mgyoe.com

mgyoe.com SAMPLE BOOK

သွားပါတယ်။ အဲဒီနောက်မှာ လက်နှစ်ဖက် ပေါင်ပေါ်တင်တည့်ပြီး ချဉ်ရည်တွေကို လျှာနဲ့ ငုံ့လျက်တော့တာပါပဲ။

ဖေဖေက ကျွန်မကို နောက်တစ်ချက် လှမ်းကြည့်ပြီး ခေါင်းခါပြပြန်ပါတယ်။ ဒါပေမဲ့ ကျွန်မ မပြောဘဲ မနေနိုင်တော့ပါဘူး။

"ချဉ်ရည်တွေထဲမှာ နှာခေါင်းနှစ်ပြီး သီးကုန်တော့မှာပဲ၊ ဟိုမှာ ကြည့်ပါဦး၊ ဆမ်းထားလိုက်တာ"

အဲဒီ အချိန်မှာ ကားလ်ပါးနီးယားက ကျွန်မကို မီးဖိုထဲ ခဏလာဖို့ လှမ်းခေါ်တော့တာပါပဲ။

သူ တော်တော် ဒေါပွနေပါပြီ။ ကားလ်စိတ်ဆိုးရင် သူ့စကားတွေ တောင်ရောက် မြောက်ရောက် ဖြစ်ကုန်စမြဲပဲ။ အမြီးအမောက် မတည့်တော့ဘူး။ ဘာမှ မဖြစ်ဘူးဆိုရင် သူ့ရဲ့စကားပြောဟန်က မေကွမ်းစံနဲ့ဆိုရင် အဆင့်မီပါတယ်။ ကားလ်ပါးနီးယားဟာ အခြားလူမည်းတွေနဲ့စာရင် ပိုပြီး စာတတ်တယ်လို့ ဖေဖေ ပြောဖူးတာ ကျွန်မ မှတ်မိနေတုန်းပဲ။

ကျွန်မကို စွေကြည့်နေတဲ့အခါ သူ့မျက်လုံးတစ်ဝိုက်က အရေးအကြောင်းကလေးများ ပိုထင်ရှားသွားပါတယ်။

"ဒီမယ် သမီး၊ တို့လို မစားတတ်တဲ့လူတွေ ရှိတယ်။ ဒါပေမဲ့ သူတို့နဲ့ တစ်စားပွဲတည်း ထိုင်ပြီး ရန်မဖြစ်ရဘူး။ ပြီးတော့ ကောင်လေးဟာ သမီးသူငယ်ချင်းပဲ။ သူဘာသာသူ စားပွဲခင်းတွေပါ ဝါးစားချင် စားပါစေ၊ ဘာမှ မပြောနဲ့···ကြားလား"

သူ့အသံက တိုးပေမယ့် စူးစူးရှရှပါ။

"သူဟာ သမီးသူငယ်ချင်း မဟုတ်ဘူး ကားလ်၊ သူက ကန်နီဂမ်တစ်ယောက်ပဲဟာ"

"ပါးစပ်ပိတ်ထားစမ်း၊ သူ ဘယ်သူဖြစ်ဖြစ် ဒီအိမ်ထဲကို ရောက်လာရင် ဒီအိမ်ရဲ့ဧည့်သည်ပဲ၊ သမီး သူနဲ့အတူတူ မစားချင်ရင် မီးဖိုခန်းထဲမှာ လာစား"

ကားလ်က ဆင်နားရွက်တံခါး တွန်းဖွင့်ပြီး ထမင်းစားခန်းထဲ တွန်းလွှတ်ပါတယ်။ ကျွန်မလည်း ပန်းကန်ကိုယူလာပြီး မီးဖိုခန်းထဲမှာပဲ ပြီးအောင် ဆက်စားလိုက်ရတော့တာပေါ့။ ကားလ်ကို ကျေးဇူးတင်သလိုလိုတောင် ဖြစ်လိုက်မိပါတယ်။ ထမင်းဝိုင်းမှာ ပြန်ထိုင်ရင် ကျွန်မ အနေရ အထိုင်ရ ကျပ်နေဦးမှာ မဟုတ်လား။

ဒါပေမဲ့ စားပြီးတော့ ကားလ်ကို ကြိမ်းဖြစ်အောင် ကြိမ်းလိုက်ပါသေးတယ်။ တစ်နေ့ တွေ့မယ်လို့၊ လူအလစ်မှာ ထွက်ပြေးပြီး ရေထဲ ခုန်ချမယ်လို့၊

mgyoe.com

mgyoe.com SAMPLE BOOK

နောင်တရလို့ မဆုံးအောင် လုပ်ပြမယ်လို့၊ ပြီးတော့ သူ့ကြောင့် ဒီနေ့ ဒုက္ခရောက်ရတဲ့အကြောင်းလည်း ဖြည့်ပြောလိုက်သေးတယ်။ ကျွန်မ စာရေးတတ်တာ သူ့ကြောင့် မဟုတ်လား။ ဒီတော့ သူက ထုံးစံအတိုင်း 'ပါးစပ် ပိတ်ထားလိုက်လို့ ဆိုနေတယ်' တဲ့လေ။

ဂျင်မ်နဲ့ ဝေါလ်တာတို့ ကျွန်မရှေ့ကနေ ကျောင်းကို ပြန်နှင်ကြပါတယ်။ ကျွန်မက ကားလ် စိတ်ပုပ်တဲ့အကြောင်းတွေ ဖေဖေ့ကိုတိုင်ဖို့ တမင် ချန်နေရစ်တာပါ။ ဟိုအိမ်ရှေ့ကျရင် တစ်ကြိုးတည်း စွတ်ပြေးရ ပြေးရပေါ့။

'သူက ဂျင်မ်ကျတော့ ဘာမှ မပြောဘူး၊ သမီးကျတော့ ထစ်ခနဲဆို ဆူဖို့ပဲ' လို့ နိဂုံးချုပ်ပြီး ကားလ်ကို အလုပ်ထုတ်ပစ်ဖို့ ကျွန်မ တောင်းဆိုလိုက်ပါတယ်။

"ဂျင်မ်က သမီးတစ်ဝက်တောင် သူ့ကို နားပူနားဆာ မလုပ်ဘူးဆိုတာကော စဉ်းစားမိရဲ့လား"

ဖေဖေ့အသံက ခပ်မာမာ။

"ကားလ်ကို ထုတ်ပစ်ဖို့ ဖေဖေ ခုလည်း စိတ်မကူးဘူး၊ နောင်လည်း ဘယ်တော့မှ စိတ်ကူးမှာ မဟုတ်ဘူး။ သူမရှိရင် တို့သားအဖတွေ တစ်ရက်တောင် နေလို့ဖြစ်မှာ မဟုတ်ဘူး။ သမီးကို ကားလ်လောက် အလိုလိုက်တာ ဘယ်သူရှိလဲ၊ စဉ်းစားကြည့်စမ်း။ သမီးကသာ သူ့ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်လုပ်နေတာ၊ ဖေဖေ ပြောတာ ကြားလား"

ကျောင်းပြန်ရောက်တဲ့အထိ ကားလ်ကို မုန်းတီးစိတ်တွေ တဖွားဖွား ပေါ်နေတုန်းပါပဲ။ အခန်းထဲရောက်လို့ ဆရာမရဲ့ စူးစူးဝါးဝါး အော်သံကြားမှ ကျွန်မရဲ့ စိတ်ချဉ်ပေါက်ပေါက်နဲ့ တွေးနေတဲ့ အတွေးတွေ ပျောက်ကွယ်သွားပါတော့တယ်။

တစ်မျက်နှာလုံး သွေးဆုတ်ဖြူရော်နေတဲ့ ဆရာမကာရိုလိုင်းဟာ အခန်းလယ်မှာ ရပ်ပြီး တုန်တုန်ယင်ယင်ဖြစ်နေပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ ကြိုးကြိုးစားစား သိက္ခာဆည်လိုက်ပြီး အကြောက်မပြေသေးတဲ့ ပုံမျိုးနဲ့-

"အရှင်ကြီး…အရှင်ကြီး ဟဲ့" လို့ ဆက်အော်ပြန်ပါတယ်။

ကောင်လေးတွေက ဆရာမကို အကာအကွယ်ပေးဖို့ ပြေးသွားကြပါတယ်။

ဟာ…သေတော့မှာပဲ၊ ကြွက်တစ်ကောင်တွေ့လို့ အကြောက်လွန်နေတာ ဖြစ်မယ်လို့ ကျွန်မ ထင်လိုက်ပါတယ်။

လူကောင်သေးလို့ သူနာမည်နဲ့တွဲပြီး ချပ်ကလေးဆိုတဲ့ ချာတိတ်က 'အကောင်ပလောင်တွေကို မဖြဲတဲ့ ပုံစံမျိုးပါ။ သူက-

mgyoe.com

mgyoe.com SAMPLE BOOK

"ဘယ်ဘက်ကို ပြေးတာလဲ ဆရာမ၊ ကျွန်တော်တို့ကို ပြောပါ၊ ဘယ်ဘက် ပြေးတာ မြင်လိုက်လဲ၊ ဟော့ ဒီစီး…တံခါးမြန်မြန်ပိတ်လိုက်"

သူ့နောက်က ကောင်လေးကို လှမ်းပြောပြီး-

"တို့ မိအောင် ဖမ်းမယ်ဟေ့၊ ဟော့ကောင် မြန်မြန်လုပ်လေကွာ၊ ဆရာမ ဘယ်ဘက်ကို သူ ပြေးတာလဲ" လို့ မေးပါတယ်။

ဆတ်ဆတ်တုန်နေတဲ့ ဆရာမရဲ့လက်ညှိုးညွှန်ပြတဲ့နေရာက သူ့စားပွဲဆီကို လည်း မဟုတ်ဘူး၊ ကြမ်းပြင်ပေါ်ကိုလည်း မဟုတ်ဘူး။ ကျွန်မ မသိတဲ့ ကောင်လေး တစ်ယောက်ကို လက်ညှိုးထိုးပြနေပါတယ်။ ကောင်လေးပုံက ဝတုတ်တုတ်၊ ထုံ ထိုင်းထိုင်းပါ။ ချပ်ကလေးရဲ့မျက်နှာ ရှုံ့မဲ့သွားပြီး၏

"ဆရာမ သူ့ကို ပြောတာလား၊ ဟုတ်ပါတယ်၊ သူက အသက်ရှင်ရက်ပါ၊ သူ့ကို ဆရာမ ကြောက်နေတာလား ဟင်"

ဆရာမက သောက်တည်ရာမရ ဖြစ်နေပုံနဲ့-

"ဆရာမ အဲဒီအနားက ဖြတ်လျှောက်သွားတုန်းမှာ သူ့ဆံပင်ထဲကို အဲဒီ ကောင် တွားသွားနေတာ၊ သူ့ဆံပင်ထဲက ထွက်လာတာ"

ဒီတော့မှ ချပ်ကလေးက ရယ်ပြီး-

"သြော်…ဆရာမက သန်းကြေးမတစ်ကောင်ကို လန့်နေတာကိုး၊ သန်း ကြေးမက ဘာမှ အန္တရာယ်မရှိပါဘူး ဆရာမ၊ မကြောက်ပါနဲ့၊ ဆရာမ သန်းကြေးမ ကို မမြင်ဖူးဘူးလားဟင်၊ ကဲ…ဆရာမ စားပွဲကို ပြန်သွားပါ၊ ဘာမှ ကြောက်စရာ မရှိပါဘူး၊ ကျွန်တော်တို့ကို စာသာ ဆက်သင်ပါနော်"

ချပ်ကလေးဟာလည်း နေ့စာ၊ ညစာကို နပ်ကျော်စားနေရတဲ့ အုပ်စုထဲ ကပါပဲ။ ဒါပေမဲ့ သူက လူကြီးလူကောင်းဟန်နဲ့ နေတတ်တယ်။ သူက ဆရာမ လက်မောင်းကိုတွဲပြီး စားပွဲကို ပြန်ပို့ပေးပါတယ်။

"သန်းကြေးမဟာ ကြောက်စရာ မဟုတ်ပါဘူး ဆရာမရယ်၊ ကျွန်တော် ရေအေးအေး တစ်ခွက် သွားခပ်ပေးမယ်နော်" လို့ ပြောပါတယ်။

သန်းကြေးမပိုင်ရှင်က ဒီအဖြစ်အပျက်ဟာ သူနဲ့ ဘာမှ မဆိုင်သလို နဖူးပေါ်က ဆံပင်ထဲ ကျူးကျူးကျော်ကျော်ရောက်နေတဲ့ သန်းကြေးမကိုဖမ်းပြီး လက်ညှိုးနဲ့ လက်မကြားမှာ ခြေမွပစ်လိုက်ပါတယ်။

ဆရာမကာရိုလိုင်းဟာ သူ့လုပ်ပုံကို ပါးစပ်အဟောင်းသား မျက်တောင် မခတ် စိုက်ကြည့်နေတယ်။ ချပ်ကလေးက စက္ကူခွက်နဲ့ ရေယူလာတော့ ဆရာမက ဝမ်းသာအားရ ယူသောက်လိုက်ပြီး ခပ်တိုးတိုး မေးပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"သားနာမည် ဘယ်သူလဲကွယ်"

ဝတုတ်ကလေးက မျက်လုံး ပေကလတ် ပေကလတ်နဲ့-

"ဘယ်သူ့ကို မေးတာလဲ၊ ကျွန်တော့်ကိုလား"

ဆရာမ ခေါင်းညိတ်ပြတော့ သူက ဖြေပါတယ်။

"ဘားရစ်အားဝဲလ်"

ဆရာမက ကျောင်းခေါ်ကြိမ် စာအုပ်မှာ ဖွင့်ပြီး-

"စာအုပ်ထဲမှာ အားဝဲလ်တစ်ယောက် တွေ့တယ်၊ ဒါပေမဲ့ ပထမနာမည် ရေးမထားဘူး၊ ဆရာမအတွက် မင်း စာလုံးပေါင်းပြပါလား"

"မပေါင်းတတ်ဘူး၊ ဒီလိုပဲ ဘားရစ်လို့ ခေါ်ကြတာပဲ"

"ကောင်းပြီ ဘားရစ်၊ ဒီနေ့လယ်ပိုင်းအတွက် မင်းကို အနားပေးလိုက်မယ်၊ အိမ်ပြန်ပြီး ခေါင်းလျှော်ပစ်လိုက်၊ ဟုတ်ပြီလား"

ဆရာမက စားပွဲပေါ်က စာအုပ်ထူကြီးကိုလှန်ပြီး ခဏဖတ်နေပါတယ်။ ပြီးမှ စကားဆက်ပါတယ်။

"အကောင်းဆုံးကတော့ မင်း ဆပ်ပြာနဲ့ ခေါင်းလျှော်ပစ်လိုက်၊ ပြီးတာနဲ့ ဆံပင်ကို ရေနံဆီနဲ့ပွတ်၊ ဟုတ်ပြီလား"

"ဘာအတွက်လဲ ဆရာမ"

"အဲ...အဲ့ဒီ သန်းကြေးမတွေ ပျောက်သွားအောင်ပေါ့ကွယ်၊ တခြား ကလေးတွေကိုလည်း မကူးတော့ဘူးပေါ့၊ ပိုမကောင်းဘူးလား ဘားရစ်"

ကောင်လေးက ထ ရပ်လိုက်ပါတယ်။ သူ့လောက် ရွံစရာကောင်းတဲ့ ကလေးမျိုး တစ်ခါမှ ကျွန်မ မမြင်ဖူးပါဘူး။ ကုပ်ကလည်း ကြေးလက်လေးသစ်နဲ့၊ လက်ခုံတွေမှာလည်း မည်းညစ်နေတာပဲ၊ လက်သည်းတွေကလည်း အလားတူပါပဲ။

"ပြီးတော့ မနက်ဖြန် ကျောင်းလာခါနီးမှာ ရေချိုးခဲ့ပါ"

ကောင်လေးက မခိုးမခန့် ရယ်ပါတယ်။

"ဆရာမ ကျွန်တော့်ကို အိမ်ပြန်ခိုင်းဖို့ မလိုပါဘူး၊ ကျွန်တော့်ကိစ္စ ပြီးပြီ၊ နောက်လည်း လာတော့မှာ မဟုတ်ဘူး"

ဆရာမ ခေါင်းရှုပ်သွားပုံ ရပါတယ်။

"မင်း ဘာဆိုလိုတာလဲ ဘားရစ်"

ကောင်လေးက ဘာမှ ပြန်မပြောဘူး။ ဒီတော့မှ အတန်းထဲမှာ အကြီးဆုံး ကျောင်းသားတစ်ယောက်က ထရှင်းပါတယ်။

"သူက အားဝဲလ်မျိုးထဲက တစ်ယောက်ပါ ဆရာမ"

mgyoe.com

ဒီလောက်နဲ့ ဆရာမ နားလည်နိုင်မယ် မထင်ပါဘူး။ မနက်က ကျွန်မ ရှင်းသလိုဖြစ်တော့မှာပဲလို့ တွေးလိုက်မိတယ်။ ဒါပေမဲ့ ဒီတစ်ခါ ဆရာမက သေသေချာချာ နားထောင်ပါတယ်။

"ဒီကျောင်းမှာ သူတို့ အမျိုးတွေ အများကြီးပဲ ဆရာမ၊ ကျောင်းဖွင့်ရင် ပထမတစ်ရက်ပဲ လာတက်တယ်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ရဲနဲ့ခေါ်က်လို့ သူတို့ လာတက်ကြတာ၊ ဆရာမ သူ့ကို တစ်နှစ်လုံး 'ရက်ပျက်' ချရုံပဲ ရှိတယ်"

"ဟင်–ဒါဖြင့် သူ့မိဘတွေက…"

ဆရာမ စိတ်မကောင်းဖြစ်သွားပုံနဲ့ မေးပါတယ်။

"သူ့မှာ အမေ မရှိပါဘူး ဆရာမ၊ အဖေက ဘယ်သူနဲ့မှ မတည့်ဘူး၊ လူ့ခွစာကြီး"

သူ့အကြောင်း ပြည့်ပြည့်စုံစုံ ပြောနေတဲ့အတွက် ဘားရစ်အားဝဲလ်က စိတ်မဆိုးတဲ့အပြင် ဘဝင်ခွေ့သွားပုံရတယ်။

"ပထမတန်းကို ကျောင်းဖွင့်တဲ့နေ့မှာ လာတက်တယ်၊ အဲဒါ သုံးနှစ်ရှိပြီ၊ ဒီနှစ် တကယ်ကျောင်းတက်ရင် နှစ်တန်းတက်ရကောင်းပါရဲ့" လို့ မခိုးမခန့်ပြော ပါတယ်။

"ကဲ– နေရာမှာ ပြန်ထိုင်တော့ ဘားရစ်"

အဲဒီမှာ ဆရာမ မှားသွားပြီလို့ ကျွန်မ သိလိုက်ပါတယ်။ သူ့ကိုယ်သူ ထင်တစ်လုံးနဲ့ ဖြစ်နေတဲ့ ကောင်လေးဟာ ဒေါသဖြစ်သွားပါလေရော။

"ဆရာမက ကျွန်တော့်ကို နှိမ်တာပဲ"

အဲဒီမှာ ချပ်ကလေးက ထပြီး–

"သူ့ကို ပြန်လွှတ်လိုက်ပါ ဆရာမ၊ ဒီကောင်ဟာ အလကား ပြဿနာကောင်၊ သူရှိနေရင် တစ်ခုခုဖြစ်လိမ့်မယ် ဆရာမ၊ သူလိုကောင်တွေ ဒီမှာ အများကြီး ရယ်"

ချပ်ကလေးဟာ တကယ့်ညှက်ညှက်ကလေးပါ။ ဒါပေမဲ့ အားဝဲလ်က သူ့ဘက် လှည့်လိုက်တာနဲ့ သူ့လက်တစ်ဖက်ဟာ အိတ်ထဲ ရောက်သွားပြီး–

"မင်း ရှေ့တစ်လှမ်းတိုးရဲရင် တိုးခဲ့၊ မင်းကို ငါ အပြတ်ရှင်းမယ် ဘားရစ်၊ မင်း ခုချက်ချင်း ပြန်တော့"

သူ့ခါးလောက်ရှိတဲ့ ချာတိတ်ကို ဘားရစ် ဖြုံသွားပုံ ရပါတယ်။ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတဲ့ ဘားရစ်ကို ဆရာမက အခွင့်ကောင်းယူပြီး ဝင်ပြော ပါတယ်။

mgyoe.com

mgyoe.com

"ကဲ…မင်းပြန်တော့ ဘားရစ်၊ မဟုတ်ရင် ဆရာမ ကျောင်းအုပ်ဆရာကြီးကို ခေါ်ရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီအကြောင်း တိုင်တော့ တိုင်ရမယ်"

ဘားရစ်ဟာ ခေါင်းငိုက်စိုက်ချပြီး အခန်းထဲက ဖြည်းဖြည်းချင်း ထွက်သွားပါတယ်။ အခန်းဝ ရောက်မှ ပြန်လှည့်ပြီး–

"ခင်ဗျားက တိုင်မယ် ဟုတ်လား၊ ကျွန်တော့်ကို နိုင်မယ့်လူ ဘယ်လိုဆရာမမှ လူ့ပြည်မှာ မရှိဘူး၊ ခင်ဗျား ပြန်ခိုင်းတိုင်း ပြန်ချင်မှ ပြန်မှာပေါ့၊ အဲဒါ ခင်ဗျား မြဲမြဲမှတ်ထားပါ"

ဆရာမ ငိုချလိုက်တဲ့အထိ သူ စောင့်နေပါသေးတယ်။ ပြီးမှ ပြေးထွက်သွားပါတယ်။ အားလုံး ဆရာမ စားပွဲမှာသွားစုပြီး နှစ်သိမ့်အားပေးကြရပါတယ်။

"ဒီကောင်လေးဟာ အလကား ကလေကချေ ကောင်လေးပါ"

"သက်သက် စော်ကားသွားတာပဲ"

"ဒီလိုကောင်တွေကို ကျောင်းက လက်ခံပြီး စာသင်ဖို့ မကောင်းပါဘူး"

"မေကွမ်းမှာ ဒီလိုကောင်မျိုး မရှိသင့်ပါဘူး ဆရာမရယ်"

"စိတ်မပျက်ပါနဲ့ ဆရာမရယ်"

"ပုံပြောပါဦး ဆရာမရယ်၊ မနက်က ပြောတဲ့ ကြောင်ဇာတ်လမ်းက သိပ်နားထောင်လို့ ကောင်းတာပဲ"

စသဖြင့် စသဖြင့်ပေါ့လေ။ ဒီတော့မှ ဆရာမ တဖြည်းဖြည်း ပြုံးလာတယ်။ နှပ်ညှစ်ပြီး–

"ကျေးဇူးတင်ပါတယ် ကလေးတို့ရယ်" လို့ ပြောပြောဆိုဆို စာအုပ်ကြီးကို ဖွင့်ပါတယ်။ ပြီးမှ ခန်းမဆောင်ကြီးထဲမှာနေတဲ့ ဖားပြုပ်ကြီးတစ်ကောင်အကြောင်း စပြောပါတော့တယ်။

ဒီနေ့အဖို့ ရက်ဒ်လေအိမ်ကြီးရှေ့ကို လေးခါကြီးများတောင် ဖြတ်ရပါတယ်။ နှစ်ခါကတော့ အပြေးမယ်တစ်ယောက် အတိုင်းပါပဲ။ ကျွန်မရဲ့ အတွေးတွေဟာ အဲဒီ အိမ်ကြီးအတိုင်း ထုံထိုင်းမှုန်မှိုင်းလို့ နေပါတယ်။ အင်း…ကျန်တဲ့ စာသင်နှစ် တစ်နှစ်လုံး ဒီနေ့လိုမျိုးဆိုရင်တော့ ပျော်စရာကလေး မဆိုစလောက်တော့ ရှိပါရဲ့။ ဒါပေမဲ့ ကိုးလလုံးလုံးကြီး စာရေး၊ စာဖတ် မလုပ်ရဆိုတဲ့ ပုံစံကြီးနဲ့ ကျွန်မ နေနိုင်မယ် မထင်ပါဘူး။ ထွက်ပြေးမိမှာ သေချာသလောက်ပါပဲ။

ညနေပိုင်း အဖေ ပြန်လာတာမြင်တော့ ထုံးစံအတိုင်း ကျွန်မနဲ့ ဂျင်မ်လမ်းပေါ်ကို ပြေးထွက်ကြိုကြပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ခြေလှမ်းတွေ သိပ်မသွက်

mgyoe.com  SAMPLE BOOK 

လုပ်ပါဘူး။ နေ့တိုင်းဆိုရင် စာတိုက်ထောင့်အထိ ကျွန်မတို့ အရောက်ပြေးကြိုကြပါတယ်။

မနက်ပိုင်းက ထမင်းဝိုင်းမှာ ဖြစ်တဲ့ကိစ္စကို ဖေဖေက မေ့မေ့ပျောက်ပျောက်ထားလိုက်ပုံ ပေါ်ပါတယ်။ ကျောင်းအကြောင်းချည်း မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆက်ထုတ်နေပါတယ်။ ကျွန်မက တစ်ခွန်းမေး တစ်ခွန်းဖြေပါပဲ။ ဝတ်ကျေတမ်းကျေပေါ့။ နောက်တော့ ဖေဖေလည်း အတင်း ဖွတ်ထပ်မမေးတော့ပါဘူး။

ကျွန်မရဲ့ပထမနေ့ ကျောင်းအတွေ့အကြုံတွေ သိပ်ဟန်မကျဘူးဆိုတာ ကားလ် ရိပ်မိပုံရတယ်။ မီးဖိုထဲခေါ်ပြီး ညစာဝိုင်းပြင်တာကိုကြည့်ဖို့ ကျွန်မကို ခေါ်ပါတယ်။

"ကဲ…သမီး မျက်စိမှိတ်ပြီး ပါးစပ်ဟထား၊ သမီး အံ့သြစရာ ကားလ် ကျွေးမယ်" လို့ပြောတော့ ကျွန်မ သိလိုက်ပြီ။ ကျွန်မကြိုက်တဲ့ ပေါင်မုန့်ကြွပ်တွေ လုပ်ထားပြီ။ သူ့မှာ အချိန်မရှိလို့ ခဏခဏ မဖုတ်နိုင်တဲ့အကြောင်း မကြာမကြာ ပြောတတ်ပါတယ်။

"သမီးကို ကားလ် အောက်မေ့လိုက်တာ၊ သမီးမရှိတော့ အိမ်ကြီးတစ်ခုလုံး ဟာလာဟင်းလင်းကြီး ဖြစ်နေသလိုပဲ။ နှစ်နာရီလောက်ကျတော့ ရေဒီယို ထဖွင့်ရတယ်"

"ဘယ်လိုကြောင့်လဲ၊ ခါတိုင်းလည်း သမီးနဲ့ဂျင်မ်က အမြဲတမ်း အိမ်မှာ ရှိတာမှ မဟုတ်တာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးတို့က တစ်ခေါ်လောက်မှာတင် ရှိနေတာ မဟုတ်လား၊ အင်း…သမီးတို့ကို အော်ခေါ်ရတဲ့ အချိန်တွေ ပေါင်းလိုက်ရင် …ကဲ".

ကုလားထိုင်က ထပြီး "ဒါလောက်ဆို ပေါင်မုန့်ကြွပ်လောက်ပြီ၊ ကဲ… သမီး ဟင်းပွဲတွေ ထမင်းစားခန်းထဲ ယူသွားတော့" လို့ ပြောပါတယ်။ ငုံ့ပြီးတော့လည်း ကျွန်မကို နမ်းသေးရဲ့။ ကျွန်မက သူခိုင်းတဲ့အတိုင်းလုပ်ရင်း ကားလ် ဘာဖြစ်နေတာပါလိမ့် စဉ်းစားတယ်။ သက်သက် ကျွန်မကို ချော့နေတာ ဖြစ်မှာ။ သူ့အမှားကို သူ သိသွားပြီ ထင်ပါရဲ့၊ သူ စိတ်မကောင်းတဲ့အကြောင်းတော့ ထုတ်ပြောမှာ မဟုတ်ဘူး။ သူကလည်း ကျွန်မနဲ့အပြိုင် ခေါင်းကြောမာပဲ။ ဒီနေ့ ကျွန်မရဲ့ ပြစ်မှုတွေကို ပြန်စဉ်းစားပြီး စိတ်တွေ ပင်ပန်းနေပါတယ်။

ညစာစားပြီးတော့ ဖေဖေက သတင်းစာဖတ်ဖို့ ထိုင်ရင်း လှမ်းခေါ်ပါတယ်။

"ကဲ…သမီးလေး စကောက်၊ လာလေ သတင်းစာဖတ်ကြမယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းတွေလေးနေတာနဲ့ ကျွန်မ ဆင်ဝင်ဘက်ကို ထွက်သွားမိပါတယ်။

ဖေဖေ နောက်က လိုက်လာပြီး–

"သမီး ဘာဖြစ်နေလဲ၊ ဖေဖေ့ကို ပြောလေ"

ကောင်းကောင်း နေမကောင်းတဲ့အကြောင်း၊ ဖေဖေ သဘောတူမယ်ဆိုရင် ကျောင်းကို မသွားချင်တော့ကြောင်း ပြောလိုက်ပါတယ်။

ဖေဖေက ခြေထောက်နှစ်ဖက်ကို ကြက်ခြေခတ်ပြီး ဒန်းပေါ်မှာ ထိုင်လိုက်ပါတယ်။ နာရီအိတ်ထဲကို လက်နှိုက်ကာ ဟိုစမ်း ဒီစမ်းလုပ်ရင်း ကျောင်းနေရတာထက်ကောင်းတာ မရှိဘူးလို့ပြောပြီး ကျွန်မကို နားချပါတယ်။

ပြီးတော့ သူက ကျွန်မရဲ့တုံ့ပြန်မှုကို ပြုံးပြုံးကြီးနဲ့ စောင့်နေတယ်လေ။ ကျွန်မကလည်း ဘယ်လျှော့မလဲ၊ ဘယ်လို ဆင်ခြေ ပေးရမလဲဆိုတာ စဉ်းစားရတော့တာပေါ့။

"ဖေဖေလည်း ငယ်ငယ်က ကျောင်းမနေဘဲ စာဖတ်တတ်ခဲ့တာပဲ၊ ဘာဖြစ်လဲ၊ သမီးလည်း အဲဒီလိုပဲ နေမှာပေါ့၊ ဖေဖေ သင်ပေးပေါ့၊ ဘွားဘွားက ဖေဖေနဲ့ အန်ကယ်ဂျက်ကို သင်ပေးသလိုလေ"

"မဖြစ်နိုင်ဘူး သမီးလေးရဲ့၊ ဖေဖေက အလုပ်လုပ်နေရသေးတယ်လေ၊ ပြီးတော့ သမီးကို ကျောင်းမပို့ရင် ဖေဖေ့ကို ဖမ်းပြီး ထောင်ချကြမှာပေါ့။ ည ဝမ်းနုတ်ဆေးပျော့ပျော့ကလေး သောက်လိုက်၊ မနက်ကျရင် ကျောင်းသွားနော် သမီး"

"သမီး ဘာမှ မဖြစ်ပါဘူး"

"အင်း ဖေဖေ သိပါတယ်၊ ကဲ ဘာဖြစ်တာလဲ၊ အားလုံး ဖေဖေ့ကို ပြောပြ"

ဒီနေ့ အမြီးအမောက် မတည့်ခဲ့တဲ့ကိစ္စအားလုံး တစ်ခုချင်း ကျွန်မ ပြောပြလိုက်ပါတယ်။

"ပြီးတော့ ပြောသေးတယ်၊ ဖေဖေက သမီးကို စာသင်ပေးတယ်တဲ့၊ ဒါပေမဲ့ အမှားတွေတဲ့၊ နောက် ဖေဖေ မသင်ပေးပါစေနဲ့တဲ့၊ ဒါဆို ဖေဖေနဲ့အတူတူ စာမဖတ်ရတော့ဘူးပေါ့၊ သမီးကို ကျောင်းပြန်မပို့ပါနဲ့ ဖေဖေ၊ သမီး တောင်းပန်ပါတယ်နော်"

ဖေဖေ ဒန်းပေါ်က ဆင်းလိုက်ပါတယ်။ ပြီးတော့ ဆင်ဝင်တစ်ဖက်စွန်းကို လျှောက်သွားပြီး စပျစ်နွယ်တွေ ငုံ့ကြည့်နေတယ်။ ပြီးမှ ကျွန်မဆီ ပြန်လျှောက်လာပြီး စကား စပါတယ်။

"သမီး ပထမဦးဆုံး နားလည်ထားဖို့က လူတွေနဲ့ အဆင်ပြေဖို့၊ သူတို့

mgyoe.com

mgyoe.com SAMPLE BOOK

ရှုထောင့်ကနေ ဝင်ကြည့်တတ်ဖို့ပဲ။ အဲဒီလို မကြည့်တတ်မချင်း သမီး ဘယ်သူ့ကိုမှ နားလည်နိုင်မှာ မဟုတ်ဘူး၊ သူတို့ ဖိနပ်ကိုစီးပြီး သူတို့နေရာက ခံစားကြည့်တတ်ရမယ်''

''ဖေဖေ ပြောတာ သမီး နားမလည်ဘူး''

''လူတစ်ယောက်ရဲ့ ရင်ထဲကိုဝင်ပြီး သူ ဘယ်လိုတွေးလဲ၊ ဘာကြောင့် ဒီလိုတွေးလဲ''

ဖေဖေက ဆက်ရှင်းပြပါတယ်။ ဒီနေ့ ကျွန်မ ပညာတွေ အများကြီးရလိုက်တယ်တဲ့။ မစ္စကာရိုလိုင်းကိုယ်တိုင်လည်း အလားတူပဲတဲ့။ ကန်နီဂမ်တစ်ယောက်ကို ပေးဖို့ကမ်းဖို့ မဖြစ်နိုင်ဘူးဆိုတာ သူ သိသွားတယ်။ ဝေါလ်တာနဲ့ ကျွန်မဟာ သူ့ဘက်က ဝင်ကြည့်တတ်ရင် ဒါဟာ ရိုးရိုးသားသား အမှားဆိုတာ သိနိုင်တယ်တဲ့။ မေကွမ်းအကြောင်း တစ်ရက်တည်းနဲ့ ဒီဆရာမ သိရမယ်လို့ မျှော်လင့်မထားသင့်ဘူးတဲ့။ မသိရကောင်းလား ဆိုပြီးတော့လည်း သူ့ကို အပြစ်မတင်သင့်ဘူးတဲ့။

''သမီး စာဖတ်တတ်နေတာကို သူ အပြစ်တင်တာကျတော့ကော။ မသွားဘူး၊ သမီး ကျောင်းမတက်တော့ဘူး''

အားဝဲလ်အကြောင်း ခေါင်းထဲကို ဒိုင်းခနဲ ဝင်လာပါတယ်။

''ဖေဖေ ဘားရစ်အားဝဲလ်ကို မှတ်မိလား၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ပထမနေ့ သူတက်ရင်ပြီးရော၊ ကျောင်းခေါ်ကြိမ်စာအုပ်မှာ တစ်ရက်ပါရင် ပြီးရော ဆိုပြီး...''

''မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ သမီး အဲဒီလိုလုပ်လို့ မရဘူး။ တချို့ကိစ္စတွေမှာ ဥပဒေကို မျှော့ကြိုးလို လုပ်လို့ရတယ်၊ သမီးကိစ္စမျိုးမှာ လုပ်လို့မရဘူး၊ အရမ်းတင်းကျပ်တယ်၊ ဒီတော့ ကျောင်းမသွားလို့ မရဘူး''

''အားဝဲလ် ကျောင်းမတက်တာကျတော့ ဘာမှ မဖြစ်ဘဲနဲ့''

''ကဲ...ဒါဆို သမီး နားထောင်''

ဒီတော့မှ ဖေဖေက ရှင်းပြပါတယ်။ အားဝဲလ် မျိုးနွယ်တွေဟာ မျိုးဆက်သုံးခုလုံးလုံး မြို့ရဲ့နာမည်ပျက်စာရင်းဝင်တွေ ဖြစ်ခဲ့တယ်တဲ့။ သူ မှတ်မိသလောက် သူတို့ဟာ ကောင်းရောင်းကောင်းဝယ် လုပ်စားတယ်လို့ တစ်ရက်မှ မရှိဘူးတဲ့။ ခရစ္စမတ်ကျရင် သူတို့ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်ဆိုတာ ကျွန်မကို ခေါ်သွားပြီးပြမယ်တဲ့။ သူတို့ဟာ လူသားတွေဖြစ်ပေမယ်လို့ ဂိရစ္ဆာန်တွေလို နေကြတာတဲ့။

''သူတို့ဟာ ပညာလိုချင်စိတ် နည်းနည်းမှ မရှိကြဘူး၊ ရှိရင် အချိန်မရွေး

mgyoe.com SAMPLE BOOK

ကျောင်းတက်လို့ရတာပဲ။ ကျောင်းကို အတင်းအကျပ် မတက်မနေရ လုပ်တဲ့နည်း တွေ ရှိတာပဲ။ ဥပဒေလည်း ရှိပြီးသားပဲ။ ဒါပေမဲ့ ဒီလိုလူတွေကို အဲဒီလိုလုပ်လို့လည်း ဘာမှ ထူးမှာ မဟုတ်ဘူး"

"သမီး မနက်ဖြန် ကျောင်းမတက်ချင်ဘူးဆိုရင် ဖေဖေက အတင်းအကျပ် ပို့မှာလား"

"ကဲ...အတင်းအကျပ်ကိစ္စ ဒီမှာ ရပ်ထားလိုက်ကြရအောင်၊ ဒီမယ် မစ္စစကောက်ဖင့်ချ် ဆိုတဲ့ ကောင်မလေးဟာ သာမန်လူထဲက လူတစ်ယောက်၊ ဒီတော့ ဥပဒေကို လိုက်နာရမယ်"

ကိုယ့်ကိုယ်ကိုယ် အားဝဲလ်လို စည်းပြင်ကလူတွေနဲ့ သွားမနှိုင်းဖို့၊ ရံခါမှာ သာမန်လူတွေဟာ အားဝဲလ်တို့လို လူတန်းစားတွေကို အထူးအခွင့်အရေး ပေးထားရတဲ့အဖြစ်မျိုး ရှိတယ်၊ မျက်နှာလွှဲထားရတာမျိုးတွေ ရှိတယ်ဆိုတာတွေကို ဖေဖေက ရှင်းပြပါတယ်။ သူတို့ ကျောင်းမတက်ရင်လည်း ဘာမှမဖြစ်ဘူးတဲ့။ ဘားရစ်ရဲ့ အဖေ ဘော့ဘ်အားဝဲလ်ကို ဆိုရင် တားမြစ်ရာသီမှာတောင် အမဲလိုက်ခွင့်၊ အကောင် ပလောင်ဖမ်းခွင့် ပေးထားရတယ်တဲ့။

"ဒါတော့ လွန်တာပေါ့" လို့ ကျွန်မ လွှတ်ခနဲ ပြောလိုက်မိပါတယ်။ မေကွမ်းဒေသမှာ အမဲလိုက်ရာသီကလွဲပြီး လုံးဝပစ်ခွင့်၊ ဖမ်းခွင့် မရှိဘူးလေ။ ဥပဒေနဲ့ တားမြစ်ထားသလို တစ်မြို့နယ်လုံး ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ အစဉ်အလာ လည်း ဖြစ်နေပြီပဲ။ ဖောက်ဖျက်ကျူးလွန်တဲ့လူကို ရာဇဝတ်မှု ကျူးလွန်သူလို သဘောထားကြပါတယ်။

ဖေဖေ ဆက်ပြောပါတယ်။

"ဥပဒေကို ချိုးဖောက်တာ မှန်တယ်၊ လုံးဝမလုပ်သင့် မလုပ်အပ်တဲ့ အလုပ်ပဲ။ ဒါပေမဲ့ လူတစ်ယောက်ဟာ အလုပ်လက်မဲ့ ထောက်ပံ့ကြေးငွေကို ထုတ်ပြီး အကုန်လုံး သောက်ပစ်၊ အိမ်က ကလေးတွေက အငတ်ငတ် အပြတ်ပြတ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"မစ္စတာအားဝဲလ် အဲဒီလို မလုပ်သင့်ဘူးပေါ့"

"မှန်တယ်၊ မလုပ်သင့်ဘူး။ ဒါပေမဲ့ သူဟာ ဘယ်တော့မှ ပြောင်းလဲလာမယ့် လူမျိုး မဟုတ်ဘူး။ သူ့ကလေးတွေကို သမီး အဆိုးမြင်နိုင်ပါဦးမလား"

"မမြင်နိုင်တော့ပါဘူး ဖေဖေ၊ ဒါပေမဲ့ သမီး ကျောင်းဆက်တက်ရင် ဖေဖေနဲ့အတူ စာမဖတ်ရတော့ဘူးပေါ့"

"သမီး အဲဒီအတွက် တွေးပူနေတာလား"

mgyoe.com

mgyoe.com

“ဟုတ်ကဲ့”

ဖေဖေ ကျွန်မ်ကို ငုံ့ကြည့်တော့ သူ့မျက်လုံးတွေရဲ့ အဓိပ္ပာယ်ကို ကျွန်မ သိလိုက်တယ်။ တစ်ခုခု ကျွန်မအတွက် မျှော်လင့်စရာရှိပြီဆိုရင် ဒီလိုပဲ ဖေဖေ့ မျက်လုံးတွေ အရောင်လက်လာတယ်လေ။

“ညှိနှိုင်းတယ်ဆိုတာ သမီး သိလား”

“ဥပဒေကို အလျှော့အတင်း လုပ်တာမျိုး မဟုတ်လား ဖေဖေ”

“မဟုတ်ဘူး၊ နှစ်ဦးနှစ်ဖက် သဘောတူညီတဲ့ အဆင့်ရောက်အောင် ဆွေးနွေးတာကို ညှိနှိုင်းတာလို့ ခေါ်တယ်။ သမီးက ကျောင်းဆက်တက်မယ်လို့ သဘောတူရင် ခါတိုင်းလိုပဲ ဖေဖေနဲ့အတူ စာဖတ်ရမယ်၊ ဟုတ်ပြီနော်၊ လက်ခံတယ် နော်”

“ဟုတ်ကဲ့ပါ ဖေဖေ”

“ဒါကို ဖေဖေတို့ စာချုပ်စာတမ်းတွေ မပါဘဲ အတည်ပြုလိုက်မယ်၊ ဟုတ်ပြီလား”

ကျွန်မက တံတွေး ထွေးချမယ့်ဟန် ပြင်တော့ ဖေဖေက–

“တစ်ခုရှိတယ် သမီး၊ အဲဒီအကြောင်း ဆရာမ ကာရိုလိုင်းကို မပြောရ ဘူး”

“ဘာဖြစ်လို့လဲ ဖေဖေ”

“ဘာလို့လဲဆိုတော့ ပညာရေးပိုင်းအနေနဲ့ သူတို့က ဒီကိစ္စမျိုးတွေမှာ ပိုသိတော့ သမီးနဲ့ ဖေဖေရဲ့ ပဋိညာဉ်ကို လက်ခံသင့်တဲ့ ပဋိညာဉ်မျိုး မဟုတ်ဘူးလို့ အသေအချာမြင်နိုင်တယ်”

ကျွန်မနဲ့ ဂျင်မ်ဟာ ဖေဖေ့စကားလုံးတွေကို နားမလည်ရင် ပြန်မေးဖို့ အခွင့်ရှိပါတယ်။ မေးတဲ့အကျင့်လည်း ပါနေပါပြီ။

“ဘယ်လို…ဘယ်လို ဖေဖေ”

“ဖေဖေ ငယ်ငယ်က ကျောင်းမနေခဲ့ရဘူးဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သမီးနဲ့ ဖေဖေနဲ့ ညတိုင်း စာဖတ်တဲ့အကြောင်း သွားပြောရင် မစ္စကာရိုလိုင်း ဖေဖေ့ကို စိတ်ဆိုးလိမ့်မယ်၊ အဲဒါမျိုး ဖေဖေ မဖြစ်စေချင်ဘူး”

အဲဒီညက ဖေဖေ ကျွန်မတို့ကို သတင်းစာကော်လံတွေ အများကြီး ဖတ်ခိုင်းပါတယ်။ အကြောင်းအရာ မည်မည်ရရမရှိဘဲ အလံတိုင်ထိပ်ဖျားမှာ တက် ထိုင်နေတဲ့ လူတစ်ယောက်ရဲ့ သတင်းပါ။ အဲဒီသတင်းဟာ နောက်စနေနေ့မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင့်မ်ကို သစ်ပင်ပေါ်က လင့်စင်အိမ်မှာ တစ်နေကုန် တက်နေအောင် လှုံ့ဆော်ပေးတဲ့ သတင်းပါပဲ။

အဖေကသာ ရိက္ခာလမ်းကြောင်း မဖြတ်လိုက်ရင် တစ်ညလုံး နေမလား မသိဘူး။ ကျွန်မမှာ အဲဒီတစ်နေ့လုံး စားစရာတွေ တက်ပေးရ၊ သောက်ရေပို့ပေးရ၊ စာအုပ်တက်ပေးရနဲ့ နားရတယ် မရှိဘူး။ နောက်ဆုံး ညအိပ်မယ်ဆိုပြီး စောင်တောင်းပြန်ပါတယ်။ အဲဒီမှာ ဖေဖေက သူ့ကို ဂရုစိုက်မနေနဲ့၊ တစ်ခုခုလှမ်းတောင်းရင် မကြားချင်ယောင်ဆောင်နေ၊ သူ ဆင်းလာလိမ့်မယ်လို့ ပြောပါတယ်။ ဖေဖေ ပြောတဲ့အတိုင်း ကွက်တိပါပဲ။ နောက်ဆုံး သူဆင်းလာရပါတော့တယ်။

●

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

နောက်နေ့ နောက်နေ့တွေမှာလည်း ကျောင်းက ဒီလို ဒီလိုပါပဲ။ ပိုပြီး ပျော်စရာကောင်းမလာပါဘူး။ အလုပ်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ရပါတယ်။ ပုံဆွဲစက္ကူတွေ၊ မြေဖြူတွေ၊ မီးသွေးတောင့်တွေနဲ့ ပုံစံအမျိုးမျိုး ရေးဆွဲ၊ တည် ဆောက်ရပါတယ်။ ဒါတွေနဲ့ စွမ်းအင်အကြောင်း၊ စွမ်းအားအကြောင်းတွေ သင်တာအဓိပ္ပာယ်ရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မ လုံးဝ စိတ်မဝင်စားပါဘူး။

ဂျူးဝေးစနစ်သစ်နဲ့ နှစ်ကုန်လောက်မှာ အတန်းတိုင်း သင်ရမယ်လို့ ဂျင်မ်က ပြောပါတယ်။ ဒီတော့ ယှဉ်ကြည့်ဖို့ တခြားစနစ်အကြောင်း ကျွန်မ ဘာမှ မသိတော့ဘူးပေါ့။ မျက်စိသငယ်နဲ့ ဘာတွေ သင်နေမှန်းကို မသိဘူး၊ ဘာမှလည်း နားမလည်ဘူး။ ဖေဖေနဲ့ အန်ကယ်ဂျက် ငယ်ငယ်က ကျောင်းမသွားဘဲ အိမ်မှာ စာသင်တုန်းက သူတို့ မသိတာ မရှိဘူး၊ အားလုံးသိတယ်။ အနည်းဆုံး တစ်ယောက်မသိ တစ်ယောက် သိတယ်တဲ့။

အဲဒီ အခြေခံမျိုးနဲ့ ကျွန်မဖေဖေဟာ ဥပဒေအရာရှိ ရွေးကောက်ပွဲမှာ နှစ်တိုင်း ပြိုင်ဘက်မရှိ မဲရနေတာပဲ။ သန့်သန့်ရှင်းရှင်း အရွေးခံနေရတာပဲ။

ဂျင်မ်ကတော့ ဂျူးဝေးစနစ်သစ် တစ်ဝက်၊ စနစ်ဟောင်းတစ်ဝက်နဲ့ အဆင်ပြေနေပါတယ်။ တစ်ယောက်ချင်းလည်း ထူးချွန်တယ်၊ အဖွဲ့လိုက်မှာလည်း တော်တာပဲ။ ဒါပေမဲ့ ရေးဖြေစနစ် မရှိတော့ စာအုပ်နဲ့ ဝေးဝေးလာပါတယ်။

ကျွန်မကတော့ တိုင်းမ် မဂ္ဂဇင်းကို မလွတ်တမ်း ဖတ်တယ်။ အိမ်မှာရှိသမျှ စာအုပ်တွေ ဖတ်တယ်။ ဒီတော့ ကျွန်မဟာ စည်းပြင်က ကောင်မလေး

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်မှန်းမသိ ဖြစ်လာတော့တာပေါ့။ မေကွမ်း ပညာရေးစနစ်စံနဲ့ကြည့်ရင် ခပ်ညံ့ညံ့ထဲကပေါ့။

နောက်ပိုင်းမှာ ကျွန်မနဲ့ ဂျင်မ် ကျောင်းဆင်းချိန် မတူတော့ပါဘူး။ သူက နာရီဝက်နောက်ကျပြီးမှ ဆင်းရပါတယ်။ ကျွန်မ တစ်ယောက်တည်း ပြန်ရပါတယ်။ ရက်ဒ်လေအိမ်ကြီးရှေ့ရောက်ရင် တအားစွတ်ပြေးရပါတယ်။ တစ်ညနေ ကျောင်းဆင်းချိန်မှာ အဲဒီလို ပြေးချသွားတုန်း မျက်လုံးထဲမှာ တစ်ခုခု ထူးထူးခြားခြား မြင်လိုက်သလိုရှိတာနဲ့ တစ်ကျော့ပြန်သွားပြီး ကြည့်ပါတယ်။

ရက်ဒ်လေခြံထောင့်မှာ ဝက်သစ်ချပင်ကြီးနှစ်ပင် ရှိပါတယ်။ အမြစ်တွေက လူသွားလမ်းပေါ်အထိ ပြန့်နေတော့ ခဏခဏ ခလုတ်တိုက်တဲ့ နေရာပေါ့။ အဲဒီနှစ်ပင်ထဲက တစ်ပင်မှာ ဒီနေ့ ထူးခြားနေတယ်လေ။ ကျွန်မ တစ်ရပ်လောက်က သစ်ခေါင်းထဲမှာ ပြောင်ပြောင်လက်လက် အရာဝတ္ထုတစ်ခုကို လှမ်းတွေ့ရပါတယ်။ ကျွန်မကို မျက်စပစ်ခေါ်နေသလိုပါပဲ။

ကျွန်မ သစ်ခေါင်းဆီကို ပြေးသွားပြီး လက်နဲ့ နှိုက်ယူလိုက်ပါတယ်။ ငွေရောင်စက္ကူနဲ့ပတ်ထားတဲ့ ပီကေပြားကလေး နှစ်ခုပါလား။ အပေါ်က တံဆိပ်စက္ကူတော့ မပါဘူး။

ချက်ချင်း ဝါးစားလိုက်ဖို့ စိတ်ကူးပြီးမှ ကျွန်မ ရောက်နေတဲ့နေရာကို သတိရပြီး အိမ်ဘက်ကို ပြေးချသွားပါတယ်။ ဆင်ဝင်အောက်ရောက်မှ ပီကေထုပ်ကလေး နှစ်ထုပ်ကို သေသေချာချာ ပြန်ကြည့်ရတယ်။ နှစ်ထုပ်စလုံး လတ်လတ်ဆတ်ဆတ်ပါပဲ။ နမ်းကြည့်တော့လည်း အနံ့က မွှေးလို့၊ လျှာနဲ့ လျက်ကြည့်ပြီး ခဏ စောင့်ကြည့်လိုက်ပါတယ်။ ဘာမှ မဖြစ်ပါဘူး။ သေဖို့ ဝေးလို့ ခေါင်းတောင် မမူးပါဘူး။ ဒါနဲ့ တစ်ခုကို ဝါးစားလိုက်ပါတယ်။ ရစ်ပလေကုမ္ပဏီထုတ် ပင်စိမ်းနံ့ ပီကေပါ။

ဂျင်မ် ပြန်ရောက်လာတော့ ဘာစားနေတာလဲ မေးပါတယ်။ ကျွန်မက ပြောတော့ ဆူပါလေရော။

"ဟဲ့…တွေ့ကရာ ပေါက်ပန်းဈေး မစားရဘူး" တဲ့။

"အို မြေကြီးပေါ်က တွေ့တာမှ မဟုတ်ဘဲ၊ သစ်ပင်ပေါ်က ရတာသန့်ပါတယ်"

"ခု ထွေးပစ်၊ ချက်ချင်း ထွေးထုတ်စမ်း"

ကျွန်မ ထွေးထုတ်လိုက်ရပါတယ်။ လျှာပေါ်က အရသာ ချက်ချင်း လျော့ကျသွားပါတယ်။ မကျေမနပ်နဲ့ ပြန်ပြောမိတာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"ဝါးနေတာဖြင့် ကြာလှပြီ၊ ဘာမှလည်း မဖြစ်ဘဲနဲ့"

"ဒီသစ်ပင်ကို ထိတောင် မထိရဘူးဆိုတာ နင်မသိဘူးလား စကောက်၊ နင်တော့ သေတော့မှာပဲ"

"သူလည်း အိမ်ကို သွားထိတာပဲ"

"ဘာမှ မဆိုင်ဘူး၊ သွား...ပလုတ်ကျင်းပစ်လိုက်"

"ဟာ...လျှာပေါ်က အရသာကလေး ပျောက်သွားမှာပေါ့"

"ငါပြောတဲ့အတိုင်း မလုပ်ရင် ကားလ်ကို တိုင်ပြောလိုက်မယ်"

ကျွန်မ လက်လျှော့လိုက်ပြီး သူပြောတဲ့အတိုင်း လုပ်ရပါတော့တယ်။ ကျောင်းစတက်တဲ့ ပထမနှစ်မှာပဲ ကျွန်မတို့ အိမ်တွင်းဆက်ဆံရေးဟာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါတယ်။ ကားလ်တစ်ယောက် ကျွန်မအပေါ်မှာ ပျော့ပျောင်းလာသလို ကျွန်မကလည်း သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် သိပ်မလုပ်တော့ပါဘူး။ ဒီလိုနဲ့ နွေရာသီရောက်ခါနီးလာပါပြီ။ ကျွန်မတို့ မောင်နှမအတွက် ပျော်စရာအကောင်းဆုံးအချိန် ရောက်တော့မှာမို့ တအားပျော်နေကြပါတယ်။ နွေရာသီဟာ ကျွန်မတို့ရဲ့ ရာသီပါ။

နွေရာသီရောက်လာရင် စားသမျှ အစားအစာတွေ ပိုပြီး ချိုမြိန်နေသလိုပါပဲ။ အိမ်နောက်ဖေး သစ်ပင်ရိပ်မှာ ဆော့ပြီးရင် ခုံတန်းကလေးတွေပေါ် တက်အိပ်ရတာ၊ လင့်စင်အိမ်ကလေးပေါ်တက်ပြီး လေတဖြူးဖြူးနဲ့ မှိန်းရတာတွေဟာ သိပ်ကို အရသာရှိပါတယ်။ သစ်ပင်ပေါ်က စီးမိုးပြီးကြည့်ရတဲ့ရှုခင်းဟာ သိပ်ကို လှပပါတယ်။ ထောင်ချီပြီး ရောထွေးယှက်သန်းနေတဲ့ နွေရဲ့အရောင်တွေဟာ ကြည့်လို့မဝနိုင်အောင်ပါပဲ။ ဒါပေမဲ့ ကျွန်မတို့အတွက် အဓိက အကျဆုံးကတော့ ဒီလ်ပါပဲ။ ဒီလ်ဟာ နွေ၊ နွေဟာ ဒီလ်ပါပဲ။

နောက်ဆုံးနေ့မှာ ကျောင်းကို စောဆင်းပေးလိုက်ပါတယ်။ ကျွန်မနဲ့ ဂျင်မ် အတူတူလျှောက်ပြန်လာခဲ့ကြပါတယ်။

"မနက်ဖြန်တော့ ဒီလ် ရောက်မယ် ထင်တယ်နော်" လို့ ကျွန်မ တမ်းတမ်းတတ ပြောလိုက်တော့-

"မရောက်နိုင်ဘူး ထင်တယ်၊ မစ္စစ္စပီ မြစ်ရေတက်ချိန်ဆိုတော့ ရေစီးသန်တယ်၊ နောက်တစ်နေ့မှ ရောက်လိမ့်မယ်" လို့ ဂျင်မ်က ရှင်းပြပါတယ်။

ရက်ဒ်လေခြံကြီးရှေ့ရောက်တော့ ကျွန်မက သစ်ခေါင်းရှိတဲ့ ဝက်သစ်ချပင်ကြီးဆီကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ကျွန်မ အဲဒီလို သူ့ကိုပြတာ အကြိမ်တစ်ရာလောက်ရှိမလား မသိဘူး။ ပီကေရခဲ့တဲ့နေရာကို သူ ယုံကြည်စေချင်လွန်းလို့

mgyoe.com

mgyoe.com
SAMPLE BOOK

လေ။ ဟော– ပြောရင်း ဆိုရင်း ပြောင်ပြောင်လက်လက်ကလေး သစ်ခေါင်းထဲမှာ ရှိနေပြန်ပြီ။

"အေး…ငါ မြင်တယ် စကောက်၊ ငါ တွေ့တယ်"

ဂျင်မ်က ဟိုဟိုဒီဒီ တစ်ချက်ဝေ့ကြည့်ပြီး သစ်ခေါင်းထဲက ပစ္စည်းကလေးကို လှမ်းယူလိုက်ပါတယ်။ အရောင်တလက်လက် တောက်နေတဲ့ အထုပ်ကလေးကို ဂျင်မ်က ဘောင်းဘီအိတ်ထဲ ဂရုတစိုက်ထည့်ပြီးတာနဲ့ ကျွန်မတို့နှစ်ယောက် အိမ်အထိ ပြေးချလာခဲ့ကြပါတယ်။

ဆင်ဝင်အောက်ရောက်တာနဲ့ ပီကေအထုပ်တွေမှာ ပတ်တဲ့စက္ကူနဲ့ ပတ်ထားတဲ့ ဖာငယ်ကလေးကို ကျွန်မတို့ ဖြေကြည့်ကြပါတယ်။ စက္ကူဖြာကလေးက မင်္ဂလာလက်စွပ်တွေ ဘာတွေ ထည့်တဲ့ဟာမျိုး။ ကတ္တီပါအတွင်းခံနဲ့ ဘာနဲ့။ အထဲက အထုပ်ကလေးကို ဂျင်မ်က ဖြေကြည့်လိုက်ပါတယ်။ ပြောင်လက်နေတဲ့ အကြွေစေ့ နှစ်စေ့ပါလား။ ဂျင်မ်က သေသေချာချာ ငုံ့ကြည့်ပြီး–

"လူရိုင်းခေါင်းကွ၊ ၁၉၀၆ ခုနှစ်၊ တစ်ခုက ၁၉၀၀ ပြည့်နှစ်၊ ဟာ… တကယ့် ရှေးဟောင်းပစ္စည်းတွေဖဲ"

"၁၉၀၀ ပြည့်နှစ် ဟုတ်လား…ဒါဆို"

ကျွန်မ တအံ့တသြ မေးလိုက်ပါတယ်။–

"ခဏနေဦး၊ ငါ စဉ်းစားနေတာ"

"ဒီမယ် ဂျင်မ်၊ ဒီသစ်ခေါင်းဟာ တစ်ယောက်ယောက်ရဲ့ ပစ္စည်းဝှက်တဲ့နေရာ မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ ဒီနေရာကို ဖြတ်သွားဖြတ်လာလုပ်တာ တို့ပဲ ရှိတယ်၊ အဲ…လူကြီးတစ်ယောက်ယောက်က…"

"လူကြီးတွေက ဒါမျိုး မလုပ်ပါဘူး၊ ဒါတွေ သိမ်းထားမှာပေါ့၊ ဟုတ်လား ဂျင်မ်"

"မသိဘူး စကောက်၊ ပြန်ထားလိုက်ရရင် ကောင်းမလား၊ ဒီလမ်းက ဘယ်သူမှ မသွားကြပါဘူး၊ စီစီလ်ဆိုရင်လည်း ဟိုးဘက်ကပတ်ပြီး အိမ်ပြန်တာပဲ"

စီစီလ်ဂျက်ကော့ ဆိုတဲ့ ကောင်လေးက ကျွန်မတို့လမ်းထိပ် စာတိုက်နားမှာ နေပါတယ်။ ဒါပေမဲ့ ရက်ဒ်လေအိမ်နဲ့ မစ္စက်ဒူဘိုစ့်အိမ်ရှေ့ကို ဘယ်တော့မှ မဖြတ်ဘဲ နောက်လမ်းက တစ်မိုင်လောက်ပတ်ပြီး ကျောင်းသွား၊ ကျောင်းပြန်လုပ်တယ်လေ။

ကျွန်မတို့နဲ့ မျက်စောင်းထိုး နှစ်အိမ်ကျော်မှာနေတဲ့ မစ္စက်ဒူဘိုစ့်နဲ့ ပတ်သက်

mgyoe.com

mgyoe.com SAMPLE BOOK

လို့ အိမ်နီးနားချင်းများရဲ့ အမြင်တွေကတော့ တစ်သဘောတည်းပါပဲ။ ဒီအဘွားကြီး စိတ်ကောင်းမရှိဘူးလို့ အားလုံးက အသိအမှတ်ပြုထားကြပါတယ်။

ဂျင်မ်လည်း ဒီအိမ်ရှေ့ကို ဖေဖေ မပါဘဲ သွားခဲ့ပါတယ်။

"ဘာလို့ ပြန်ထားရမှာလဲ၊ တွေ့တဲ့လူဟာ ပိုင်ရှင် မပေါ်မချင်း သိမ်းထားခွင့်ရှိတာပဲ" လို့ ကျွန်မက ပြန်ပြောလိုက်ပါတယ်။ ကျွန်မတို့ဟာ တစ်ခါတလေ သူများခြံထဲက ဖယောင်းပန်းတွေ ခူးဖူးပါတယ်။ တစ်ရက်မှာ မစ္စမော်ဒီအက်ကင်ဆန်ရဲ့ နွားမကြီးကို လူအလစ်မှာ နို့ခိုးညှစ်ဖူးပါတယ်။ သူများတွေကို ပေးစရာကမ်းစရာရှိရင်လည်း ကူညီဖို့ လက်မနှေးကြပါဘူး။ ဒါဟာ ကျွန်မတို့ မောင်နှမရဲ့ အကျင့်ပါ။ ဒါပေမဲ့ ခုဟာက ပိုက်ဆံဆိုတော့ စဉ်းစားစရာ ဖြစ်နေတာပေါ့။

နောက်ဆုံး ဂျင်မ်က အကြံရပြီး–

"ဒီလိုလုပ်မယ်၊ ကျောင်းဖွင့်တဲ့အထိ တို့ သိမ်းထားမယ်။ ကျောင်းပြန်ဖွင့်ရင် ဘယ်သူ့ပိုက်ဆံလဲဆိုတာ လိုက်မေးမယ်။ တစ်ယောက်ယောက် ဝှက်ထားတာ ဖြစ်နိုင်တယ်လေ"

"အင်း– လုပ်လေ၊ ဒါပေမဲ့ ပီကေလို ကြာကြာမခံတဲ့ပစ္စည်းကို လာဝှက်ထားတယ် ဆိုတာတော့..."

"အေး...ငါလည်း မစဉ်းစားတတ်ဘူး၊ ဒါပေမဲ့ ဒါတွေဟာ တစ်စုံတစ်ယောက်အတွက်တော့ အရေးကြီးလိမ့်မယ်၊ အဓိပ္ပာယ်ရှိလိမ့်မယ် ထင်တယ်"

"ဘယ်လို အဓိပ္ပာယ်လဲ ဂျင်မ်"

"လူရိုင်းခေါင်း ဆိုတာ...ဒါတွေဟာ လူနီရိုင်းတွေသုံးတဲ့ ပိုက်ဆံ။ မှော် အတတ်နဲ့စီရင်ထားတော့ ရတဲ့လူ ကံကောင်းနိုင်တယ်။ လမ်းမှာ ကြက်ကြော်ကောက်တွေ့တာမျိုး မဟုတ်ဘူး။ ဘဝတစ်လျှောက်လုံး ကျန်းကျန်းမာမာနဲ့ ချမ်းချမ်းသာသာဖြစ်နိုင်တယ်။ စာမေးပွဲတွေလည်း အောင်နိုင်တယ်။ တစ်ယောက်ယောက်အတွက်တော့ တကယ် တန်ဖိုးရှိလိမ့်မယ်၊ ငါ သေတ္တာထဲ ထည့်သိမ်းထားလိုက်မယ် သိလား"

အခန်းထဲ ဝင်မသွားခင် ဂျင်မ်ဟာ ရက်ဒ်လေအိမ်ကြီးဆီကို အကြာကြီး ငေးကြည့်နေပါတယ်။ ထပ်ပြီး စဉ်းစားနေဟန် တူပါရဲ့။

နောက် နှစ်ရက်ကြာတော့ ဒီလ် ရောက်လာပါတယ်။ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွပါပဲ။ မာရီဒီယံကနေ မေကွမ်းလမ်းဆုံအထိ သူ့တစ်ယောက်တည်း ရထားစီးလာတာတဲ့။ မစ္စရေချယ်က ဘူတာမှာ သွားကြိုပြီး တက်စီနဲ့ လာခဲ့တယ်လို့ ပြောပြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

စားသောက်တွဲထဲမှာ နေ့လယ်စာ စားခဲ့ပုံတွေ၊ ရထားပေါ်မှာ ကိုယ်ချင်းဆက်အမြွာကိုတွေ့ခဲ့ရပုံတွေကိုလည်း ဖောက်သည်ချနေတယ်လေ။ ကျွန်မတို့နှစ်ယောက် ရင်ခုန်ချင်စရာတွေ မေ့နေပြီး သူပြောသမျှ စိတ်ဝင်တစား နားထောင်နေမိကြပါတယ်။

သူ နည်းနည်းထွားလာ၊ ဝလာပါတယ်။ မနှစ်ကဝတ်တဲ့ နွမ်းနွမ်းပါးပါး အဝတ်အစားမျိုးတွေလည်း မဟုတ်တော့ဘူး။ သူ့အဖေနဲ့တွေ့ရတဲ့အကြောင်းလည်း ပြောပြပါသေးတယ်။ သူ့အဖေက ကျွန်မတို့ အဖေထက် အရပ်မြင့်တဲ့အကြောင်း၊ မီးရထားကုမ္ပဏီမှာ လူကြီးတစ်ယောက်ဖြစ်ကြောင်းလည်း သိရပါတယ်။

ပြောရင်း ဒီလ် သမ်းလာတော့ ဂျင်မ်က "တို့ ဘာလုပ်တမ်း ကစားကြရင် ကောင်းမလဲ၊ ပြဇာတ်ကတမ်း ကစားမလား" လို့ မေးလိုက်ပါတယ်။

သူက "လာ ရှေ့ထွက်ပြီး 'တွမ်နဲ့ ဆမ်' ကစားကြရအောင်" လို့ ပြောတော့ ဂျင်မ်က "ရိုဗာဘွိုင်းစ်" ကို ကစားချင်တယ်တဲ့။ 'ရိုဗာဘွိုင်းစ်' ထဲမှာ ကောင်းခန်းတွေ ပိုပါတာကိုး။ ကျွန်မတို့ ကြိုက်တာတွေကို ဂျင်မ် မကြိုက်တော့ပါဘူး။ ဒါနဲ့ ကျွန်မ ဝင်ပြောလိုက်ပါတယ်။

"ဟာ…ရိုဗာဘွိုင်းစ်က ပျင်းစရာကြီး"

တွမ်ရိုဗာ ဆိုတဲ့ ကောင်လေးဟာ ဇာတ်လမ်းအလယ်လောက်မှာ အတိတ်မေ့သွားတဲ့ အခန်းက တကယ့်ပျင်းစရာကြီးပါ။

"တခြားတစ်ခုခုရွေးပါ ဂျင်မ်ရယ်" လို့ ကျွန်မက တောင်းတောင်းပန်ပန် ပြောတော့ သူက "အဲဒီ ရွေးရတဲ့အလုပ်ကို ငါ ပျင်းလာပြီ" တဲ့။

ကျောင်းစပိတ်တဲ့အချိန်မှာ ကျွန်မတို့ ခြေကုန်လက်ပန်းကျသလို ဖြစ်နေကြပါတယ်။ ဘယ်လို နွေရာသီကြီးပါလိမ့်။ ကျွန်မတို့ အိမ်ရှေ့ဘက်ကို ထွက်လာပါတယ်။ ဒီလ်က မင်္ဂလာမရှိတဲ့ ရက်ဒ်လေအိမ်ကြီးဆီကို လှမ်းကြည့်နေရာက–

"ငါ့နှာခေါင်းထဲမှာ လူသေအနံ့ ရသလိုပဲ" လို့ပြောတော့–

"သွားစမ်းပါ…အဓိပ္ပာယ်မရှိ" ဆိုပြီး ကျွန်မက ဟန့်လိုက်ပါတယ်။

"ငါ တကယ်ပြောတာ"

"တစ်ယောက်ယောက်သေရင် နင် အနံ့ရတယ်လို့ ပြောချင်တာလား"

"မဟုတ်ဘူး၊ လူတစ်ယောက် သေတော့မယ်ဆိုရင် အဲဒီအနံ့ ထွက်တယ်၊ အဘွားကြီးတစ်ယောက် ငါ့ကို သင်ပေးထားတာ"

ဒီလ်က ရှေ့ကိုင်းပြီး ကျွန်မအနံ့ကို ရှူကြည့်ပါတယ်။

"ဂျင်းလောင်းဝစ် စကောက်ဖင့်ချ်၊ နင် သုံးရက်အတွင်း သေတော့မှာ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီလ်…နင် အဲဒီလို ပေါက်ကရ လျှောက်ပြောရင် ငါ ဆော်ပလော်တီး တော့မှာနော်၊ ကဲဟာ…"

"ဟေး…အသာနေစမ်း၊ နင်က လေပူစီးကြောင်းကို ယုံလို့လား စကောက်" လို့ ဂျင်မ်က မေးတယ်။

"ဂျင်မ်ကကော မယုံလို့လား"

"ဘာလဲကွ လေပူစီးကြောင်းဆိုတာ" လို့ ဒီလ်က ဖြတ်မေးတယ်။

"မင်း ညညမှာ တစ်ယောက်တည်း လျှောက်သွားပြီး တချို့နေရာရောက် ရင် နွေးခနဲ ဖြစ်မသွားဖူးဘူးလား" လို့ ဂျင်မ်က ပြန်မေးပါတယ်။

ပြီးတော့ ဆက်ရှင်းပြတယ်။

"လေပူစီးကြောင်းဆိုတာ ကောင်းရာမွန်ရာကို မရောက်နိုင်တဲ့ ဝိညာဉ် တွေ လေထဲမှာ လူးလွန့်သွားလာနေကြတယ်၊ သူတို့အနားကို မင်းဖြတ်သွားမိရင် မင်းလည်း သေတဲ့အခါ သူတို့လို ဖြစ်သွားရောတဲ့။ ညညမှာ လျှောက်သွားပြီး လူတွေ ရှူထုတ်လိုက်တဲ့ ထွက်သက်ကို စုပ်ယူပြီး…"

"သူတို့အနား ဖြတ်မသွားမိအောင် ဘယ်လို လုပ်ရမလဲ"

"အဲဒါ မင်း ဘယ်လိုမှ လုပ်လို့မရဘူး၊ သူတို့က တစ်ခါတလေ နေရာ တကာမှာ ရှိနေတာ၊ ဒါပေမဲ့ 'အို–အဖြူရောင်ဝိညာဉ်၊ သေခြင်းမှာ ရှင်နေသူ၊ ငါ၏ ထွက်သက်ကို စုပ်မယူပါနှင့်၊ ငါ့ရှေ့လမ်းမှ ဖယ်ပါလင့်၊ ရှားပါလင့်' လို့ဆိုရင် မင်းအနားက သူတို့ ပျောက်သွားကြလိမ့်မယ်"

"သူ ပြောတာတွေ တစ်ခုမှ မယုံနဲ့ ဒီလ်၊ အလကား ပေါက်တတ်ကရ တွေ၊ ကားလ်က ပြောတယ်၊ အဲဒါ လူမည်းတွေရဲ့ ဒဏ္ဍာရီတဲ့"

ဂျင်မ်က ကျွန်မကို မျက်နှာထားကြီးနဲ့ကြည့်ပြီး ဟောက်ပါတယ်။

တစ်ဆက်တည်း–

"ကဲ…တစ်ခုခု ကစားမလား၊ မကစားဘူးလား ပြောကြ" လို့ အမိန့် ပေးပါတယ်။

"တာယာလိမ့်တမ်း ကစားမလား" လို့ ကျွန်မက အကြံပေးတော့ ဂျင်မ် က သက်ပြင်းချပြီး ပြောပါတယ်။

"ဟာ–ငါမှ အထဲ မဝင်နိုင်တော့တဲ့ ဟာကို"

"ဒါဆို လိမ့်ပေးပေါ့"

နောက်ဖေးဘက်ကိုပြေးပြီး တာယာဟောင်းကြီးတစ်လုံး ကျွန်မ လိမ့်ယူ လာခဲ့ပါတယ်။ အိမ်ရှေ့ သူတို့ဆီရောက်တော့–

mgyoe.com

mgyoe.com

''ဟော့…တို့ ပထမနော်'' လို့ အော်ပြောလိုက်ပါတယ်။

ဒီလ်က သူ ခုမှ ရောက်တာမို့ သူ ပထမလို့ ပြောတော့ ဂျင်မ်က အဆုံးအဖြတ်ပေးပါတယ်။ ကျွန်မကို ဦးစားပေးပြီး ဒီလ်ကို အချိန်ပိုပေးမယ်တဲ့။

ဒါနဲ့ ကိုယ်ကလေးကို ကွေးကောက်ပြီး တာယာထဲကို ကျွန်မ ဝင်လိုက်ပါတယ်။ လက်စသတ်တော့ 'လေပူစီးကြောင်း' ကိစ္စနဲ့ ကျွန်မ ဝင်ထောက်တာ ဂျင်မ်တော်တော်အောင့်သွားတာကိုး။ ဒါကြောင့် အခွင့်ကောင်းကို သူစောင့်နေမှန်း ခဏနေမှ သိရပါတော့တယ်။

သူက ကျွန်မကို ဘယ်လိုလက်စားချေသလဲဆိုတော့ တာယာကို သူ့မှာရှိသမျှခွန်အားသုံးပြီး လမ်းဘက်ကို တအားလှိမ့်ချလိုက်တော့တာပါပဲ။ မိုးကောင်းကင်ကြီးရယ်၊ မြေကြီးရယ်၊ အိမ်တွေရယ်ဟာ ကျွန်မမျက်စိထဲမှာ စကြာလည်ပြီး နားတွေလည်း ပွင့်ထွက်မတတ် အူနေပါတော့တယ်။ အသက်လည်း မရှူနိုင်တော့ပါဘူး။ လက်တွေလည်း အပြင်မထုတ်ရဲဘူးလေ။ ထုတ်လို့လည်း မရဘူး၊ လက်တွေက ကျွန်မရဲ့ရင်ဘတ်နဲ့ ဒူးနှစ်လုံးကြားမှာ ညပ်နေတာကိုး။ ဂျင်မ်က နောက်က အမီပြေးလိုက်လာပြီး လိမ့်နေတဲ့တာယာကြီးကို ရပ်အောင်လုပ်ပေးဖို့ပဲ ကျွန်မ မျှော်လင့်ရတော့တာပေါ့။ မဟုတ်ရင် တစ်ခုခုနဲ့ တိုက်မိတော့မှာ သေချာနေပါပြီ။ သူအော်ပြီး နောက်က ပြေးလိုက်လာသံ ကျွန်မ ကြားလိုက်ပါတယ်။

ဒါပေမဲ့ သူ မမီနိုင်တော့ပါဘူး။ တာယာကြီးဟာ ခြံစည်းရိုးတစ်ခုနဲ့ ဆောင့်ပြီး ကျွန်မ ခန္ဓာကိုယ်ကလေးဟာလည်း ဖွင့်လိုက်တဲ့ပုလင်းရဲ့အဖုံးတစ်ခုလို လွင့်ထွက်သွားပါတယ်။ ကျောက်ခင်း လူသွားလမ်းပေါ်မှာ ခွေခွေကလေး ကျသွားတော့တာပါပဲ။

ခေါင်းတစ်ခုလုံး မူးနောက်နေပြီး နားတွေလည်း ဘာမှမကြားတော့အောင် အူနေပါပြီ။ ခေါင်းကို တွင်တွင်ယမ်းပြီး နားနှစ်ဖက်ကို လက်နဲ့ထုနေလိုက်ပါတယ်။ အဲဒီတော့မှ ဂျင်မ်ရဲ့အသံကို ကြားရတာပါ။

''စကောက်၊ မြန်မြန် ထ၊ အဲဒီက ပြန်ပြေးခဲ့၊ ထလေ၊ မထနိုင်ဘူးလား၊ မြန်မြန်လုပ်''

ဂျင်မ် အသားကုန်အော်နေပါတယ်။ တုန်တုန်ယင်ယင်နဲ့ ကျွန်မ ကုန်းထလိုက်ပါတယ်။ ဟင်…ကျွန်မတစ်ကိုယ်လုံး တောင့်တင်းသွားပါတယ်။ ကျွန်မ ရှေ့တည့်တည့်မှာ ရက်ဒ်လေအိမ်ကြီးပါလား။

သူက ထပ်အော်ပြန်ပါတယ်။

''တာယာပါ ပြန်ယူခဲ့လေ၊ နင် ဒီလောက်မှ မသိဘူးလား''တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ ထလို့ ရတာနဲ့ သူတို့ဆီ တအားပြေးချသွားပါတယ်။ ဒူးတွေ တဆတ်ဆတ် တုန်လို့ပေါ့။

"နင် ဘာလို့ တာယာ ယူမလာခဲ့တာလဲ"

ဂျင်မ်က အော်ပါတယ်။ ဘယ်ရမလဲ၊ ကျွန်မကလည်း ပြန်အော်တာပေါ့။

"ကိုယ့်ဘာသာကိုယ် သွားယူပါလား"

ဂျင်မ် တွေနေပါတယ်။

"သွားယူလေ၊ အိမ်ကြီးကိုတောင် ဂျင်မ် သွားထိရဲသေးတာပဲ"

ကျွန်မကို ဂျင်မ် ဒေါသတကြီး ကြည့်နေပါတယ်။ ခဏနေမှ တာယာ ပြန်ယူဖို့ ရက်ဒ်လေခြံဝကို ပြေးထွက်သွားပါတယ်။

တာယာကို အောင်မြင်စွာ ပြန်ယူလာပြီး-

"တွေ့လား၊ ဘာမှ မဖြစ်ဘူး စကောက်၊ နင်ဟာလေ တစ်ခါတလေ သိပ် မိန်းကလေးဆန်တာပဲ၊ မရှက်ဘူးလား"

သူ မသိတာတွေ ရှိပါသေးတယ်။ ဒါပေမဲ့ ကျွန်မ ဘာမှ ပြန်မပြောတော့ပါဘူး။

အဲဒီအချိန်မှာ အိမ်ရှေ့တံခါးက ကားလ်ပါးနီးယားထွက်လာပြီး "သံပရာရည်သောက်ချိန်" လို့ လှမ်းအော်ပြောပါတယ်။ "နေပူထဲကနေ မြန်မြန်ပြေးလာကြစမ်း၊ အရှင်လတ်လတ် ခြောက်ကုန်လိမ့်မယ်" လို့လည်း ဆူလိုက်သေးရဲ့။

နွေရာသီမှာ မနက်ပိုင်း နေကလေးပြင်းလာရင် ကားလ်က ကျွန်မတို့ကို နေ့တိုင်း သံပရာရည် တိုက်ပါတယ်။ ဖန်ချိုင့်နဲ့ ဖန်ခွက်သုံးခွက် ချထားပေးပြီး ကားလ် အိမ်ထဲ ပြန်ဝင်သွားပါတယ်။

ဂျင်မ်က နှစ်ခွက်ဆင့်သောက်ပြီး ရင်ဘတ်ကို ပုတ်လိုက်ပါတယ်။

ပြီးတော့-

"ငါ သိပြီ၊ တို့ ဘာလုပ်တမ်းကစားရမယ်ဆိုတာ ငါ သိပြီ" လို့ ဝမ်းသာအားရ ပြောပါတယ်။

"အသစ်အဆန်းလည်း ဖြစ်ရမယ်၊ ထူးလည်း ထူးခြားရမယ်" လို့လည်း ညွှန်းသေးရဲ့။

"ဘာလုပ်တမ်း ကစားမှာလဲ" လို့ ဒီလ်က မေးတော့-

"ဘိုရက်ဒ်လေ လုပ်တမ်း ကစားမယ်လေ" တဲ့။

ဂျင်မ် ဘာစဉ်းစားတယ်ဆိုတာ တစ်ခါတလေ သိပ်သိသာပါတယ်။ သူက

mgyoe.com

ဘိုရက်ဒ်လေကို မကြောက်ဘူးပေါ့၊ ကျွန်မက သူ့ရဲဘောကြောင်တယ်ပေါ့၊ ဒါကို သူ ပြချင်နေတာလေ။

"ဘိုရက်ဒ်လေ ဟုတ်လား၊ ဘယ်လိုလုပ် ကစားမှာတုံး ဂျင်မ်"

ဒီလ်ကတော့ နားမလည်စွာ မေးတာပေါ့။ အဲဒီမှာ ဂျင်မ်က ဆရာကြီး လုပ်တော့တာပါပဲ။

"စကောက်၊ နင်က မစ္စရက်ဒ်လေလုပ်" တဲ့။

"ဟာ…အဲဒါကြီး မလုပ်ချင်ပါဘူး၊ စကောက် မကစားချင်ပါဘူး"

"ဘာဖြစ်လို့လဲ၊ နင် ခုထိ ကြောက်နေတုန်းလား" လို့ ဒီလ်က မေးပါတယ်။

"ငါတို့ အိပ်ချိန်မှာ သူ ထွက်လာပြီး…"

ကျွန်မစကားဖြတ်ပြီး ဂျင်မ်က ဝင်ပြောပါတယ်။

"ဟေ့ စကောက်၊ တို့ ကစားတာကို သူ ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ပြီးတော့ သူ ရှိချင်မှ ရှိတော့မှာ။ မနှစ်က သေသွားပြီ၊ သူ့ကို မီးခိုးခေါင်းတိုင်ထဲမှာ မတ်တတ်ထည့်ထားကြတယ်"

"ဒါဆို မင်းနဲ့ငါ ကစားမယ် ဂျင်မ်၊ စကောက် ကြောက်လား၊ မကြောက်လား တို့ ကြည့်ရအောင်"

ကျွန်မကတော့ အိမ်ကြီးထဲမှာ ဘိုရက်ဒ်လေ ရှိနေတုန်းလို့ ယုံကြည်နေဆဲပါ။ ဒါပေမဲ့ သက်သေပြစရာတော့ မရှိဘူးပေါ့။ ဒါနဲ့ ရေငုံနေလိုက်ပါတယ်။ မဟုတ်ရင် ကျွန်မ လေပူစီးကြောင်းကို ယုံတယ်လို့ စွပ်စွဲခံရဦးမယ် မဟုတ်လား။ နေ့လယ်နေ့ခင်းဆိုရင်တော့ အဲဒါမျိုးတွေ ကျွန်မ သိပ်မကြောက်တော့ပါဘူး။

ဒီလိုနဲ့ ကျွန်မတို့ ကစားဖြစ်ကြပါတယ်။ ဂျင်မ်က ဒါရိုက်တာပေါ့။ ကျွန်မက မစ္စက်ရက်ဒ်လေဆိုတော့ သိပ်များများစားစား မလုပ်ရပါဘူး။ ရှေ့ဆင်ဝင်ကို ထွက်ထွက်ပြီး တံမြက်စည်းလှည်းရုံလောက်ပါပဲ။ ဒီလ်က အဘိုးကြီး မစ္စတာရက်ဒ်လေ လုပ်ပါတယ်။ ဟိုလျှောက်လိုက် ဒီလျှောက်လိုက်၊ ချောင်းတဟွပ်ဟွပ်နဲ့ပေါ့။ ဘိုလုပ်တဲ့ ဂျင်မ်က အိမ်ရှေ့လှေကားအောက်ကိုဝင်ပြီး သံတို သံပြတ်နဲ့ အော်လိုက်၊ သံရှည်ဆွဲပြီး အူသလို လုပ်လိုက်နဲ့ပေါ့။

နွေရာသီထဲမှာ ရက်ကလေး ရလာတော့ ကျွန်မတို့ ကစားနည်းတွေလည်း တိုးတက်လာခဲ့ပါတယ်။ ကျွန်မတို့ ကောင်းသထက်ကောင်းအောင် ကြိုးစားကြပါတယ်။ ဇာတ်ကွက်တွေ၊ စကားပြောခန်းတွေနဲ့ ဝေဝေဆာဆာ ဖြစ်လာပါတယ်။ တစ်နေ့ တစ်ပုဒ်လောက် ကနိုင်အောင် ဇာတ်လမ်းတွေလည်း များလာပါတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒီလ်ကတော့ လူကြမ်းခန်းနဲ့ အကိုက်ဆုံး။ ဒါပေမဲ့ ဘယ်အခန်းခိုင်းခိုင်း သူ လုပ်နိုင်တာချည်းပါပဲ။ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးခန်းကို အလုပ်ခိုင်းရင် ကျွန်မက တွန့်ဆုတ်တွန့်ဆုတ်နဲ့ပေါ့။ တာဇံ ကရတာလောက် သဘောကျတာ မရှိပါဘူး။ ဘိုရက်ဒ်လေ သေပြီလို့ ဂျင်မ်က ယုံယုံကြည်ကြည်ပြောတော့ ဘို အကြောင်း ပြဇာတ်ကရင်လည်း ကျွန်မ သိပ်မကြောက်တော့ဘူး။ နေ့ခင်းဆိုရင် အနားမှာ ဂျင်မ်ရှိတယ်၊ ကားလ်ရှိတယ်၊ ညညဆို ဖေဖေရှိတယ်၊ ဘာကြောက်စရာ လိုတော့လဲနော်။

ဂျင်မ်ကတော့ တကယ့်သရုပ်ဆောင်ကောင်းတစ်ယောက်ပါ။ တကယ် တော်တာပါ။ ဘိုရက်ဒ်လေရဲ့ ဇာတ်လမ်းဟာ အိမ်နီးနားချင်းတွေဆီက ကြားရသမျှ ဟိုတစ်စ၊ ဒီတစ်စကလေးတွေကို ပေါင်းစပ်စုစည်းထားတာပါ။ မစ္စတာရက်ဒ်လေ နဲ့ အိမ်ထောင်မကျခင်က မစ္စက်ရက်ဒ်လေဟာ မိန်းမချောတစ်ယောက်။ ရှိသမျှ ပိုက်ဆံလည်း လင်ယူလိုက်မှ ကုန်ရော။ သွားတွေလည်း ကျိုး၊ ဆံပင်တွေလည်း ကျွတ်၊ ညာဘက် လက်ညှိုးကလေးပါ မရှိတော့ဘူး (ဒါက ဒီလ်ရဲ့ဖြည့်စွက်ချက် ပါ။ ရှဉ့်တွေ၊ ကြောင်တွေ ဖမ်းစားမရလို့ တစ်ညမှာ ဘိုရက်ဒ်လေက ကိုက်ဖြတ် စားလိုက်တာတဲ့လေ)။ ဘိုရက်ဒ်လေက ရှိသမျှ ပရိဘောဂတွေ ဖျက်ဆီးနေတာ ကြည့်ပြီး မစ္စက်ရက်ဒ်လေဟာ ဧည့်ခန်းထဲမှာ တစ်ချိန်လုံး ငိုနေရတယ်။

အဖမ်းခံရတဲ့ ကောင်လေးသုံးယောက်အခန်းရောက်တော့ ကျွန်မပါ ယောက်ျားလေး ဝင်လုပ်ရတယ်။ ဒါ့အပြင် တရားသူကြီးလည်း ကျွန်မပဲ လုပ်ရပါ တယ်။ အပြောင်းအလဲကလေးပေါ့လေ။ ဒီလ်က ဂျင်မ်ကိုခေါ်သွားပြီး လှေကားထစ် တွေအောက်မှာ ကျဉ်းကျဉ်းကျပ်ကျပ် ဝင်ခိုင်းပါတယ်။ ပြီးတော့ တံမြက်စည်းရိုးနဲ့ ထိုးပြီး ဟိုဘက်က လှည့်ထွက်ခိုင်းတဲ့ အခန်းလည်းပါရဲ့။

ဂျင်မ်ပဲ ရဲမှူးလုပ်ပါတယ်။ ဘိုရက်ဒ်လေအကြောင်း အပြောဆုံး မစ္စစတက် ဖနီ နေရာကိုတော့ ကျွန်မ ဝင်ရပါတယ်။

ဘိုရဲ့ အကောင်းဆုံး သရုပ်ဆောင်ရမယ့် အခန်းရောက်တော့ ဂျင်မ် အိမ်ထဲပြေးဝင်သွားပြီး ကားလ်ရဲ့ အပ်ချုပ်စက်အံဆွဲထဲက ကတ်ကြေးကို ခိုးရတယ်။

ချောင်းတဟွပ်ဟွပ်နဲ့ ဒီလ် လျှောက်လာတုန်း ဂျင်မ်က ကတ်ကြေးနဲ့ ထိုးဟန်လုပ်လိုက်ရင်း သရုပ်ပါလွန်းတော့ တကယ်များ ထိုးမိသွားသလားဆိုပြီး ရင်တထိတ်ထိတ် ဖြစ်ရပါတယ်။ ကျွန်မဘက်က ကြည့်ရင် ကတ်ကြေးဟာ ပေါင်ထဲ တကယ်ဝင်သွားသလား အောက်မေ့ရတာကိုး။

မစ္စတာနေသန်ရက်ဒ်လေနဲ့ လမ်းမှာဆုံရင်တော့ ကျွန်မတို့အားလုံး နားရွက်

mgyoe.com

mgyoe.com

မခတ်ဘဲ အမြီးကုပ်နေကြရပါတယ်။ သူနဲ့ ဝေးသွားမှ စကားတိုးတိုးပြောရဲကြပါတယ်။ ကျွန်မတို့ လုပ်နေတာတွေ သူများ သိနေမလားပေါ့။

ကျွန်မတို့ ဇာတ်ကနေတုန်း အိမ်နီးနားချင်းတစ်ယောက်ယောက် ဖြတ်သွားရင် တုံ့ခနဲရပ်ပစ်လိုက်ကြပါတယ်။ တစ်ခါမှာ လမ်းတစ်ဖက်ကနေ ကျွန်မတို့ကို မစ္စမော်ဒီအက်ကင်ဆန် လှမ်းကြည့်နေတာ ကျွန်မ မြင်လိုက်လို့ ကျွန်မတို့ ပွဲပျက်ခဲ့ရပါသေးတယ်လေ။ ခြံစည်းရိုးပင် ညှပ်နေရင်း ကတ်ကြေးကြီး လေထဲမှာထားပြီး သူ ပါးစပ်အဟောင်းသားဖြစ်နေလေရဲ့။

တစ်နေ့မှာ ကျွန်မတို့ ခံတွင်းအတွေ့ဆုံးအခန်းကို ကရင်း သုံးယောက်သား လမိုင်းကပ်နေကြတာပေါ့။ မဂ္ဂဇင်းတစ်စောင်ကို လိပ်ပြီး ပေါင်ကို ပုတ်ကာပုတ်ကာနဲ့ နေ့လယ်စာစားဖို့ ပြန်လာတဲ့ ဖေဖေ့ကို ဘယ်သူမှ သတိမထားမိကြဘူးလေ။

"ဟော့-အဲဒါ ဘာလုပ်တမ်း ကစားနေကြတာလဲ"

ဂျင်မ် ဖြေပါတယ်။

"ဘာလုပ်တမ်းမှ မကစားပါဘူး ဖေဖေ"

"ဒါဖြင့် ကတ်ကြေးက ဘာလုပ်တာတုံး၊ သတင်းစာတွေ ဘာလို့ ဖြတ်နေတာတုံး၊ ဒီနေ့ သတင်းစာဆိုရင်တော့ မင်း နာပြီသာ မှတ်"

"ဘာမှ မဟုတ်ပါဘူး ဖေဖေ"

"ဘာ ဘာမှ မဟုတ်တာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ပေး ကတ်ကြေး၊ ဒါ ကစားစရာ မဟုတ်ဘူး။ နေပါဦး၊ မင်းတို့ ကစားနေတာ ရက်ဒ်လေအိမ်ကြီးနဲ့ ပတ်သက်နေသလား"

"မပတ်သက်ပါဘူး ဖေဖေ"

"အေး...မပတ်သက်စေနဲ့"

ခပ်ပြတ်ပြတ်ပြောပြီး ဖေဖေ အိမ်ထဲဝင်သွားပါတယ်။

ကျွန်မ ဂျင်မ်ကို ခပ်တိုးတိုး လှမ်းခေါ်လိုက်ပါတယ်။

"အသာနေစမ်း၊ ဖေဖေ ဧည့်ခန်းထဲမှာ၊ ကြားသွားမယ်"

ခြံရှေ့ပိုင်းကို ကျွန်မတို့ သုံးယောက် ထွက်လာခဲ့ကြပါတယ်။ ခပ်လှမ်းလှမ်းရောက်မှ ဒီလ်က စမေးတယ်။

"တို့ ဆက်ကစားလို့ ရပါတော့မလား ဂျင်မ်"

"မကစားနဲ့လို့မှ မပြောတာပဲကွ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဖေဖေ သိတယ် ထင်တယ်နော်-ဂျင်မ်" လို့ ကျွန်မက ပူပူပင်ပင် ပြောတော့ ဂျင်မ်က-

"သိရင် သိတယ်လို့ ပြောမှာပေါ့ဟ" လို့ ကျွန်မကို ဟောက်ပါတယ်။ မိန်းကလေးတွေဟာ အတွေးခေါင်တယ်တဲ့။ ဒါကြောင့် သူတို့ကို လူကြီးတွေ မုန်းတာတဲ့။ အဲဒီလို မိန်းကလေးမျိုးဆိုရင်တော့ သူတို့နဲ့ လာမကစားနဲ့တဲ့။ တခြားမှာ သွားဆော့တဲ့။

"အေးပါ…မှတ်ထားနော်၊ တွေ့မှာပါ"

ကျွန်မ မကျေမနပ် ပြန်ပြောလိုက်ပါတယ်။ ကျွန်မကလည်း သူတို့အထဲ သိပ်မပါချင်တော့တာနဲ့ အတော်ပါပဲ။ မပါချင်တဲ့အကြောင်းက ဖေဖေ တွေ့သွားလို့တင် မဟုတ်ပါဘူး။ တခြား အကြောင်းတစ်ခုလည်း ရှိပါသေးတယ်။

တစ်နေ့ တာယာထဲမှာ ကျွန်မ ပါသွားပါရောလား။ နားတွေ အူနေတဲ့အထဲက ဂျင်မ်ရဲ့အော်သံကို ကျွန်မ ပထမဆုံး ကြားလိုက်တာလေ။ နောက် အသံတစ်သံ ကျွန်မ ကြားလိုက်သေးတယ်။ ရက်ဒ်လေအိမ်ကြီးထဲက တစ်ယောက်ယောက် ခပ်အုပ်အုပ် ရယ်နေသံပါ။

●

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၅)

ကျွန်မ ဂျစ်ကန်ကန်လုပ်တော့ ဂျင်မ် အလျှော့ပေးပါတယ်။ ဒီလိုပဲဖြစ်ရမယ်ဆိုတာ ကျွန်မ ကြိုသိထားပြီးသားလေ။ သူတို့ ပြဇာတ်တွေ အရှိန်သေသွားပါတယ်။

ဒါပေမဲ့ သူ့စိတ်ထဲမှာ ဖေဖေက ဒီနည်း မကစားရဘူး မပြောလို့ အချိန်မရွေးကစားနိုင်တယ်လို့ ထင်နေတုန်းပါပဲ။ မကစားနဲ့ ပြောရင်တောင် သူက ထွက်ပေါက်ရှာပြီး ဖြစ်အောင် လုပ်မယ့်ပုံစံပါ။ ဇာတ်ကောင်တွေ နာမည်ပြောင်းလိုက်ရင်ပြီးတာပဲ၊ ဒါဆို ဟိုအိမ်ကြီးနဲ့ လုံးဝ မပတ်သက်တော့ဘူးပေါ့။

ဒီလ်က ဂျင်မ်နောက် တကောက်ကောက်လိုက်ပြီး ဘာတွေ ကျိတ်ကြံနေကြလဲ မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ပြီးခဲ့တဲ့နွေက ကျွန်မကို သူ သိပ်ချစ်တယ်၊ ကြီးလာရင် လက်ထပ်မယ်တဲ့။ ခုတော့ သူ လုံးဝမေ့နေတဲ့ပုံနဲ့ ကျွန်မအနားမကပ်ဘဲ ဂျင်မ်နဲ့ချည်း လုံးနေလေရဲ့။ ကျွန်မကို ရှိတယ်တောင် မထင်တော့ဘူး။ သူ့ကို မှတ်လောက်သားလောက်အောင် နှစ်ခါလုပ်ပြီးပြီ၊ ဒါလည်း အကြောင်းမထူးပါဘူး။

လင့်စင်အိမ်ပေါ်မှာ နှစ်ယောက်သား တစ်နေကုန်တက်ပြီး တစ်ခုခု သူတို့ကြံစည်နေကြတာ သိသာပါတယ်။ ကျွန်မကို ခိုင်းစရာရှိမှ လှမ်းအော်ခေါ်တယ်လေ။ ကျွန်မလည်း ကျွန်မကို 'မိန်းကလေး' ဆိုပြီး ဝိုင်းပယ်ထားမှန်းသိတော့ ပိုပြီးရွဲ့ပြတာပေါ့။ ခပ်တည်တည် လုပ်နေလိုက်တာပေါ့။ ညနေ ညနေဆိုရင် မစ္စမော်ဒီရဲ့ ဆင်ဝင်အောက်မှာ အတူသွားထိုင်နေတာ များပါတယ်။ သူ့ရဲ့ရောင်စုံပန်းချုံတွေကို မထိရင် ပြီးရော၊ သူ့ခြံထဲမှာကျွန်မနဲ့ ဂျင်မ် ကြိုက်သလောက် ဆော့နိုင်ပါတယ်။

mgyoe.com

ဒါပေမဲ့ ကျွန်မတို့ မောင်နှမနဲ့ မစ္စမော်ဒီရဲ့ ဆက်ဆံရေးဟာ သိပ်ရင်းရင်းနှီးနှီးကြီးလည်း မဟုတ်ပါဘူး။ ဟိုနှစ်ယောက်က ဝိုင်းပယ်ထားလို့ ကျွန်မမှာ သွားစရာမရှိတာနဲ့ သွားဖြစ်နေတာပါ။ ဒါပေမဲ့ မစ္စမော်ဒီနဲ့ ကျွန်မ ပြေလည်ပါတယ်။

မပြောဘဲနဲ့ သဘောတူထားတဲ့ စည်းကမ်းချက်ကလေးတွေ ရှိပါတယ်။ သူ့မြက်ခင်းပေါ်မှာ ကျွန်မတို့ ကစားနိုင်တယ်၊ အတော်ကြီးကျယ်တဲ့ ခြံနောက်ဖေးကို လျှောက်မသွားရဘူး၊ အရိပ်ရ ပျိုးပင်တွေပေါ်ကို မနင်းရဘူး၊ သူ့ စပျစ်သီးစိမ်းချက်ကျွေးရင် စားရမယ်၊ ဒါမျိုးတွေပေါ့။ တော်တော် သတိထားရပါတယ်။ သူနဲ့တော့ သိပ်စကားမပြောဖြစ်ကြပါဘူး။ ဂျင်မ်နဲ့ ဒီလ်ကြောင့် ကျွန်မ သူ့ခြံထဲ လမ်းပေါက်နေတာပါ။

မစ္စမော်ဒီဟာ သူ့အိမ်ကြီးကို သူ စိတ်တိုင်းမကျပါဘူး။ အိမ်ထဲမှာနေရတဲ့ အချိန်တွေဟာ သူ့အတွက် အလဟဿ အချိန်တွေပါပဲ။ သူဟာ မုဆိုးမတစ်ယောက်ဖြစ်ပါတယ်။ ယောက်ျားဝတ် အပေခံဝတ်စုံနဲ့ မြက်ဦးထုပ်ကြီးဆောင်းပြီး တစ်ချိန်လုံး ပန်းခြံထဲမှာ အလုပ်လုပ်နေတာ များပါတယ်။ ညနေ ငါးနာရီထိုးတာနဲ့ ရေမိုးချိုးပြီး ဝရန်တာမှာ ထွက်ထိုင်ရင်း လမ်းပေါ်ကို အခုံသား ငေးကြည့်နေတော့တာပါပဲ။

ဘုရားသခင် ဖန်ဆင်းတော်မူထားတဲ့ မဟာပထဝီမြေကြီးပေါ်မှာ ပေါက်တဲ့ အပင်မှန်သမျှ ပေါင်းပင်မကျန် မစ္စမော်ဒီ ချစ်ပါတယ်။ ဒါပေမဲ့ မုန်ညင်းမြက်ဆိုရင်တော့ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပါပဲ။ အမြစ်ပါ တူး၊ ပိုးသတ်ဆေးလောင်းပြီး သဲကြီးမဲကြီး သတ်ပါတယ်။ 'သူ့ကို ဦးအောင်သတ်ရင်သတ်၊ မသတ်ရင် သူက တို့ကို သတ်လိမ့်မယ်' လို့လည်း ပြောတတ်ပါတယ်။

သုံးလက်မ မပြည့်တဲ့ ဒီအပင်ကလေးကို စစ်ဆင်ရေးကြီးလုပ်သလို လုပ်နေတာတွေ့တော့ 'ဒီအတိုင်း နုတ်ပစ်လိုက်ရင် မရဘူးလား' မေးတော့-

'ဘာ…နုတ်ပစ်ရင် မရဘူးလား၊ ဟုတ်လား ကလေး'

သူက မြက်ပင်ပေါက်တစ်ပင်ကို ကောက်ယူလိုက်ပြီး လက်မနဲ့ ခြေပစ်လိုက်ပါတယ်။ အထဲက အဆန်မှုန်မှုန်ကလေးတွေ အများကြီး ထွက်လာတာကိုပြပြီး 'အဲဒီအမှုန်တစ်မှုန်ဟာ ယောဒီတစ်ခြံလုံးကို ဖျက်ဆီးပစ်နိုင်တယ်။ ခြောက်သွေးလို့ လေနဲ့အတူပြန့်သွားရင် မေကွမ်းတစ်မြို့လုံး တော်ထသွားနိုင်တယ် သိလား' လို့ ရှင်းပြပါတယ်။ အဲဒီလို အခါမှာ မစ္စမော်ဒီရဲ့ မျက်နှာဟာ ဓမ္မကျမ်းဟောင်းလာ ရောဂါကူးရကပ်ဘေးထဲက ဝေဒနာရှင်တစ်ယောက်ရဲ့ပုံစံ ပေါက်နေပါတယ်။

မေကွမ်းဒေသခံတွေအတွက် သူ့စကားပြောပုံ(၁) လေသံပြတ်နဲ့ ထူးဆန်းသလို ဖြစ်နေပါတယ်။ ကျွန်မတို့ကို ဘယ်တော့မှ နာမည်အပြည့်အစုံ မခေါ်ဘူး၊

mgyoe.com

mgyoe.com SAMPLE BOOK

အပြည့်အစုံခေါ်တယ်။ သူ ပြုံးလိုက်လို့ ရွှေသွားကလေး လက်သွားတာကို ကျွန်မ သဘောကျတဲ့အကြောင်း၊ ကြီးလာရင် ကျွန်မလည်း ရွှေသွားစိုက်မယ့်အကြောင်း ပြောတော့ 'ဒီမှာ ကြည့်' ဆိုပြီး ရွှေသွားအတုကလေးကို ဆတ်ခနဲ ဆွဲဖြုတ်ပြီး ပြပါတယ်။ ကျွန်မတို့ နှစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံရေး လမ်းမကြီး ဖြူးသွားပြီဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မစ္စမော်ဒီ သဘောကောင်းတဲ့အကြောင်း ဒီလ်နဲ့ ဂျင်မ်တို့သိရောက်အောင် ကျွန်မ ပို့ပေးလိုက်ပါတယ်။ ကျွန်မတို့ မသိတဲ့ အရည်အချင်းတစ်ခု သူ့မှာ ရှိသေးတာ ခုမှ သိရပါတယ်။ မစ္စမော်ဒီဟာ ကိတ်မုန့်ဖုတ်တဲ့နေရာမှာ ဘယ်သူမှ သူ့ကို မမီဘူးတဲ့။ လေပေးဖြောင့်ပြီဆိုရင် ကျွန်မတို့ ကောင်းကောင်းစားရပါတယ်။ အကြီးတစ်လုံး၊ အသေးသုံးလုံး ဖုတ်ပြီးတာနဲ့ လမ်းတစ်ဖက်က အော်ခေါ်တော့တာပဲ။

'ဂျင်မ်ဖင့်ချ်၊ ဂျင်းလောင်းဝစ်စကောက်ဖင့်ချ်၊ ချားလ်စ်ဘေကာဟဲရစ် လာကြ'

ကျွန်မတို့ အပြေးအလွှားရောက်သွားတာနဲ့ ရက်ရက်ရောရော ချကျွေးတော့တာပါပဲ။

နွေရာသီရက်တွေမှာ ညနေဆည်းဆာချိန်က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ရှည်လျားလှပါတယ်။ ကျွန်မနဲ့ မစ္စမော်ဒီ ဆင်ဝင်အောက်မှာ တိတ်တိတ်ကလေးထိုင်ပြီး အဝါရောင်ကနေ ပန်းရောင်ကို တဖြည်းဖြည်းပြောင်းနေတဲ့ နေဝင်ချိန်ကို စောင့်ကြည့်ကြပါတယ်။ ပျံလွှားကလေးတွေ အနားက ကပ်ပျံသွားပြီး ကျောင်းရဲ့ခေါင်မိုးဆီမှာ ပျောက်ကွယ်သွားတာကို ငေးကြပါတယ်။

တစ်ညနေ ကျွန်မ သူ့ကို မေးမိပါတယ်။

"ဘိုရက်ဒ်လေ အသက်ရှင်တုန်းပဲလား မစ္စမော်ဒီ"

"သူ့နာမည်က အာသာရက်ဒ်လေပါ၊ အသက်ရှင်နေတုန်းပေါ့ကွယ်"

သူက ရောမ ဝက်သစ်ချ လှုပ်ကုလားထိုင်ကြီးကို လှုပ်ကာ လှုပ်ကာနဲ့-

"ကိုယ့်တရုတ်စံကားတွေ မမွှေးဘူးလား၊ နတ်သမီးကလေးတွေ အသက်ရှူထုတ်လိုက်တဲ့ အနံ့နဲ့ တူတယ်နော်"

"ဟုတ်ကဲ့ မစ္စမော်ဒီ၊ ဒါထက် ဘယ်လိုလုပ် သိသလဲ ဟင်"

"ဘာကို ပြောတာလဲ ကလေးရဲ့"

"ဘို...အဲ..မစ္စတာအာသာ အသက်ရှင်နေသေးတယ်ဆိုတာကို ပြောတာပါ၊ ဘယ်လိုလုပ် သိလဲဟင်"

"အင်း...သင်္ချိုင်းစော်နံတဲ့မေးခွန်းပဲ၊ အေးလေ...အကြောင်းအရာ

mgyoe.com

mgyoe.com SAMPLE BOOK

ကလည်း ခပ်နုံနုံပါပဲ၊ တို့ သိတာပေါ့ကွယ်၊ သူ မသေသေးပါဘူး၊ သူ့အလောင်းကို အသုဘ ပို့တာမှ မတွေ့ရသေးတာပဲ"

"သူ့အလောင်းကို သင်္ချိုင်းမပို့ဘဲ မီးလင်းဖိုခေါင်းတိုင်ထဲမှာ ထည့်ထားရင်ကော"

"အို- ကတ်သီးကတ်သတ်၊ မင်းကို ဘယ်သူ ပြောသလဲ"

"ဂျင်မ် ပြောတာ၊ သူတို့ အဲဒီလို လုပ်ထားတယ် ထင်တယ်တဲ့"

"အင်း- ဂျင်မ်ကတော့ တစ်နေ့တခြား ဂျက်ဖင့်ချ်နဲ့ တူတူလာပြီ"

ဖေဖေ့ညီ အန်ကယ်ဂျက်နဲ့ မစ္စမော်ဒီတို့ဟာ ငယ်သူငယ်ချင်းတွေတဲ့။ မစ္စမော်ဒီဟာ ဖေဖေတို့ ပိုင်စားမြေတွေနဲ့ ကပ်နေတဲ့ ခြံနီးချင်း မြေပိုင်ရှင် ဆရာဝန်ကြီးတစ်ဦးရဲ့ သမီးတဲ့။ ဆရာဝန်ကြီးတစ်ယောက်က စိုက်ပျိုးရေးကိုမှ ဝါသနာပါတော့ စီးပွားပျက်တာပေါ့။

အန်ကယ်ဂျက်ကတော့ စိုက်ပျိုးရေးကို ပန်းအိုးစိုက်တာလောက်ပဲလုပ်ပြီး ဆရာဝန်လုပ်ငန်းကို စိုက်လိုက်မတ်တတ်လုပ်တော့ နက်ရှ်ဗီးလ်မှာ ချမ်းသာနေပါပြီ။

ခရစ္စမတ်မှာ အန်ကယ်ဂျက် ရောက်လာတိုင်း မစ္စမော်ဒီအိမ်ရှေ့ရောက်ရင် သူ့ဆီ လာခဲ့ပါလား၊ လာရင် သူ လက်ထပ်မယ်လို့ အော်ပြောလေ့ရှိပါတယ်။

"ငါ မကြားဘူး ဂျက်ဖင့်ချ်၊ ကျယ်ကျယ်ကလေး အော်ပြော၊ စာတိုက်နားက ကြားအောင် အော်" လို့ မစ္စမော်ဒီက ပြန်အော်တတ်ပါတယ်။ အင်း… လက်ထပ်ခွင့်တောင်းတာကလည်း တစ်မျိုးကြီးပဲလို့ ကျွန်မနဲ့ဂျင်မ် တွေးနေကြပါတယ်။ အန်ကယ်ဂျက်ကတော့ ခပ်ဆန်းဆန်း လူစားမျိုးပါ။

"အာသာရက်ဒ်လေက အိမ်ထဲမှာပဲနေတယ်လေ၊ ဒါပဲပေါ့၊ မင်းကော အပြင်မထွက်ချင်တဲ့အခါ အိမ်ထဲမှာ မနေချင်ဘူးလား" လို့ မစ္စမော်ဒီက ပြန်မေးပါတယ်။

"စကောက်ကတော့ အိမ်ထဲမှာ မနေချင်ဘူး၊ အပြင်မှာပဲ နေချင်တယ်၊ သူ ဘာလို့ အိမ်တွင်းပုန်းနေတာပါလိမ့်နော်"

မစ္စမော်ဒီက မျက်စိမှေးပြီး ပြန်ပြောပါတယ်။

"ကလေးလည်း ဒီဇာတ်လမ်း သိသားပဲ မဟုတ်လား"

"ဟင့်အင်း မစ္စမော်ဒီ၊ မကြားဖူးဘူး၊ ဘယ်သူမှလည်း ပြောမပြကြဘူး"

"အဘိုးကြီး မစ္စတာရက်ဒ်လေဟာ ခြေဆေးတဲ့ နှစ်ခြင်းခရစ်ယာန်ကွဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"မစ္စမော်ဒီလည်း အတူတူပဲ မဟုတ်လား"

"တို့က ရိုးရိုးခရစ်ယာန်ပါကွယ်၊ သူတို့လောက် မပြင်းထန်ပါဘူး"

"ခြေဆေးတာကို မယုံဘူးပေါ့၊ ဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ အိမ်က ရေချိုးကန်ထဲမှာ ခြေဆေးတာပဲ"

"ဒါပေမဲ့ ခြေဆေးတွေနဲ့ ကျွန်မတို့ အတူတူ ဝတ်မပြုနိုင်ဘူးနော်" လို့ ဆိုတော့ ရှေးဟောင်း အယူသီး နှစ်ခြင်းခရစ်ယာန်သာသနာ အကြောင်းထက် အတူတူ ဝတ်မပြုနိုင်တဲ့ပြဿနာက ရှင်းလို့လွယ်မယ်လို့ ထင်ပုံရတဲ့ မစ္စမော်ဒီက ကျွန်မကို ရှင်းပြပါတယ်။ ခြေဆေးနှစ်ခြင်းတွေက ပြင်းထန်တယ်တဲ့။ ပျော်စရာ ရွှင်စရာမှန်သမျှ အားလုံးတို့ဟာ ဒုစရိုက်မှုတွေလို့ ယုံကြည်ကြတယ်တဲ့။ တောထဲ ကပြန်လာတဲ့ ခြေဆေးခရစ်ယာန်တွေဟာ စနေနေ့တစ်နေ့မှာ သူ့အိမ်ရှေ့က ဖြတ် လျှောက်ရင်း မစ္စမော်ဒီရော၊ သူ့ကြောင်မကလေး မီမီရော ပန်းပွင့်တွေပါ အပါယ် ငရဲကို လားမှာလို့ ပြောသွားတယ်တဲ့။

"ပန်းပွင့်တွေရော...ဟုတ်လား မစ္စမော်ဒီ"

"ဟုတ်တယ် ကလေးရဲ့၊ ပန်းပွင့်တွေဟာ ကိုယ်နဲ့အတူ လောင်ကျွမ်းသွား လိမ့်မယ်တဲ့၊ အိမ်ထဲမှာ ကျမ်းစာထိုင်မဖတ်ဘဲ အပြင်မှာ အချိန်ကုန်တာများလို့တဲ့ လေ"

ဒီအဖြစ်အပျက်ကိုကြည့်ပြီး ဘုရားရှိခိုးကျောင်းထဲက တရားဟောစင်မြင့် ကို ကျွန်မ အယုံအကြည်နည်းစ ပြုလာပါတယ်။ မစ္စမော်ဒီဟာ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်တာကလွဲလို့၊ မစ္စစတက်ဖနီလို အိမ်နီးနားချင်းများနဲ့ ဖက်လဲတကင်း မနေတာကလွဲလို့ (ဒါပေမဲ့ မစ္စစတက်ဖနီကို ဘယ်သူမှ မယုံကြပါဘူး) ဘာပြော စရာရှိလို့လဲ။ ကျွန်မနဲ့ ဂျင်မ်ကတော့ မစ္စမော်ဒီအပေါ်မှာ ယုံကြည်မှုအပြည့်နဲ့ ခင်မင် နေကြပါတယ်။ သူက သူများတွေ အတွင်းရေးကို ဘယ်တော့မှ စိတ်မဝင်စားပါဘူး။

"အဓိပ္ပာယ်မရှိပါဘူး မစ္စမော်ဒီ၊ စကောက် တွေ့ဖူးသမျှထဲမှာ မစ္စမော်ဒီ ဟာ အတော်ဆုံး အမျိုးသမီးပါ" လို့ ပြောတော့ သူ ပြုံးနေပါတယ်။

"ကျေးဇူးတင်ပါတယ် ကလေးရယ်၊ ခြေဆေးနှစ်ခြင်းတွေက မိန်းမသား ဆိုတာ ဒုစရိုက်လို့ အဓိပ္ပာယ်ဖွင့်ထားကြတာကွဲ့၊ သူတို့က စာအုပ်ကြီးသမားတွေ လေ"

"ဒါကြောင့် မစ္စတာအာသာတစ်ယောက် မိန်းမတွေကိုကြောက်ပြီး အိမ်ထဲက မထွက်တာများလား"

"မပြောတတ်ပါဘူးကွယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အဓိပ္ပာယ်မရှိပါဘူးနော်၊ မစ္စတာအာသာဟာ ကောင်းကင်ဘုံကို ရောက်ချင်တယ်ဆိုရင် အနည်းဆုံး ဝရန်တာအပြင်ဘက်တော့ ထွက်လာရမှာပေါ့၊ ဖေဖေပြောဖူးတယ်၊ ဘုရားသခင်က ကိုယ့်ကိုယ်ကိုယ်ချစ်တဲ့ လူတွေကိုသာ ချစ်တာတဲ့"

မစ္စမော်ဒီရဲ့ လှုပ်ကုလားထိုင်ကြီး လှုပ်နေရာက တံ့ခနဲ ရပ်သွားတယ်။ ပြီးတော့ အသံမာမာနဲ့ ပြောပါတယ်။

"ဒါတွေ နားလည်ဖို့ မင်း သိပ်ငယ်သေးတယ်။ တစ်ခါတလေမှာ လူတစ်ယောက်ရဲ့လက်ထဲက ကျမ်းစာအုပ်ဟာ မင်းအဖေလိုလူရဲ့ လက်ထဲက ဝီစကီပုလင်းထက် ပိုပြီး အန္တရာယ်များတယ်"

ကျွန်မ အလန့်တကြား ပြန်ပြောလိုက်ပါတယ်။

"ဟင်…ဖေဖေက ဝီစကီမှ မသောက်တာပဲ၊ သြော်…အင်း တစ်ခါတော့ သောက်ကြည့်ဖူးတယ်တဲ့၊ မကြိုက်တာနဲ့ ဘယ်တော့မှ မသောက်တော့ဘူးတဲ့"

မစ္စမော်ဒီက ရယ်ပြီး-

"မင်းအဖေ သောက်တယ်လို့ ပြောနေတာ မဟုတ်ဘူးလေ၊ သူ မူးအောင် သောက်ရင်တောင်မှ သူများတွေထက် ခက်ထန်မာကျောမှာ မဟုတ်ဘူးလို့ ဆိုလိုတာ။ လူတချို့ ရှိတယ်ကွဲ့၊ ဒီဘဝမှာ ဘယ်လို နေရမယ်ဆိုတာ မလေ့လာဘူး၊ နောက်ဘဝအတွက်ပဲ တွေးပူနေကြတယ်လေ။ လမ်းပေါ်ကို ငုံ့ကြည့်လိုက်တာနဲ့ အဲဒီအဖြေကို တန်းမြင်နေရတာပဲ"

"သူတို့ပြောတဲ့ အကြောင်းတွေ မှန်တယ်လို့ မစ္စမော်ဒီ ထင်သလားဟင်၊ မစ္စတာအာသာနဲ့ ပတ်သက်လို့ပါ"

"ဘာအကြောင်းတွေလဲ"

ကျွန်မ ကြားထားသမျှ ပြန်ပြောလိုက်ပါတယ်။

"အဲဒါတွေဟာ လေးပုံ သုံးပုံက လူမည်းတွေ ပြောတာ၊ လေးပုံတစ်ပုံက စတက်ဖနီခရောဖို့ဒ် ပြောတာ"

မစ္စမော်ဒီက မနှစ်မြို့တဲ့လေသံနဲ့ စကားဆက်ပါတယ်။

"စတက်ဖနီက တို့ကိုတောင် လာပြောတာ။ တစ်ညမှာ လန့်နိုးလာလို့ ပြတင်းပေါက်ကို လှမ်းကြည့် လိုက်တော့ သူ့ကို ကြည့်နေတဲ့ အာသာရက်ဒ်လေကို တွေ့ရသတဲ့လေ။ အဲဒီတော့ နင်က တစ်ဖက်တိုးပြီး သူ့အတွက် နေရာပေးလိုက်ရောလားလို့ ပြောလိုက်မှ အဲဒီ မချော ပါးစပ်ပိတ်သွားတယ်၊ ဒါလည်း ခဏပါ"

မစ္စမော်ဒီရဲ့အသံဟာ တစ်ယောက်ယောက်ကို ပါးစပ်ပိတ်သွားအောင် လုပ်နိုင်တယ်ဆိုတာတော့ ကျွန်မ သေသေချာချာ ယုံကြည်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"အလကားပါ ကလေးရယ်၊ ဒီအိမ်ကြီးဟာ အင်မတန်ကြေကွဲစရာကောင်းတဲ့ အိမ်ကြီးပါ၊ အာသာရက်ဒ်လေကို ကလေးဘဝကတည်းက တို့ သိခဲ့တာပဲ၊ လူတွေ ဘာပြောပြော သိပ်ယဉ်ကျေးတဲ့ ကောင်လေးပါ၊ အပြောအဆိုရော အနေအထိုင်ပါ သိမ်မွေ့တာ"

"သူ ရူးနေတယ်လို့ ထင်သလား ဟင်"

မစ္စမော်ဒီက ခေါင်းခါပြီး-

"ဟိုတုန်းကတော့ မဟုတ်ဘူး၊ ခုတော့ ပတ်ဝန်းကျင်ကြောင့် ဟုတ်ချင်လည်း ဟုတ်နေလိမ့်မယ်၊ တစ်ခုတော့ရှိတယ်၊ လူတွေမှာ ဘယ်လိုပြဿနာတွေရှိနေကြတယ်ဆိုတာတော့ သိဖို့မလွယ်ဘူး၊ တံခါးပိတ်ထားတဲ့ အိမ်တွေရဲ့အတွင်းပိုင်းမှာ ဘာတွေ ဖြစ်နေတယ်၊ ဘယ်လို လျှို့ဝှက်…"

"ဖေဖေကတော့ စကောက်တို့ မောင်နှမကို အိမ်ထဲမှာနဲ့ ခြံထဲမှာ အတူတူပဲ သဘောထားပါတယ်"

မိဘကို ကာကွယ်ရမယ်ဆိုတဲ့ စိတ်ထဲမှ အသိနဲ့ ကျွန်မ ဖြတ်ပြောလိုက်တာပါ။

"သြော်- ခက်ပါလား ကလေးရယ်၊ တို့က အာတီကတ်စ်ကို ပြောတာ မဟုတ်ဘူးလေ။ သူကတော့ အိမ်ထဲမှာဖြစ်ဖြစ်၊ လမ်းပေါ်မှာဖြစ်ဖြစ် တစ်ပုံစံတည်းပဲလေ၊ ကဲ…မင်း ကိတ်မုန့်တွေ အိမ်ယူပြန်သွားချင်သေးလား"

"ကျေးဇူးပါပဲ မစ္စမော်ဒီ"

နောက်တစ်နေ့မနက် ကျွန်မ အိပ်ရာကနိုးတော့ အိမ်နောက်ဖေးမှာ အလေးအနက်ဆွေးနွေးနေကြတဲ့ ဂျင်မ်နဲ့ ဒီလ်ကို တွေ့ရပါတယ်။ သူတို့အနား ကျွန်မ ရောက်သွားတော့ ထုံးစံအတိုင်း မောင်းထုတ်ပါတယ်။

"မသွားပါဘူး၊ ဒီခြံဟာ စကောက်လည်း ပိုင်တယ် ဂျင်မ်ဖင့်ချ်၊ အတူတူကစားပိုင်ခွင့်ရှိတယ်" လို့ ပြန်ပက်လိုက်ပါတယ်။

ဒီတော့ ဒီလ်က ကျွန်မကို ခြင်းချက်နဲ့ သဘောတူပါတယ်။

"အေး- နင်ပါမယ်ဆိုရင် ရတယ်၊ ဒါပေမဲ့ ငါတို့ ပြောတဲ့အတိုင်း လုပ်ရမယ်" တဲ့။

"အမယ် ကြီးကျယ်လိုက်တာ၊ နင့်ကိုယ်နင် ဘာများ အောက်မေ့နေလဲ"

"တို့ ပြောတဲ့အတိုင်း မလုပ်ဘူးဆိုရင် နင့်ကို ဘာမှ ပြောမပြဘူး"

"နင်က တစ်ညတည်းမှာ ဆယ်လက်မ အရပ်ရှည်လာတဲ့ အတိုင်းပဲ၊ ကဲ-ပြော…ဘာလဲ"

mgyoe.com

mgyoe.com SAMPLE.BOOK

အဲဒီမှာ ဂျင်မ်က ခပ်အေးအေးပုံစံနဲ့ ဝင်ပြောပါတယ်။

"ငါတို့ ဘိုရက်ဒ်လေဆီကို စာရေးပို့မလို့"

"ဘာ…ဘယ်လိုလုပ် ပို့မှာလဲ"

ကျွန်မကျောထဲ စိမ့်သွားပါတယ်။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ လုပ်နိုင်ခဲ့ပါတယ်။ မစ္စမော်ဒီနဲ့ ပြောခဲ့တာတွေက တစ်မျိုးပေါ့နော်။ သူ့အမြင်တွေက လူကြီးတစ်ယောက်ရဲ့ အမြင်တွေလေ၊ ကျွန်မတို့နဲ့ ဘယ်တူနိုင်ပါ့မလဲ။

ဂျင်မ်က စာတစ်စောင်ရေး၊ ဝါးလုံးထိပ်ဖျားမှာချိတ်ပြီး တရုတ်ကတ်ပြတင်းပေါက်ထဲက ချပေးမယ်။ လူရိပ်လူခြည်မြင်ရင် ကင်းစောင့်ပေးမယ့် ဒီလ်က ကလိုင်လှုပ်ရမယ်။ ဒီလ်က မေမေ့ ငွေခေါင်းလောင်းကလေးကို မြှောက်ပြပါတယ်။ ထမင်းစားချိန်မှာ လှုပ်တဲ့ ခေါင်းလောင်းကလေး။

ဂျင်မ်က သူ့အစီအစဉ်ကို ရှင်းပြပါတယ်။

"ငါက ဟိုဘက်ကပတ်ပြီး အိမ်နံဘေးကို သွားမယ်၊ အဲဒီဘက်မှာ သိပ်မစေ့တဲ့ တရုတ်ကတ်ရှိတယ်၊ တို့ မနေ့က သွားကြည့်ပြီးပြီ၊ အဲဒီကနေ စာကို ငါ ချပေးမယ်"

"ဂျင်မ်…"

"စကားမရှည်နဲ့၊ နင် တို့အထဲ ပါနေပြီ၊ ပြန်ထွက်လို့ မရတော့ဘူး မချော"

"ထားပါ ထားပါ၊ ဒါပေမဲ့ စောင့်မကြည့်ချင်ဘူး၊ တစ်ယောက်ယောက်…"

"မကြည့်လို့ မရဘူး၊ အိမ်နောက်ဘက်ကို နင် ကင်းစောင့်ကြည့်ရမယ်။ ဒီလ်က အိမ်ရှေ့ဘက်နဲ့ လမ်းဘက်ကို တာဝန်ယူလိမ့်မယ်။ တစ်ယောက်ယောက် လာတာမြင်ရင် သူ ခေါင်းလောင်းလှုပ်လိမ့်မယ်၊ ရှင်းတယ်နော်"

"အင်း-ထားပါတော့၊ သူ့ဆီ ဘာတွေ ရေးထားလဲ"

ဒီလ်က ဝင်ရှင်းတယ်။

"တို့ ယဉ်ယဉ်ကျေးကျေး ရေးထားတာပါ။ တစ်ခါတလေ အပြင်ထွက်ခဲ့ပါလို့၊ အထဲမှာ ဘာလုပ်နေတာလဲ သိချင်ပါတယ်လို့၊ သူ့ကို လုံးဝ ဒုက္ခမပေးပါဘူးလို့၊ ရေခဲမုန့် ဝယ်ကျွေးပါ့မယ်လို့"

"နင်တို့ နှစ်ယောက်စလုံး ရူးနေကြသလား ဟင်၊ တို့အားလုံးကို သူ သတ်ပစ်လိမ့်မယ်"

ဒီလ်က ဆက်ပြောပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

“အဲဒါ ငါ့စိတ်ကူးဟ၊ သူ အပြင်ထွက်လာပြီး တို့နဲ့ စကားစမြည် ပြောလိုက်ရင် သူ နေကောင်းသွားမှာ”

“သူ နေမကောင်းဘူးလို့ နင် ဘယ်လိုလုပ် သိလဲ”

“နင်. စဉ်းစားကြည့်လေ၊ ဒါလောက် အကြာကြီး ပိတ်လှောင်ခံထားရမှ တော့၊ ပြီး စားစရာကလည်း ကြောင်တွေပဲ ရှိတယ် ဆိုတော့၊ မုတ်ဆိတ်တွေလည်း ဟောဒီလောက် ရှည်နေရော့မယ်”

“နင့်အဖေလိုပဲလား”

“ဘယ်ကလာ၊ ငါ့အဖေမှာ မုတ်ဆိတ်မရှိပါဘူး။ သူက…”

တစ်ခုခုကို စဉ်းစားသလို ခဏတွေနေပါတယ်။

“ဟော့- ငါသိပြီ၊ နင် ဟိုတစ်ခေါက် ရထားမထွက်ခင် နင့်အဖေမှာ မုတ်ဆိတ်မွေးတွေနဲ့လို့ နင် ပြောဖူးတယ်လေ”

“အေး ဟုတ်တယ်လေ၊ ဘာဖြစ်လဲ၊ နွေတုန်းက သူ ရိတ်ပစ်လိုက်တာ လေ၊ ဒီမှာ ငါ သက်သေပြနိုင်တယ်။ အဖေ ရေးတဲ့စာ ရှိတယ်၊ နှစ်ဒေါ်လာတောင် ထည့်ပေးလာသေးတယ်”

“မြင်းစီးဝတ်စုံလည်း နင့်ကို ဝယ်ပေးမယ် ပြောသေးတယ် မဟုတ်လား၊ ပြီးတော့ နင် ခုထိ မရဘူး မဟုတ်လား”

ဒီလ်ဟဲရစ်ဟာ ကျွန်မ တွေ့ဖူးသမျှ ကောင်လေးတွေထဲမှာ လေအထွား ဆုံး၊ ကြီးကြီးကျယ်ကျယ် အပြောဆုံးပဲ။ လေယာဉ်ပျံ ၁၇ ခါစီးဖူးသတဲ့။ နိုဗာ စကိုတီယာကို ရောက်ဖူးသတဲ့၊ ဆင်လည်း မြင်ဖူးသတဲ့၊ သူ့အဘိုးက ဗိုလ်ချုပ်ကြီး ဂျိုးဗီလာတဲ့၊ သူ့ဓားကို သူ့အတွက် အမွေထားခဲ့သတဲ့။

“ဟော့…တိတ်တိတ်နေကြစမ်း”

ဂျင်မ်က ဝါးလုံးရှည်ကြီးနဲ့ ပြန်ရောက်လာတယ်။

“ဒါဆို မီလောက်ပါရဲ့”

“အိမ်ကို သွားထိရဲတဲ့လူက ငါးမျှားတံကြီး လိုသေးလို့လား၊ ခြံထဲဝင်သွား ပြီး အိမ်ရှေ့တံခါး သွားခေါက်ပါလား” လို့ ကျွန်မက ပြောတော့ ဂျင်မ်က-

“ဒါက တစ်မျိုးပါလို့ နင့်ကို ငါ ဘယ်နှခါ ပြောရဦးမှာလဲ” တဲ့။

ပြီးတော့ ဒီလ်က အိတ်ထဲနှိုက်ပြီး ဂျင်မ်ကို စက္ကူတစ်ရွက် ထုတ်ပေး ပါတယ်။ ကျွန်မတို့ သုံးယောက် အိမ်အိုကြီးဆီကို ရင်တမမနဲ့ လျှောက်သွားကြ ပါတယ်။ ဒီလ်က ခြံထောင့်က ဓာတ်တိုင်နားမှာ ရပ်ကျန်ခဲ့ပြီး ကျွန်မနဲ့ ဂျင်မ် ခြံနံဘေးစည်းရိုးအတိုင်း ချီးကွေ့ခဲ့ကြပါတယ်။ ဂျင်မ်ကို ကျော်ပြီး အိမ်နောက်ဘက်

mgyoe.com

mgyoe.com
SAMPLE BOOK

ခြံထောင့်အထိ ကျွန်မ ဆက်လျှောက်သွားပါတယ်။ နောက်ဘက် တစ်ဖွေ့တစ်ပတ်ကြီး မြင်ရတဲ့နေရာရောက်တော့ ကျွန်မ ရပ်နေလိုက်ပါတယ်။

"အားလုံး ရှင်းတယ်၊ ဘယ်သူမှ တို့ကို ကြည့်မနေဘူး"

ဂျင်မ်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး ဒီလ်ဆီကို လှမ်းကြည့်တော့ ဒီလ်က ခေါင်းညိတ်ပြပါတယ်။ ငါးမျှားတံထိပ်မှာ ဂျင်မ်က စာရွက်ကိုချိတ်ပြီး ပြတင်းပေါက်ဆီ ဖြည်းဖြည်းချင်းထိုးထည့်ပါတယ်။ ဝါးလုံးတံက ရောက်ဖို့တော်တော်လိုနေပါသေးတယ်။ ဂျင်မ်က ခါးကိုကိုင်းပြီး တတ်နိုင်သမျှ ရှေ့ရောက်အောင် လက်ကို အသားကုန် ဆန့်နေပါတယ်။

ကျွန်မက ဆက်ပြီး ဆန့်ထုတ်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြပါတယ်။ အားမရတဲ့အဆုံးမှာ ကင်းစောင့်ရမယ့် တာဝန်ကိုထားခဲ့ပြီး သူ့ဆီ ပြေးချသွားပါတယ်။

"စာရွက်ကို ဝါးလုံးထိပ်ကနေ ဖြုတ်ချလို့ မရဘူးဟ၊ ဟဲ့…နင့်နေရာ နင် သွားနေလေ"

ဒါနဲ့ ကျွန်မလည်း ပြန်ပြေးချသွားပြီ အိမ်နောက်ဘက်တစ်ဝိုက်ကို ကျိုးကန်းတောင်းမှောက် ကြည့်နေရတာပေါ့။ ဘာမှ မတွေ့ရပါဘူး။ ဂျင့်မ်ဆီကိုလည်း မကြာမကြာ ပြန်ကြည့်မိရဲ့။ ဂျင်မ်ကတော့ စာရွက်ကလေးကို ပြတင်းပေါက်တရုတ်ကတ်ထဲကျအောင် ဆက်ကြိုးစားနေတုန်းပါပဲ။ အဲဒီအချိန်မှာ လမ်းဘက်က ခေါင်းလောင်းလှုပ်သံကြားလိုက်ရတာပါပဲ။

ကျွန်မ ချာခနဲ လှည့်ကြည့်လိုက်ပါတယ်။ အစွယ်မှာ သွေးတွေစွန်းနေတဲ့ ဘိုရက်ဒ်လေရဲ့ မျက်နှာကြီးကို မြင်ရပြီ အောက်မေ့လိုက်တာ၊ ဘယ်ဟုတ်မလဲ၊ ဒီလ်တစ်ယောက် လက်ကို တအားကုန်မြှောက်ပြီး ဖေဖေ့မျက်နှာရှေ့မှာ ခေါင်းလောင်းကို အသားကုန်လှုပ်နေတာပါလား။

ဂျင်မ်ရဲ့မျက်နှာမှာ သွေးမရှိတော့ပါဘူး။ ကျွန်မလည်း ကျွန်မမြင်ရတဲ့ မြင်ကွင်းကို ပြောလို့မထွက်ဖြစ်နေတာပေါ့။ သူလည်း ကြောက်အားလန့်အားနဲ့ ဝါးလုံးတံကြီးကို ဆွဲယူပြီး တစ်ဖက်ကို လှည့်လိုက်ပါတယ်။

"ဟော့…အဲဒီ ခေါင်းလောင်းကို ရပ်လိုက်စမ်း"

ဖေဖေက ဒီလ်ကို အော်ပြောလိုက်ပါတယ်။ ဖေဖေက ဦးထုပ်ကို နောက်လှန်လိုက်ပြီး လက်နှစ်ဖက်ကို တင်ပါးဆုံပေါ် တင်လိုက်ပါတယ်။

"မင်းတို့ ဘာလုပ်နေကြတာလဲ ဂျင်မ်"

"ဘာမှ မလုပ်ပါဘူး ခင်ဗျာ"

"မင်း ဘာမှ ဘူးကွယ်မနေနဲ့၊ ပြောစမ်း…ဘာလုပ်နေတာလဲ"

mgyoe.com

 SAMPLE BOOK 

"ကျွန်တော် ကျွန်တော်တို့ မစ္စတာဘိုရက်ဒ်လေဆီကို တစ်ခုခုပို့မလို့ပါ"

"ဘာပို့ပေးမှာလဲ"

"စာတစ်စောင်ပါ ခင်ဗျာ"

"ပြစမ်း"

ဂျင်မ်က စာရွက်ခေါက်ကလေးကို ကမ်းပေးလိုက်ပါတယ်။

ဖေဖေက ငုံ့ဖတ်ပြီး-

"ဘာဖြစ်လို့ မင်းတို့ မစ္စတာရက်ဒ်လေကို အပြင်ထွက်စေချင်ရတာလဲ"

အဲဒီမှာ ဒီလ်က ဝင်ပြောပါတယ်။

"သူ့ကို တွေ့ရရင် ကျွန်တော်တို့ ပျော်မလားလို့"

ဖေဖေက သူ့ကို စိန်းစိန်းကြည့်လိုက်တော့ ဒီလ် ပါးစပ်ပိတ်သွားပါတယ်။ ဂျင်မ်ဘက်လှည့်ပြီး ဖေဖေ အမိန့်ပေးပါတယ်။

"နားထောင် ဂျင်မ်၊ သေသေချာချာ ပြောထားမယ်၊ အဲဒီလူကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်တာ မင်းတို့ ရပ်ကြတော့၊ မင်းတို့ နှစ်ယောက်လုံးရောပဲ။ မစ္စတာရက်ဒ်လေ သူ့သဘောနဲ့သူ နေပါစေလား၊ သူ့ဘာသာသူ အိမ်ထဲနေချင်ရင် အိမ်ထဲမှာ နေလိမ့်မယ်။ သူကြိုက်သလို နေခွင့်ရှိတယ်။ ဘာမှ စပ်စပ်စုစု လုပ်စရာ မလိုဘူး။ မင်းတို့ အိပ်နေတဲ့အချိန်မှာ မင်းတို့အိပ်ခန်းကို တစ်ယောက်ယောက်က လာခေါက်ပြီး အနှောင့်အယှက်ပေးရင် မင်းတို့ ကြိုက်မလား။ သူ့ကို ရယ်စရာ မလုပ်ရဘူး၊ သူ့အကြောင်း မကစားရဘူး၊ ဘယ်သူ့ကိုမှ ရယ်စရာ မလုပ်ရဘူး"

"ကျွန်တော်တို့ ရယ်စရာလုပ်တာ မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော်တို့က..."

"ရယ်စရာလုပ်တာ မဟုတ်ရင် ဘာလဲ၊ သူ့အကြောင်းကို အိမ်နီးချင်းတွေ သဘောကျအောင်..."

ဂျင်မ် ဒေါပွလာပုံ ရပါတယ်။

"ကျွန်တော်တို့ အဲဒီလိုလုပ်တာ မဟုတ်ပါဘူးလို့ ပြောနေတာပဲ"

"တော်ပြီ၊ အဲဒီ အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို မင်းတို့ လုံးဝ ဆက်မလုပ်ရဘူး၊ အားလုံး နားလည်တယ်နော်"

ဂျင်မ် ပါးစပ်အဟောင်းသား ဖြစ်နေပါတယ်။ ဖေဖေက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး နောက်ဆုံး မေးပါတယ်။

"သား ရှေ့နေဖြစ်ချင်တယ် မဟုတ်လား"

ဂျင်မ် ဘာမှ ဆက်မပြောဘဲ ငြိမ်နေတာ တွေ့ရပါတယ်။ ဖေဖေက

mgyoe.com

mgyoe.com SAMPLE BOOK

ဖိုင်တွဲတစ်တွဲ မေ့ကျန်ရစ်လို့ ပြန်လာယူတာပါ။ အိမ်ထဲက ပြန်ထွက်သွားလို့ တော်တော်လှမ်းလှမ်းကို ဖေဖေ ရောက်သွားမှ နောက်ကနေ လှမ်းအော်ပြောပါတယ်။

"ကျွန်တော့်ကိုယ်ကျွန်တော် ရှေ့နေဖြစ်ချင်တယ်လို့ ထင်ခဲ့တာ၊ ခုတော့ မသေချာတော့ဘူး ဖေဖေ" တဲ့။

●

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၆)

ဒီလ် မပြန်ခင် တစ်ညနေမှာ မစ္စရေချယ်အိမ်သွားပြီး နှုတ်ဆက်ဖို့ ဖေဖေ့ထံ ခွင့်တောင်းတော့ ကျွန်မနဲ့ ဂျင်မ် သွားခွင့်ရပါတယ်။ မစ္စရေချယ်အိမ်ရှေ့က ငါးကန်ကလေး နံဘေးမှာ ထိုင်မယ်လို့ ဖေဖေ့ကို ပြောခဲ့ပါတယ်။

"ဖေဖေကလည်း ဒီလ်ကို နှုတ်ဆက်တယ်လို့ ပြောလိုက်ပါကွာ" လို့ မှာပါတယ်။

ကျွန်မတို့ အိမ်အဝင် ကားလမ်းနဲ့ခြားထားတဲ့ ခြံစည်းရိုးနိမ့်နိမ့်ကလေးကို ခုန်ကျော်ပြီး မစ္စရေချယ်အိမ်ဘက် ကူးခဲ့ပါတယ်။ အမှောင်ထဲမှာ ဂျင်မ်က လေချွန်လိုက်တော့ ဒီလ်ကလည်း လေချွန်ပြီး ပြန်ထူးတယ်။

ဂျင်မ်က အရှေ့ဘက်ကို လက်ညှိုးထိုးပြီး-

"ဟိုမှာကြည့်စမ်း" လို့ ပြောတော့ ကျွန်မ လှည့်ကြည့်လိုက်ပါတယ်။ မစ္စမော်ဒီရဲ့သစ်ကြားသီးပင်တွေကြားက ရောမ ဖိုးလမင်းကြီး ထွက်ပြူလာတာကို အတိုင်းသားမြင်လိုက်ပါတယ်။

"အင်း လေကလည်း ငြိမ်လိုက်တာ၊ ဒီည အိုက်လိုက်မယ့်ဖြစ်ခြင်း" လို့ ဂျင်မ်က ဆက်ပြောပါတယ်။

ဒီလ်က မော်မကြည့်ဘဲ-

"ဒီည ဖိုးလမင်းထဲမှာ လက်ဝါးကပ်တိုင် ပေါ်ရမယ်၊ တွေ့လား" လို့ မေးတယ်။ သူက သတင်းစာစက္ကူနဲ့ ဘီလီလိပ်နေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မတွေ့ဘူး၊ ကညာပုံပဲ တွေ့တယ်၊ ဟော့...မင်း ဘီလီကို မီးမညှိနဲ့၊ ဘစ်မြို့လုံး ညှော်နေလိမ့်မယ်"

မေကွမ်းမှာ သာတဲ့လထဲကြည့်ရင် အမျိုးသမီးကို မြင်ကြရစမြဲပါ။ ခေါင်းဖြီးနေတဲ့ ပုံလေ။

"နင် ပြန်သွားရင် ငါတို့ အောက်မေ့နေမှာပဲ ဒီလ်၊ လာ တို့ မစ္စတာအေဗရီ ကို သွားကြည့်ကြရအောင်"

မစ္စတာအေဗရီက မစ္စက်ဒူဘိုစ့်ရဲ့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်မှာ ငှားနေ ပါတယ်။ တနင်္ဂနွေနေ့တွေမှာ မစ္စတာအေဗရီဟာ ဘုရားရှိခိုးကျောင်းရဲ့ အလှူငွေ ထည့်ဝင်သူများစာရင်းကို သင်ပုန်းကြီးမှာ ဖျက်လိုက်၊ ပြင်လိုက် လုပ်တာကလွဲလို့ ဘာမှ မည်မည်ရရ အလုပ်မရှိပါဘူး။

သူ ငှားနေတဲ့အိမ်ရဲ့ ဝရန်တာမှာ ညကိုးနာရီအထိထိုင်ပြီး တခွီးခွီးနဲ့ နှာချေနေတာ များပါတယ်။ တစ်ညမှာတော့ သူရဲ့ထူးထူးခြားခြား အမူအကျင့်တစ်ခု ကို ကျွန်မတို့ တွေ့ကြရပါတယ်။ ဒီတစ်ခါပဲ တွေ့တာပါ။ နောက် အဲဒါမျိုး သူ လုပ်တာ မတွေ့ရတော့ပါဘူး။

တစ်ည ကျွန်မရယ်၊ ဂျင်မ်ရယ်၊ ဒီလ်ရယ် မစ္စရေချယ်အိမ်က အပြန်မှာ ပေါ့။

ဒီလ်က ရုတ်တရက် ရပ်ပြီး–

"ဟဲ့ယ်...ဟိုမှာ ကြည့်စမ်း" လို့ လမ်းတစ်ဖက်ကို လက်ညှိုးထိုးပြပါ တယ်။ ပထမတော့ ကျွန်မတို့ ဘာမှ မတွေ့ရပါဘူး။ နွယ်ပင်တွေ တွယ်တက်နေတဲ့ ဆင်ဝင်ကိုပဲ တွေ့ရပါတယ်။ ဒါပေမဲ့ သေသေချာချာကြည့်တော့ သစ်ရွက်တွေပေါ် ကနေ အဝါရောင် စက်ဝိုင်းသဏ္ဍာန် ရေမှုန်ကလေးတွေ ဖြာကျနေတာကို လမ်းမီး ရောင်မှာ မြင်နေရတာပါ။ မြေပြင်ကနေ ၁၀ ပေလောက်အမြင့်မှာ ဖြာကျနေတယ် ထင်ရပါတယ်။ ဒါကို သူတို့ နှစ်ယောက် အမျိုးမျိုး ထင်ကြေးပေးနေကြပါတယ်။

ဂျင်မ်က မစ္စတာအေဗရီ ကြည့်ရတာ သိပ်မဟုတ်ဘူးတဲ့။ ဘာမှန်းတော့ မသိဘူးလို့ ဆိုပါတယ်။ ဒီလ်ကတော့ အရက်မူးပြီး တစ်ခုခု စမ်းသပ်နေတာ ဖြစ်မယ်လို့ ထင်ကြေးပေးပါတယ်။ ကျွန်မကတော့ ဘာမှ မသိပါဘူး။

ဒီလ်က တစ်ချက်သမ်းပြီး သတိထားပြောတဲ့ လေသံနဲ့–

"ငါ သိပြီ၊ တို့ လမ်းလျှောက်ထွက်ကြရအောင်"

အလို...တော်တော် ထူးဆန်းပါလားလို့ အောက်မေ့လိုက်ပါတယ်။ ကျွန်မ တို့ မေကွမ်းမှာ လမ်းလျှောက်ထွက်တယ်ရယ်လို့ မရှိကြလို့ပါ။

mgyoe.com

"ဘယ်ဘက် လျှောက်မှာလဲ ဒီလ်" လို့ ကျွန်မ မေးတော့ သူက တောင်ဘက်ကို မေးထိုးပြပါတယ်။

ဂျင်မ်က 'အိုကေ' တဲ့။ ကျွန်မက မသွားရဘူးပြောတော့ ချိုချိုသာသာ ပြောပါတယ်။

"နင် လိုက်ဖို့ မလိုဘူးလေ၊ နင် ပြန်နှင့်တော့"

"အို…မသွားရပါဘူး၊ မမှတ်သေးဘူးလား"

ဂျင်မ်က အရေးနိမ့်ခဲ့တဲ့ပွဲတွေကို မေ့ထားလေ့ ရှိပါတယ်။

"စကောက်ကလဲကွာ၊ တို့ ဘာမှ မလုပ်ဝါဘူး။ ဟောဟို ဓာတ်တိုင် နားလောက်အထိ လျှောက်ပြီးရင် ပြန်လာမှာပါ"

ဘယ်ရမလဲ၊ ကျွန်မလည်း အတင်းလိုက်သွားတာပေါ့။ လူသွားလမ်းအ တိုင်း ကျွန်မတို့ သုံးယောက် ခြေသံလုံလုံနဲ့ တိတ်တိတ်ကလေး လျှောက်သွားကြ ပါတယ်။ ကျွန်မတို့ လမ်းထဲက လူကြီးအချို့ ဒန်းစီးနေသံ၊ တီးတိုးစကားပြောသံ၊ ရုံခါမှာ မစ္စစတက်ဖနီ ရယ်သံတွေ ကြားနေရပါတယ်။

"ကဲ…" လို့ ဒီလ်က ဆိုတော့ ဂျင်မ်က-

"အိုကေ…စကောက်၊ နင် ပြန်တော့လို့ ငါပြောနေတယ်"

"ဘာလုပ်ကြမလို့တုံး"

သူတို့နှစ်ယောက် ရက်ဒ်လေခြံကြီးထဲဝင်ပြီး ဟနေတဲ့ ပြတင်းပေါက်ကနေ ဘိုရက်ဒ်လေကို ချောင်းကြည့်ကြမလို့တဲ့။ အဲဒါ ကျွန်မ မလိုက်ချင်ဘူးဆိုရင် တိတ်တိတ်ကလေး အိမ်ပြန်ပြီး ရေငုံနေတဲ့။

"အဲဒါဆို ဘာလို့ ဒီညအထိ စောင့်နေကြတာလဲ" မေးတော့ ဘယ်သူမှ သူတို့ကို မမြင်နိုင်တဲ့အချိန်၊ အဖေ စာအုပ်ထဲ နစ်မျောနေတဲ့အချိန်ကို စောင့်ရတာ တဲ့။ ပြီးတော့ နေ့မှာထက် ညမှာ ပိုပြီး လွတ်လွတ်လပ်လပ် ချောင်းလို့ ကောင်း သတဲ့လေ။

"မသွားပါနဲ့ ဂျင်မ်ရယ်"

"ဒီမယ် စကောက်၊ နင့်ကို ငါ နောက်ဆုံးပြောမယ်။ နင် ပါးစပ်ပိတ်ပြီး အိမ်ပြန်၊ နင်ဟာ တစ်နေ့တခြား မိန်းကလေးနဲ့ ပိုပိုတူလာပြီ" လို့လည်း ပြောရော ကျွန်မ သူတို့နဲ့ အတင်းလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ခြံနောက်ဘက်က သံဆူးကြိုးကို မ ပြီးဝင်ဖို့ ကျွန်မတို့ စိတ်ကူးရကြပါ တယ်။ အဲဒီဘက်က ပိုပြီး လူသူကင်းဝေးတယ်။ နောက်ဘက်မှာ ရောမခြံကျယ် ကြီးနဲ့ သစ်သားအိမ်သာကလေးတစ်လုံး ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်မ်က အောက်ဆုံးသံဆူးကြိုးတန်းက မ ပေးထားပြီး ဒီလ်ကို အလျှင် ခင်ဖို့ အချက်ပေးပါတယ်။ ကျွန်မက ဒီလ်နောက်က ဝင်လိုက်သွားပြီး အထဲရောက် တော့ သူ့အတွက် သံဆူးကြိုး အောက်ဆုံးတန်းကို မ ပေးပါတယ်။ သူ့ခန္ဓာကိုယ်နဲ့ လွတ်အောင် ပြားပြားဝပ်ပြီး မနည်းဝင်ရပါတယ်။

အားလုံးအထဲရောက်တော့ ဂျင်မ်က-

"လုံးဝ အသံမထွက်စေနဲ့နော်" လို့ လေသံနဲ့ ပြောပါတယ်။

ပြီးတော့ မုန်လာပင်တွေကို ရှောင်သွားရင်း "အဲဒီ အပင်တွေ ဖြတ်သွားရင် လူသေကောင်တောင် လန့်နိုးနိုင်တယ်" လို့လည်း ပြောသေးရဲ့။

ကျွန်မ သတိကြီးစွာထားပြီး ခြေလှမ်းရတော့တာပေါ့။ တစ်မိနစ်မှ တစ် လှမ်းလောက်ပဲ လှမ်းဖြစ်တယ်ထင်ပါရဲ့။ ဂျင်မ်က ရှေ့တော်တော်ရောက်လို့ လက်ယပ်ခေါ်နေတာကို လရောင်မှာ ကျွန်မ မြင်ရတော့မှာ ခပ်သွက်သွက် လှမ်းရပါ တယ်။

ကျွန်မတို့သုံးယောက် ဟင်းရွက်စိုက်ခင်းကို ကာပြီးထောင်ထားတဲ့ တံခါး ရွက်နားရောက်လာကြပါပြီ။ ဂျင်မ်က တွန်းကြည့်တော့ ကျွီခနဲ မြည်သွားလို့ တံခါး ကို တံတွေးထွေးခိုင်းတယ်လေ။

"အထဲဝင်ပြီး ပြန်ထွက်ဖို့ မလွယ်ဘူး ထင်တယ်၊ ပိတ်မိနေဦးမယ်နော်" လို့ ကျွန်မက ရင်တထိတ်ထိတ်နဲ့ ပြောလိုက်ပါတယ်။

"ရှူး···တံတွေးထွေးပါဆိုနေ"

ကျွန်မတို့ တံခါးကို တံတွေးဝိုင်းထွေးကြပါတယ်။ ပြီးမှ တံခါးရွက်ကို ဂျင်မ်က အသာမပြီး ခြံစည်းရိုးမှာ ထောင်လိုက်ပါတယ်။

ကျွန်မတို့ အတွင်းဘက် ရောက်လာခဲ့ကြပါပြီ။ ရက်ဒ်လေအိမ်ကြီးရဲ့ အနောက်ပိုင်းက ရှေ့ပိုင်းထက်တောင် ကျက်သရေမဲ့ပါသေးတယ်။ အိမ်နောက်ဘက် ပတ်ပတ်လည်မှာ အပေါ်စားသစ်တွေနဲ့ လုပ်ထားတဲ့ ပုံပျက်ပန်းပျက် ဝရန်တာ တံခါးပေါက်ကြီးနှစ်ခုနဲ့ မှောင်မှောင်မည်းမည်း ပြတင်းနှစ်ပေါက် ရှိပါတယ်။

တိုင်တွေက တောင့်တောင့်တင်းတင်းတွေ မဟုတ်ပါဘူး။ လေးလက်မ ပတ်လည်တိုင်တွေနဲ့ အမိုးကို ထောက်ထားတာပါ။ ဝရန်တာထောင့်မှာ ရှေးဟောင်း သံကြွပ်မီးဖို ကြီးတစ်ခု ချထားတာတွေ့ရပါတယ်။ အဲဒီအပေါ်မှာ ဦးထုပ်ချိတ် ရှိ တယ်။ ဦးထုပ်ချိတ်က ပြတင်းပေါက်မှန်ထဲမှာ လရောင်နဲ့ အလင်းပြန်နေလေရဲ့။

"ဟာ..."

ခြေထောက်တစ်ဖက်မြှောက်ပြီး ဂျင်မ် တိုးတိုးညည်းသံ ထွက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာဖြစ်တာလဲ" လို့ ကျွန်မတို့ မေးတော့။ သူက သက်ပြင်းချပြီး-

"ကြက်ကလေးတွေ"

ဂျင်မ်က တိုးတိုးကလေး ဘုရားတလိုက်ပါတယ်။ လမ်းကြောင်းပြောင်းပြီး အိမ်ကြီးထိရောက်အောင် ကျွန်မတို့ လေးဖက်ထောက်သွားကြပါတယ်။ ပြတင်းပေါက်ကို မှီဖို့ ဂျင်မ်အရပ်နဲ့ တော်တော်လိုနေပါတယ်။ ဒါနဲ့ သူက တစ်မျိုးအကြံထုတ်ပါတယ်။

ရေအိုးစင် လုပ်မယ်တဲ့။

သူက ဘယ်ဘက်လက်ကောက်ဝတ်ကို သူ့ ညာဘက်လက်နှင့်ဆုပ်ပြီး၊ ကျွန်မက ကျွန်မ ဘယ်ဘက်နဲ့ သူ့ညာဘက်လက်ကောက်ဝတ်ကို ဆုပ်လိုက်ပါတယ်။

အဲဒီ ရေအိုးစင်ပေါ်မှာ ဒီလ်ကိုတင်ပြီး မြှောက်လိုက်တော့ ပြတင်းပေါက်ကို မီသွားတာပေါ့။

"မြန်မြန်လုပ်၊ ငါတို့ အကြာကြီး မတတ်နိုင်ဘူး"

ဂျင်မ်က တိုးတိုးပြောလိုက်တာပါ။ ဒီလ်က ကျွန်မပခုံးကို ညှစ်လိုက်တော့ ကျွန်မတို့ သူ့ကို မြေကြီးပေါ် ပြန်ချပေးလိုက်ပါတယ်။

"ဘာမြင်ရလဲ" မေးတော့ "ဘာမှ မမြင်ရဘူး၊ လိုက်ကာတွေပဲ တွေ့ရတယ်။ တစ်နေရာမှာတော့ မီးမှိန်မှိန်ကလေး လင်းနေတယ်ကွ" လို့ ဖြေပါတယ်။

"လာ…တို့ ပြန်လစ်ကြရအောင်၊ နောက်ဘက် ပြန်ထွက်မယ်၊ ရှူး"

ကျွန်မက တစ်ခုခုပြောမယ်လုပ်တော့ ဂျင်မ်က လှမ်းပိတ်လိုက်ပါတယ်။

"ဟိုဘက်တစ်ပေါက်က ငါ သွားကြည့်ချင်သေးတယ်" လို့ ဒီလ်က ပြောတော-

"တော်ပြီ ဒီလ်၊ မသွားရဘူး" လို့ ကျွန်မက ကန့်ကွက်လိုက်ပါတယ်။

ဒါပေမဲ့ ဂျင်မ်က ဝရန်တာ လှေကားဘောင်ကို လှမ်းတက်နေပါပြီ။

ပထမ လှေကားထစ်ကို နင်းလိုက်တာနဲ့ ကျွီခနဲ အသံမြည်သွားပါလေရော။ သူ ငြိမ်ပြီး ရပ်နေလိုက်ပါတယ်။ ပြီးမှ ကိုယ်ဖော့ပြီး တစ်ထစ်ကျော်နင်းတက်သွားတော့ ဘာသံမှ မကြားရတော့ပါဘူး။

ဝရန်တာပေါ်ရောက်တာနဲ့ သူ မိကျောင်းသွား တွားသွားပြီး ပြတင်းပေါက်နားရောက်တော့ ခေါင်းထောင်ပြီး အထဲကို ကြည့်ပါတယ်။

အဲဒီမှာ ကျွန်မ အရိပ်မည်းကြီးကို မြင်လိုက်တာလေ။ လူတစ်ယောက်ရဲ့ အရိပ်၊ ဦးထုပ်ဆောင်းထားပါတယ်။ ပထမတော့ သစ်ပင်ရိပ်လို့ ကျွန်မ ထင်လိုက်

mgyoe.com

mgyoe.com  SAMPLE BOOK 

တယ်။ သစ်ပင်ရိပ်ဆို ဘယ်လှုပ်မလဲ၊ လေမှ မတိုက်တာ။ ပြီးတော့ သစ်ပင်တွေ လမ်းမလျှောက်ကြဘူးလေ။

ဘုရားသခင်…ဘုရားသခင်..အရိပ်ဟာ ဂျင်မ်ဆီကို သွားနေပါရောလား။

၊ ဒီလ်က ကျွန်မနောက်မှ မြင်တာပါ။ သူက လက်နှစ်ဖက်နဲ့ သူ့မျက်နှာကို အုပ်လိုက်ပါတယ်။ ဂျင်မ်လည်း လူရိပ်ကို မြင်သွားပါပြီ။ ခေါင်းပေါ်ကို လက်နှစ်ဖက်တင်ပြီး ပိုးလုံးကောင်လေးလို သူ ပုကွေးနေပါတယ်။

အရိပ်က သူနဲ့ တစ်ပေလောက်မှာ ရပ်သွားပါလေရော။ ဂျင်မ် လုံးဝ မလှုပ်ပါဘူး။ ခဏနေမှ လာရာလမ်းအတိုင်း အရိပ်ကြီး ပြန်လှည့်သွားပါတော့တယ်။

ဂျင်မ်က ဝရန်တာပေါ်ကနေ လွှားခနဲခုန်ချပြီး ကျွန်မတို့ဆီ ပြေးချလာပါတယ်။ တစ်ပြိုင်တည်း ဒီလ်နဲ့ ကျွန်မကို မုန်လာပင်တန်း အလယ်ကနေ ဆွဲပြေးတော့တာပါပဲ။ တစ်နေရာမှာ အရှိန်လွန်ပြီး ကျွန်မ လဲကျသွားပါတယ်။ အဲဒီမှာ သေနတ်သံတစ်ချက် ဟိန်းထွက်သွားပါတယ်။

ဂျင်မ်က ကျွန်မနံဘေးမှာ ထိုးဝပ်ချလိုက်ပါတယ်။ သူ့အသက်ရှူသံက ရှိုက်သံလို ဖြစ်နေပါပြီ။ ပြီးတော့ မောကြီးပန်းကြီးနဲ့ "ပြေး…ပြေး ကျောင်းဘက်ကို ပြေး…စကောက်" လို့ ပြောပါတယ်။

ခြံစည်းရိုးကိုရောက်တော့ ဂျင်မ်က အောက်ဆုံး သံဆူးကြိုးကို မ တင်ပေးပါတယ်။ ကျွန်မနဲ့ ဒီလ် တအားတိုးထွက်ပြီး ကျောင်းဘက်ကို ပြေးချသွားချိန်မှာ ဂျင်မ် နောက်က ပါမလာတာ သိတော့ ဒီလ်နဲ့ ကျွန်မ ခြံစည်းရိုးဘက် ပြန်ပြေးကြပြန်ပါတယ်။

ဝမ်းလျားမှောက် အနေအထားနဲ့ အတင်းရုန်းကန်နေတာ တွေ့ရပါတယ်။ သူ့ ဘောင်းဘီနဲ့ သံဆူးကြိုး ငြိနေလို့ပါ။ အတင်းရုန်းတော့မှ သူ လွတ်ထွက်လာပါတယ်။ ဒါပေမဲ့ ဘောင်းဘီက သံဆူးကြိုးမှာ ချိတ်ကျန်ခဲ့ပါတယ်။

ကျွန်မတို့သုံးယောက် ဝက်သစ်ချပင်ကြီးဆီကို ပြေးချသွားပါတယ်။ ဂျင်မ်က အတွင်းခံလေးနဲ့ပေါ့။ ကျွန်မနဲ့ ဒီလ်က ဘာလုပ်ရမှန်းမသိဘဲ ကြောက်နေချိန်မှာ ဂျင်မ်က အပြေးအလွှား အကြံထုတ်နေပါတယ်။

"တို့ အိမ်ကို အမြန်ဆုံးပြန်မှ ဖြစ်မယ်၊ မဟုတ်ရင် တို့ ပျောက်နေတာ သိကုန်လိမ့်မယ်"

ကျွန်မတို့ အိမ်ဘက်ကို ကျောင်းဝင်းထဲက ပတ်ပြေးခဲ့ကြပါတယ်၊ ကျောင်းခြံစည်းရိုးကို စောစောကအတိုင်း အောက်က တွားထွက်၊ ခြံနောက်ဘက်

mgyoe.com

mgyoe.com SAMPLE BOOK

ဒရယ်စားကျက်လို့ နာမည်ပေးထားတဲ့ကွက်လပ်ကိုဖြတ်ပြီး ကျွန်မတို့ အိမ်နောက်ဘက် စည်းရိုးကို ကျော်တက်ခဲ့ကြပါတယ်။

အိမ်နောက်ဖေး လှေကားထစ်ကိုရောက်တော့ ဂျင်မ်က ကျွန်မတို့ကို ခဏနားခိုင်းပါတယ်။ ကောင်းကောင်း အမောဖြေပြီး အသက်ရှူသံတွေ မှန်လာမှ အိမ်ရှေ့ဘက်ကို အေးအေးဆေးဆေးပုံမျိုးနဲ့ ထွက်လာခဲ့ကြပါတယ်။

လမ်းပေါ်ရောက်တာနဲ့ ရက်ဒ်လေ အိမ်ကြီးရှေ့မှာ လူတွေ စုနေတာ တွေ့ရတော့တာပါပဲ။ ဒီတော့မှ ဂျင်မ်က-

"လာ... တို့သွားကြည့်ကြရအောင်၊ မဟုတ် ရင် သူတို့ တစ်မျိုးထင်နေကြလိမ့်မယ်"

မစ္စတာနေသန်ရက်ဒ်လေက ခြံထဲမှာ ရပ်နေပါတယ်။ သူ့လက်ထဲမှာ မောင်းချိုးထားတဲ့ နှစ်လုံးပြူးသေနတ်ကြီး ပိုက်လို့။

ဖေဖေက မစ္စမော်ဒီ နံဘေးမှာ ရပ်လို့။ မစ္စရေချယ်နဲ့ မစ္စတာအေဗရီတို့ နှစ်ယောက်လည်း သူ့တို့အနားမှာပေါ့။ ကျွန်မတို့ ရောက်လာတာကို ဘယ်သူမှ သတိမထားမိကြဘူး။

မစ္စမော်ဒီ အနားကို ကျွန်မတို့ အသာတိုးသွားကြပါတယ်။

သူက လှည့်ကြည့်ပြီး-

"မင်းတို့ သုံးယောက် ဘယ်သွားနေကြတာလဲ၊ သေနတ်သံ မကြားဘူးလား" တဲ့။ ဂျင်မ်က ခပ်တည်တည် ပြန်မေးပါတယ်။

"ဘာဖြစ်တာလဲ မစ္စမော်ဒီ"

"သူ့ မုန်လာခင်းထဲကို နီဂရိုးတစ်ကောင်ဝင်လို့ မစ္စတာရက်ဒ်လေ လှမ်းပစ်လိုက်တာ တဲ့"

"ထိသွားလား ဟင်"

"ဟင့်အင်း မထိပါဘူး၊ ထောင်ပစ်လိုက်တာကွဲ့၊ ခြောက်ပစ်လိုက်တာတဲ့။ နီဂရိုးခမျာ ကြောက်သေးပါသွားမှာပဲ။ အဲဒီ မြေည်းကောင်က သိပ်မမည်းဘူးတဲ့။ သူ့မှာ နောက်ကျည်ဆန်တစ်တောင့် ကျန်သေးတယ်၊ အခင်းထဲမှာ နောက်တစ်ခါ အသံကြားလို့ကတော့ အသေပဲတဲ့။ နောက်တစ်တောင့်က လေထဲထောင်ပစ်ဖို့ မဟုတ်ဘူးတဲ့။ ခွေးဖြစ်ဖြစ်၊ အမည်းကောင်ဖြစ်ဖြစ်၊ အဖြူကောင်ဖြစ်ဖြစ်၊ ဂျင်မ်ဖင့်ချ်ဖြစ်ဖြစ် မှန်အောင် ပစ်မယ်တဲ့"

"ဗျာ..."

mgyoe.com

mgyoe.com SAMPLE BOOK

ဂျင်မ်က အလန့်တကြားပြန်မေးပါတယ်။ အဲဒီမှာ အဖေက လှမ်းမေးပါလေရော။

"သား မင်းဘောင်းဘီရော"

"ဗျာ…ဘောင်းဘီ ဟုတ်လား"

"ဟုတ်တယ်၊ ဘောင်းဘီ"

အတွင်းခံကလေးနဲ့ ဂျင်မ်ဟာ လက်ပူးလက်ကြပ်မိထားတဲ့ တရားခံကလေးလို ဖြစ်နေတာပေါ့။ ကျွန်မ သက်ပြင်းချလိုက်မိပါတယ်။

"အဲ…ဒီလိုပါ ခင်ဗျာ၊ မစ္စတာဖင့်ချ်"

လမ်းမီးရောင်မှ ဒီလ်ရဲ့ ဝကစ်ကစ်မျက်နှာဟာ ပိုပြီး ဝိုင်းနေသလိုပါပဲ။ သူ့မျက်လုံးတွေလည်း ပိုပြူးထွက်နေပါတယ်။

"ဘာလဲ ဒီလ်၊ ပြောလေ"

"ကျွန်တော် နိုင်လို့ ခင်ဗျ၊ သူ့ဆီက ကျွန်တော် နိုင်လိုက်လို့ပါ"

"ဘာနိုင်တာလဲကွ"

ဒီလ် ခေါင်းကုတ်တယ်။ သူ့လက်က သူ့ခေါင်းနောက်ဘက် ရောက်လိုက်၊ ရှေ့ဘက် ရောက်လိုက်နဲ့။

"ကျွန်တော်တို့ ဟိုငါးကန်နားမှာ ချွတ်ပိုကာ ကစားနေကြတာပါ ခင်ဗျ"

"ဘာလဲကွ၊ ချွတ်ပိုကာဆိုတာ"

"အဲဒီမှာ ဂျင်မ်ဆီက ကျွန်တော် နိုင်လိုက်တာပါ"

ဒီလ်က ခပ်လုံးလုံး ဖြေလိုက်ပါတယ်။

ခုမှပဲ ကျွန်မနဲ့ ဂျင်မ် သက်ပြင်းချနိုင်ပါတော့တယ်။ အိမ်နီးနားချင်းတွေလည်း ကျေနပ်သွားကြပုံပါပဲ။ ပြီးတော့မှ ချွတ်ပိုကာဆိုတာ ဘာပါလိမ့်ဆိုပြီး ဇဝေဇဝါဖြစ်ကုန်ကြပုံ ရပါတယ်။

ကျွန်မတို့လည်း ဘာမှန်းမသိပါဘူး။ ပထမဆုံး ဒေါ်သူပုန်ထသူက မစ္စရေချယ်ပါ။ မီးလောင်လို့ ခေါင်းလောင်းသံတွေ ဆူညံသွားတဲ့အတိုင်းပါပဲ။

"ကြည့်စမ်း ကြည့်စမ်း၊ ဒီလ်ဟဲရစ်၊ ငါ့ရဲ့ ငါ့ရဲ့ ငါးကန်ဘေးမှာ လောင်းကစား ဖဲကစားတယ် ဟုတ်လား၊ လာခဲ့…နင့်ကို ငါ အရေခွံ ခွာမယ်"

အဲဒီမှာ ဖေဖေက ဒီလ်ကို ဝင်ကယ်လိုက်ပါတယ်။

"မစ္စရေချယ်၊ ခဏလေး၊ သူတို့ အဲဒီလိုကစားတာ တစ်ခါမှ မတွေ့ဖူးပါဘူး။ မင်းတို့ ဖဲရိုက်ကြတာပေါ့ ဟုတ်လား ဒီလ်"

ဒီတစ်ခါ ဒီလ်ကို ဂျင်မ်က ဝင်ကာလိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး ဖေဖေ၊ မီးခြစ်ဆံတွေနဲ့ ကစားတာပါ"

ကျွန်မ အစ်ကိုလုပ်သူကို အထင်ကြီးလိုက်မိပါတယ်။ မီးခြစ်ဆံနဲ့ကစားတာလည်း အပြစ်ရှိတာပါပဲ။ အန္တရာယ်များတာကိုး။ ဒါပေမဲ့ ဖဲထုတ်စာရင် အပုံကြီး သက်သာခွင့် ရသွားတယ်လေ။

ဖေဖေက အမိန့်ချပါတယ်။

"ဂျင်မ်…စကောက်၊ ဘာနဲ့ ကစား ကစား ပိုကာ ဖဲကစားနည်းကို နောက်မကြားချင်ဘူး။ သွားကြ၊ ဒီလ်ဆီက ဘောင်းဘီ ပြန်ယူခဲ့၊ ဂျင်မ်…သွား၊ မင်းကိစ္စ မင်း ရှင်း"

ကျွန်မတို့ ပြန်ပြေးထွက်ခဲ့ပါတယ်။ ဂျင်မ်က အားပေးပါတယ်။

"မင်း ဘာမှ မပူနဲ့ ဒီလ်၊ မင်းအဒေါ် မရိုက်တော့ပါဘူး၊ ဖေဖေ ကြည့်ပြောလိမ့်မယ်၊ ကြားလား"

ဖေဖေ့ စကားသံကို ကျွန်မတို့ ရပ်ပြီး နားထောင်လိုက်ကြသေးတယ်။

"ဘာမှ မဟုတ်ပါဘူး မစ္စရေချယ်၊ သူတို့ နောက် မလုပ်ရဲတော့ပါဘူး"

ဒီလ် စိတ်အေးသွားပုံ ရပါတယ်။ စိတ်မအေးနိုင်သူက ဂျင်မ်ပါ။ မနက်ကျရင် အလိမ်ပေါ်တော့မှာကိုး။ မစ္စရေချယ် အိမ်ဝ ရောက်တော့ ဒီလ်က-

"ငါ့ဘောင်းဘီတစ်ထည် ပေးပါ့မယ်ကွာ" လို့ပြောတော့ ဂျင်မ်က "ဘယ်တော်မှာလဲကွာ၊ ဒါပေမဲ့ မင်းကိုတော့ ကျေးဇူးတင်ပါတယ်" လို့ ညည်းညည်းညူညူပြောပြီး ကျွန်မတို့ သူ့ကို နှုတ်ဆက်ပြန်ခဲ့ကြပါတယ်။

ဒီလ်က အိမ်ထဲဝင်သွားပြီးမှ သူ ကျွန်မကို လက်ထပ်မယ်လို့ ပြောထားတာကို သတိရတယ် ထင်ပါရဲ့၊ ပြန်ပြေးထွက်လာပြီး ဂျင်မ်ရှေ့မှာပဲ ကျွန်မပါးကို ခပ်လောလောနမ်းရင်း ပြောပါတယ်။

"စာရေးနော်…ကြားလား" တဲ့။

သူ့ဘောင်းဘီကိစ္စနဲ့ ဂျင်မ်တစ်ယောက် အိပ်ပျော်ပုံ မရပါဘူး။ ညက တိတ်ဆိတ်လွန်းတော့ သူ အိပ်ရာထဲ တလူးလူးတလွန့်လွန့် လုပ်နေသံက သုံးဆလောက် ပိုကျယ်နေတာကို ကျွန်မ အတိုင်းသား ကြားနေရတယ်။ အပြင်က ခြေသံလိုလိုကြားတိုင်းလည်း ဘိုရက်ဒ်လေရဲ့ခြေသံလို့ ထင်နေပါတယ်။ ကျွန်မတို့ကို လက်စားချေဖို့ လိုက်ရှာနေတာ ဖြစ်မှာပေါ့နော်။

ညပိုးကောင်တွေ ပြေးလွှားပျံသန်းရင်း ပြတင်းပေါက်တွေနဲ့ တိုးတိုက်သံတွေဟာ ဘိုရက်ဒ်လေရဲ့ ရှုးသွပ်နေတဲ့ လက်ချောင်းတွေက ဝိုင်ယာကြိုးကို ကုတ်ဖဲ့ဖြတ်တောက်ပစ်နေသလိုပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ခုံညင်းပင်ကြီးတွေကလည်း တစ္ဆေကောင်ကြီးတွေလို လေထဲမှာ ကြောက်စရာအတိ ကိုးရိုးကားရားနဲ့။ အိပ်ပျော်သလိုလို၊ မပျော်သလိုလို ချောက်အိပ်မက်တွေကြားမှာ ဂျင်မ်ရဲ့အသံကို ကြားလိုက်ပါတယ်။

"ဟဲ့-ကောင်မလေး အိပ်လေ"

"ဘယ်လိုလုပ် အိပ်လို့ ရမှာလဲ"

"ရှူး…ဖေဖေ အခန်းမီးပိတ်သွားပြီ"

အခန်းထဲဝင်နေတဲ့ လရောင်ရေးရေးမှာ သူ ခုတင်ပေါ်ကနေ ခြေလွှဲပြီး ဆင်းနေတာ ကျွန်မ မြင်လိုက်ပါတယ်။

"ငါ ဟိုနေရာ ပြန်သွားမယ်" လို့ သူပြောတော့ ကျွန်မ အကျောက်အကန် ဖျက်ပါတယ်။

"ဟင့်အင်း…မသွားရဘူး၊ လုံးဝ မသွားရဘူး"

သူက ရှပ်အင်္ကျီ ကောက်စွပ်ရင်း-

"မသွားလို့ မဖြစ်ဘူး၊ သွားရမယ်"

"သွားရဲ သွားကြည့်၊ ဖေဖေ့ကိုနိုးပြီး တိုင်လိုက်မယ်"

"လုပ်ရဲ လုပ်ကြည့်လေ၊ နင့်ကို ငါ သတ်ပစ်မယ်"

ကျွန်မက သူ့ကို ကျွန်မခုတင်ပေါ်ကို အတင်းဆွဲထိုင်ခိုင်းပြီး အကျိုးသင့် အကြောင်းသင့် ရှင်းပြပါတယ်။

"မနက်မိုးလင်းရင် မစ္စတာနေသန် တွေ့မှာပဲ၊ အဲဒီအခါ ဖေဖေ့ဆီပြန်ပေးရင် နည်းနည်းပါးပါး ဆူခံထိပြီးရင် ပြီးသွားမှာပဲဟာ။ ကဲ…ပြန်အိပ်တော့"

"ငါ သိတာပေါ့၊ ဒါကြောင့် ငါ ပြန်သွားမှာ"

ကျွန်မ ကျောထဲ စိမ့်သွားပါတယ်။ ဒီနေရာကို သူတစ်ယောက်တည်း ပြန်သွားမလို့တဲ့။ မစ္စစတက်ဖနီပြောတာ ကျွန်မ နားထဲမှာ ပြန်ကြားယောင်လာပါတယ်။ မစ္စတာနေသန်မှာ ကျည်ဆန်တစ်တောင့်ရှိသေးတယ်တဲ့။ နောက်တစ်ခါ အသံကြားလို့ကတော့ နီဂရိုးဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်…။ ကျွန်မထက် သူ ပိုသိမှာပါ။

ကျွန်မ ဘာလုပ်ရမှန်း မသိအောင် ဦးနှောက်ခြောက်သွားပါတယ်။

"ဒီမယ် ဂျင်မ်၊ အဲဒါ လုံးဝ လုပ်သင့်တဲ့အလုပ် မဟုတ်ဘူး၊ သူ ဒီတစ်ခါ တကယ်ပစ်ထည့်မှာ၊ ခေါင်းပြုတ်သွားလိမ့်မယ်၊ မသွားနဲ့နော်၊ စကောက် တောင်းပန်ပါတယ်"

သူက သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ခပ်တိုးတိုး ပြောပါတယ်။

"ငါ…ငါ…ဒီလို ရှိတယ် စကောက်၊ ဖေဖေဟာ ငါ မှတ်မိတဲ့အရွယ်

mgyoe.com

mgyoe.com SAMPLE BOOK

ကစပြီး ငါ့ကို တစ်ခါမှ မရိုက်ဖူးဘူး၊ ခုမှတော့ ငါ အရိုက်မခံချင်တော့ဘူး''

တကယ်တော့ ဖေဖေဟာ ရိုက်မယ် ရိုက်မယ်နဲ့ ကျွန်မတို့ကို နှစ်ရက် တစ်ခါလောက် ပြောနေတာပါ။ ဘယ်တော့မှ လက်ပါတာ မဟုတ်ပါဘူး။

''သူ ဘယ်လိုမှ မသိနိုင်ဘူးလို့ ထင်နေသလား'' လို့ ကျွန်မ ပူပူပင်ပင် မေးမိပါတယ်။

''သိဖို့ မလွယ်ပါဘူး၊ ငါ သွားမှ ဖြစ်မယ်၊ တို့ အစကတည်းက ဒီလို လုပ်ဖို့ မကောင်းဘူး စကောက်''

သူနဲ့ ကျွန်မ အဲဒီကစပြီး သဘောထားကွဲကြတယ် ထင်ပါရဲ့။ တစ်ခါ တလေ ကျွန်မအစ်ကိုကို ကျွန်မ နားမလည်ပါဘူး။ ဒါပေမဲ့ ကျွန်မ ကြာကြာ စိတ်မရှုပ်လိုက်ရပါဘူး။

''ခဏလေး ပြန်စဉ်းစားစမ်းပါ၊ မသွားပါနဲ့ ဂျင်မ်ရယ်၊ အဲဒီနေရာကို တစ်ယောက်တည်း...''

''နင့်ပါးစပ် ပိတ်တော့''

''အဖေ အရမ်းစိတ်ဆိုးလိမ့်မယ်၊ ပြောမရရင် သွားနှိုးမယ်၊ တကယ်ပြော တာ၊ တကယ်...''

ကျွန်မစကား မဆုံးခင် အင်္ကျီကော်လာနှစ်ဖက်ကို တစ်ဖက်စီဆွဲပြီး ကျွန်မလည်ပင်းကို တအားညှစ်တော့တာပါပဲ။ လည်ပင်းအစ်လျက်က ကျွန်မ ကြိုးစားပြီး အသံထွက်သွားပါတယ်။

''ဒါဆို စကောက်လည်း လိုက်မယ်''

''မလိုက်ရဘူး၊ နင်လိုက်ရင် ခြေသံ ပိုများရုံပဲရှိမယ်''

သူ့ကို ကျွန်မ တားလို့ မရတော့ပါဘူး။ နောက်ဖေးတံခါးကို ကျွန်မ ဖွင့်လိုက်တာနဲ့ သူ ခေါင်းငုံ့ပြီး ထွက်သွားပါတယ်။ မနက် နှစ်နာရီ ထိုးပါပြီ။ အရိပ်တွေ ပျောက်ကွယ်စပြုနေပါပြီ။ ဂျင်မ်ရဲ့ အဖြူရောင်ရှပ်အင်္ကျီဟာ မနက်ခင်း အလင်းရောင်ကိုကြောက်လို့ ထွက်ပြေးနေတဲ့ တစ္ဆေကလေးတစ်ကောင်လို အမှောင် ထဲမှာ တရေးရေး တရိပ်ရိပ်နဲ့။ လေပြည်ကလေး တဖြူးဖြူး တိုက်လာတော့ ချွေးတွေပြန်နေတဲ့ ကျွန်မ တစ်ကိုယ်လုံး စိမ့်သွားပါတယ်။

ကျွန်မတို့ ပြန်ပြေးလာတဲ့ လမ်းအတိုင်း ဒရယ်စားကျက်ကိုဖြတ်ပြီး ကျောင်းဝင်းဘက်ကို သူ သွားမယ်လို့ ကျွန်မ ထင်လိုက်ပါတယ်။ ဒါဆို အချိန် ပိုကြာမှာမို့ ကျွန်မ စိတ်ပူရမယ့်အချိန် နည်းနည်း နောက်ကျသွားတာပေါ့လေ။

mgyoe.com

mgyoe.com SAMPLE BOOK

မစ္စတာရက်ဒ်လေရဲ့ နှစ်လုံးပြူးသံကို ကျွန်မ နားစွင့်နေရပါပြီ။ အဲဒီအချိန်မှာ ခြံစည်းရိုးဘက်က ချိုးချိုးချွတ်ချွတ်အသံတွေ ကြားလိုက်ပါတယ်။ အမှန်က ကျွန်မ စိတ်ထဲက ချောက်ချောက်ချားချား ကြားလိုက်တာပါ။

ကျွန်မ တကယ်ကြားလိုက်ရတာက ဖေဖေ့ချောင်းဆိုးသံပါ။ ကျွန်မ အသက်မရှူရဲတော့ပါဘူး။ ကျွန်မတို့မောင်နှမ ညညမှာ တိတ်တိတ်ထဆော့ရင် ဖေဖေသိတာချည်းပါပဲ။ သူက တော်တော်နဲ့ မအိပ်ဘူး။ တစ်ချိန်လုံး စာဖတ်နေတာ မဟုတ်လား။

တစ်ရေးနိုးရင်လည်း ကျွန်မတို့အခန်းကို လာစစ်တတ်သေးတယ်။ ပြီးတော့ စာမဖတ်ဘဲ မအိပ်တတ်တဲ့ ဖေဖေဟာ တော်တော်နဲ့ ပြန်မအိပ်ဘူးလေ။

ဒီတော့ မီးဖွင့်ပြီး သူ ထွက်လာမယ့်အသံကို ကျွန်မ အသက်မရှူနိုင်ဘဲ စောင့်နေရတာပေါ့။

လေပြင်းတိုက်လာတိုင်း ခုံညင်းသီးတွေ အိမ်ခေါင်မိုးပေါ်ကို ကြွေကျသံနဲ့ ဟိုးအဝေးက ခွေးဟောင်သံကလွဲလို့ ညဟာ ပကတိ တိတ်ဆိတ်လို့ နေပါပြီ။

အဲဒီအချိန်မှာ ကျွန်မဆီကို ဂျင်မ် ပြန်လာနေတာ တွေ့ရပါတယ်။ သူ့ အဖြူရောင် ရုပ်အင်္ကျီဟာ တဖြည်းဖြည်း နီးလာ ကြီးလာနေပါပြီ။ တက်လာပြီး တံခါးချက်ကို သူ့ဘာသာသူ ထိုးပါတယ်။ နောက် အခန်းထဲဝင်သွားပြီး သူ့ ခုတင်ပေါ်မှာ ထိုင်ချလိုက်ပါတယ်။ ဘာမှမပြောဘဲ သူ့ဘောင်းဘီကို ဖြန့်ကြည့်နေပါတယ်။ ပြီးမှ အိပ်ရာပေါ် လှဲချလိုက်သံ ကြားရပါတယ်။

ခဏကြာတော့ သူ့ ခုတင် သိမ့်သိမ့်တုန်နေတာ ကျွန်မ သတိထားမိပါတယ်။ နောက်ဆုံးကျမှ ငြိမ်သွားပါတယ်။

●

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၇)

တစ်ပတ်လုံးလုံး ဂျင်မ်တစ်ယောက် ရှုတည်တည်နဲ့ ငြိမ်ချက်သားကောင်းနေပါတယ်။ အဲဒီမှာ ဖေဖေ တစ်ခါက ပြောဖူးသလို သူ့ရင်ထဲ ဝင်ပြီး လျှောက်ကြည့်ဖို့ ကျွန်မ ကြိုးစားကြည့်တာပါ။

ည နှစ်နာရီမှာ ရက်ဒ်လေအိမ်ကြီးကို ကျွန်မ တစ်ယောက်တည်းသွား ရမယ်ဆိုရင် နောက်တစ်နေ့ဟာ ကျွန်မရဲ့ အသုဘနေ့ ဖြစ်မှာပါပဲ။

ဂျင်မ်ကို ကျွန်မ ဘယ်လို အနှောင့်အယှက်မျိုးမှ မပေးဘဲ သတိထားပြီး နေပါတယ်။

ဒီလိုနဲ့ ကျောင်းဖွင့်ချိန် ရောက်လာပါလေရော။ ဒုတိယတန်း တက်လာ တော့လည်း မထူးပါဘူး။ ပထမတန်းတုန်းကအတိုင်း စိတ်ပျက်စရာမျိုးစုံနဲ့ တွေ့ရဆဲပါပဲ။ ပိုတောင် ဆိုးပါသေးတယ်။

ကတ်ပြားတွေ တဖျတ်ဖျတ်ထောင်ပြပြီး မေးလိုက် ဖြေလိုက်နဲ့၊ စာရေး စာဖတ် လုံးဝ မလုပ်ရသေးပါဘူး။

တစ်ဖက်ခန်းက မစ္စကာရိုလိုင်းရဲ့ တိုးတက်မှုကိုတော့ သူ့အတန်းထဲက တဝါးဝါး ပွဲကျသံနဲ့ တိုင်းလို့ရပါတယ်။ ထုံးစံအတိုင်း မနှစ်က ပထမတန်းသားတွေ ဒီနှစ် ဒီအတန်းမှာပဲ ဆက်တက်နေကြပြန်ပါတယ်။ သူတို့က နှစ်ချီသမားတွေဆို တော့ စည်းကမ်းပိုင်းမှာ ထိန်းရသိမ်းရ လွယ်ပါတယ်။

ဒုတိယနှစ်မှာ ကျွန်မအတွက် အဆင်ပြေသွားတာ တစ်ခုပဲ ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းချိန်ပိုလာပြီး ဂျင်မ်နဲ့အတူတူ ကျောင်းဆင်းရလို့ပါပဲ။ သုံးနာရီမှာ မောင်နှမ နှစ်ယောက် အတူတူ အိမ်ပြန်လို့ ရပြီလေ။

တစ်နေ့ အိမ်အပြန်မှာ ဂျင်မ်က ကျွန်မကို ပြောပါတယ်။

"နင့်ကို ငါ မပြောဘဲထားတဲ့ ကိစ္စတစ်ခုရှိတယ် စကောက်"

ရက်ပေါင်းများစွာ အတွင်း ပထမဆုံး စကြောင်းတစ်ကြောင်းဆုံးအောင် ပြောတာဖြစ်လို့ ကျွန်မ သူ့ကို လိုလိုချင်ချင် ပြန်မေးလိုက်ပါတယ်။

"ဘာများလဲ ဂျင်မ်"

"ဟိုညက ကိစ္စလေ"

"အဲဒီညက ကိစ္စ ဂျင်မ် ဘာတစ်ခွန်းမှ မပြောဘူးလေ"

သူက ကျွန်မ ပြောတာကို မျက်နှာရှေ့က ခြင်ကောင်ကို ပုတ်ထုတ်သလို လက်နဲ့ခါပြီး ဘာမှ ဆက်မပြောဘဲ ခဏ တွေနေပါတယ်။ ပြီးမှ-

"ငါ ဘောင်းဘီယူဖို့ ပြန်သွားပါရောလား၊ ငါ့ ဘောင်းဘီက သံဆူးကြိုးမှာ ငြိကျန်ခဲ့တာလေ၊ ငါ ပြန်သွားတော့..."

သူ သက်ပြင်းတစ်ချက် ချပါတယ်။

"ငါ ပြန်သွားတော့ ဘောင်းဘီကို ခြံစည်းရိုးပေါ်မှာ ခေါက်ရက်ကလေး တင်ထားတာ တွေ့ရတယ်၊ ငါ ပြန်လာယူမယ်ဆိုတာ တစ်ယောက်ယောက်က သိနေပုံပဲ"

"ဖြတ်ပြေးသွားတော့..."

"နေဦး၊ ငါ မပြီးသေးဘူး"

သူက အတက်အကျမရှိတဲ့ အသံမျိုးနဲ့-

"ငါ အိမ်ရောက်မှ နင့်ကိုပြမယ်၊ အပြဲကို ချုပ်ပေးထားတယ် သိလား၊ မိန်းမတစ်ယောက် ချုပ်တဲ့ သေသေသပ်သပ် ချုပ်ရိုးမျိုး မဟုတ်ဘူး၊ မသေမသပ် ကွေ့ကွေ့ကောက်ကောက်နဲ့၊ ဘာနဲ့ တူလဲ ဆိုရင်..."

"ဒါဆို ပြန်လာယူမယ်ဆိုတာ တစ်ယောက်ယောက်က ကြိုသိနေသလို ပေါ့ ဟုတ်လား"

ဂျင်မ်က ပခုံးတွန့်ပြီး-

"တစ်ယောက်ယောက်က ငါ့စိတ်ကို သိနေသလိုပဲ၊ အဲဒီတစ်ယောက်က ငါ ဘာလုပ်မယ်ဆိုတာ မျှော်လင့်နေသလိုပဲ၊ ငါ့ကို မသိတဲ့ လူတစ်ယောက်က အဲဒီလို လုပ်နိုင်ပါ့မလား စကောက်"

ဂျင်မ်က ကျွန်မအဖြေကို လိုချင်နေတဲ့ လေသံမျိုးနဲ့ မေးပါတယ်။

mgyoe.com

"အဲဒါ မလွယ်ပါဘူး၊ တစ်အိမ်တည်း အတူတူနေတဲ့ လူအချင်းချင်းပဲ သိနိုင်မယ်၊ ဒါတောင် တစ်ခါတလေ ဂျင်မ် ဘာလုပ်မယ်ဆိုတာ စကောက် မသိဘူးလေ"

နှစ်ယောက်သား ကျွန်မတို့ သစ်ပင်ကြီးကို ဖြတ်လျှောက်လာခဲ့ကြပါတယ်။ သစ်ခေါင်းထဲမှာ အညိုရောင် သိုးမွေးချည်လုံးကလေးတစ်လုံး ရောက်နေပြန်ပါပြီ။

"မယူနဲ့ ဂျင်မ်၊ တစ်ယောက်ယောက်က ပစ္စည်းဝှက်တဲ့နေရာဖြစ်မယ်" လို့ ကျွန်မက ပြောတော့ ဂျင်မ်က-

"မဖြစ်နိုင်ဘူး စကောက်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဝေါ်လ်တာကန်နိဂမ်ဟာ အားလပ်ချိန်မှာ ဒီဘက် ထွက်လာပြီး သူ့ပစ္စည်းတွေ ဝှက်ချင် ဝှက်ထားမှာပေါ့။ အဲဒါဆို သူ့ပစ္စည်းတွေကို ခိုးသလိုဖြစ်နေမှာပေါ့။ ဒီမယ် ဂျင်မ်၊ ဒီအတိုင်းထားပြီး နှစ်ရက်လောက် စောင့်ကြည့်ရရင် မကောင်းဘူးလား၊ ဘယ်သူမှ မယူဘူးဆိုရင် ယူကြတာပေါ့"

"အိုကေ၊ နင် ပြောတာ ဖြစ်နိုင်တယ်၊ ကလေးတစ်ယောက်ယောက်က လူကြီးတွေဆီကယူပြီး ဝှက်ထားတာ ဖြစ်နိုင်တယ်။ ကျောင်းဖွင့်ချိန်မှာမှ တို့တွေ့တာနော်"

"အင်း...ဟုတ်တယ်၊ ဒါပေမဲ့ နွေရာသီတုန်းက စကောက်တို့ ဒီဘက်မှ မရောက်တာပဲ"

ကျွန်မတို့ အိမ်ပြန်လာခဲ့ကြပါတယ်။ နောက်တစ်နေ့မှာလည်း ချည်လုံးကလေးဟာ အဲဒီနေရာမှာ ရှိနေတုန်းပါပဲ။ နောက်သုံးရက်ကြာတဲ့အထိ ဒီအတိုင်းရှိနေသေးတာနဲ့ ဂျင်မ်က ယူခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး သစ်ခေါင်းထဲမှာ တွေ့သမျှ ပစ္စည်းဟာ ကိုယ့်ပစ္စည်းလို့ပဲ ကျွန်မတို့ သဘောထားလိုက်ပါတော့တယ်။

❑

ဒုတိယတန်းမှာ နေရတာ တော်တော်တင်းကျပ်ပါတယ်။ ဂျင်မ်က ကျွန်မကို အားပေးပါရဲ့။ အရွယ်ကြီးလာ၊ အတန်းကြီးလာမှ ကျောင်းကို သဘောကျလာမှာတဲ့။ သူလည်း ဒီလိုပဲတဲ့။ ခြောက်တန်းရောက်မှ တန်ဖိုးကို နားလည်လာတာတဲ့။

ကြည့်ရတာ ခြောက်တန်းကို သူ စတက်ကတည်းက သဘောကျနေပုံ

mgyoe.com

ရပါတယ်။ အီဂျစ်ခေတ်ကို မတောက်တခေါက်သင်ပြီး အီဂျစ်အကြောင်းချည်း ပြောနေတယ်လေ။ ကျွန်မအတွက်တော့ စိတ်ရှုပ်စရာတွေပေါ့။

အီဂျစ် လမ်းလျှောက်နည်းဆိုပြီးတော့လည်း လျှောက်ပြပါသေးတယ်။ ခြေဖဝါးနှစ်ဖက်ကို မြေကြီးမှာ ပြားလိုက်ချ၊ လက်တစ်ဖက်ကို ရှေ့ဆန့်၊ ပြီးမှ ခြေဖဝါးပြားလိုက်အတိုင်း တစ်လှမ်းချင်းလှမ်း။ ဒီအတိုင်းဆို ဘာလုပ်လုပ် ဘယ်ခရီးရောက်မလဲလို့ ကျွန်မက ထင်မြင်ချက်ပေးတော့ သူက အီဂျစ်တွေရဲ့ လုပ်ဆောင်ချက်တွေဟာ အမေရိကန်တွေထက် အပုံကြီးသာတယ်တဲ့။ စက္ကူကို သူတို့ စထွင်တာတဲ့၊ မပုပ်မသိုးအောင် လုပ်တဲ့နည်းလည်း သူတို့ပဲ သိတာတဲ့။ သူတို့သာ မရှိခဲ့ရင် အမေရိကန်ဆိုတာ ဒီနေ့ ဘယ်နေရာမှာ ရှိနေမလဲ ဆိုပြီးတော့လည်း ကျွန်မကို မေးခွန်းထုတ်သေးတယ်။

ဖေဖေကတော့ ဘယ်နေရာမှာဖြစ်ဖြစ် အလင်္ကာတွေ၊ နာမဝိသေသနတွေ ခွာပြီး ကြည့်ရမယ်တဲ့။ ဒါမှ အနှစ်သာရကို မြင်ရမှာတဲ့။

*

အယ်လာဘားမား တောင်ပိုင်းမှာ ရာသီဥတုဟာ သိပ်တိတိကျကျ မရှိလှပါဘူး။ နွေရာသီကနေ ဆောင်းဦးပိုင်းကိုပြောင်းရင် သိပ်မသိသာဘူး။ ပြီးတော့ ဆောင်းလယ်ကို တော်တော်နဲ့ မရောက်တော့ဘူး။ နွေဦးကနေ နွေပီပီကို ကူးချိန်ကလည်း ပျင်းတိပျင်းတွဲပါပဲ။

ဆောင်းမှာ သိပ်မအေးပါဘူး။ အနွေးထည်ပါးပါးကလေးရှိရင် လုံလောက်နေပါပြီ။ သာယာတဲ့ အောက်တိုဘာလ တစ်ရက်မှာ ကျွန်မနဲ့ ဂျင်မ် ထုံးစံအတိုင်း ကျောင်းကနေ ပြန်လာခဲ့ကြပါတယ်။ သစ်ခေါင်းရှိတဲ့ အပင်ကြီးနားရောက်တော့ ကျွန်မတို့ တုံ့သွားကြပြန်ပါရော။ ဒီတစ်ခါ အဖြူရောင် အထုပ်ကလေးတစ်ထုပ်ကို လှမ်းမြင်ရပါတယ်။

ဒီတစ်ခါတော့ ဂျင်မ်က ကျွန်မကို နှိုက်ယူခွင့်ပေးပါတယ်။ ကျွန်မ လှမ်းနှိုက်ယူလိုက်တော့ အရုပ်ကလေးနှစ်ရုပ် ရပါတယ်။ ဆပ်ပြာခဲမှာ ထုထားတဲ့ အရုပ်ကလေးတွေ။ တစ်ရုပ်က မိန်းကလေးရုပ်၊ နောက်တစ်ရုပ်က ယောက်ျားလေးရုပ်။ အဝတ် ခပ်ကြမ်းကြမ်းကလေးတွေ ဝတ်လို့။

ဒါမျိုးတွေ ကံဆိုးတတ်တယ်ဆိုတာ ပြေးသတိရလိုက်တာနဲ့ ကျွန်မ လန့်အော်ပြီး အရုပ်ကလေးတွေကို ပစ်ထုတ်လိုက်ပါတယ်။

ဂျင်မ်က "ဟဲ့…နင် ဘယ်လိုလုပ်တာလဲ" လို့အော်ပြီး အရုပ်ကလေးတွေကို လိုက်ကောက်ပါတယ်။ ပြီးတော့ ဖုန်တွေ သုတ်နေရင်း–

mgyoe.com

"အရုပ်ကလေးတွေက ချစ်စရာကလေးတွေပဲ။ ကြည့်စမ်း၊ ဘယ်လောက် လှလဲ"

သူက အရုပ်ကလေးတွေကို ကျွန်မရှေ့မှာ မြှောက်ပြပါတယ်။ ကလေး နှစ်ယောက်ပုံဟာ တော်တော်လေး တူပါတယ်။ ယောကျ်ားလေးက ဘောင်းဘီတိုနဲ့၊ ဆံပင်တွေက မျက်ခုံးပေါ်အထိ ဝဲကျလို့။ ကျွန်မ ဂျင်မ်ကို မော့ကြည့်လိုက်ပါတယ်။ သူ့ ဆံပင်ညိုညိုတွေလည်း မျက်နှာပေါ် ဝဲကျနေတာပါလား။ ကျွန်မ တစ်ခါမှ သတိ မထားမိခဲ့ပါဘူး။

မိန်းကလေးရုပ်ကို ကြည့်နေရာက ဂျင်မ် ကျွန်မကို လှမ်းကြည့်ပါတယ်။ အရုပ်ကလေးရဲ့ ဆံပင်ပုံက ကျွန်မလိုပဲ နဖူးပေါ်မှာ တိတိဖြတ်ထားတယ်။

"အဲဒါ တို့နှစ်ယောက်ပဲ" လို့ ဂျင်မ်က ပြောတော့ ကျွန်မ ပြန်မေးလိုက် ပါတယ်။

"အဲဒါ ဘယ်သူ လုပ်တာလဲဟင်"

"ဒီအနားတစ်ဝိုက်က တို့အသိထဲမှာ အရုပ်လုပ်တတ်တဲ့လူ ဘယ်သူ ရှိသလဲ"

သူက ကျွန်မကို ပြန်မေးတော့ ကျွန်မ ထင်တာကို စွတ်ပြောလိုက်ပါ တယ်။

"မစ္စတာ အေဗရီပေါ့"

"ဟာ...မစ္စတာအေဗရီက ဒါမျိုးတွေ မလုပ်တတ်ပါဘူးဟာ"

မစ္စတာအေဗရီက ထင်းတုံးကနေ တုတ်ချောင်းဖြစ်အောင် လုပ်တတ်ပါ တယ်။ တစ်ပတ်မှာ တစ်ချောင်းပဲ ပြီးတာပါ။ အဲဒီတစ်ချောင်းရမှ ထပ်စိတ်ပြီး သွားကြားထိုးတံ လုပ်တာလေ။ ပြီးရင် တစ်ချိန်လုံး သွားကြားထိုးနေပါလေရော။

"အဲ...နေဦး၊ မစ္စစတက်ဖနီလည်း လုပ်တတ်တာပဲ"လို့ ကျွန်မ ထပ်ပြောလိုက်ပါတယ်။ ဂျင်မ်က ကျွန်မ ပြောတာကို မကြားသလိုနဲ့-

"မစ္စတာအေဗရီ လုပ်တတ်တယ်ထား၊ တို့ကို ဘယ်တော့မှ သတိရမှာ မဟုတ်ဘူး၊ ဝရန်တာမှာထိုင်ပြီး တစ်ချိန်လုံး တို့ကို ငုံ့ကြည့်နေပေမယ့် တို့ကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ တို့ကို ကြည့်မယ့်အစား ငါသာဆို မစ္စစတက်ဖနီကို ကြည့်နေမိမှာ"

ဂျင်မ်က ကျွန်မကို တစ်ခုခုပြောတော့မလို စိုက်ကြည့်နေပါတယ်။ ကျွန်မ က ဘာလဲမေးတော့ ဘာမှမဟုတ်ပါဘူးတဲ့။ အိမ်ပြန်ရောက်တော့ အရုပ်ကလေး တွေကို သူ့သေတ္တာထဲ ထည့်ထားလိုက်ပါတယ်။

mgyoe.com

mgyoe.com

နောက်နှစ်ပတ်မကြာခင် ကျွန်မတို့ ပီကေအထုပ်လိုက် ရပြန်ပါတယ်။ ကျွန်မတို့ နှစ်ယောက် ပျော်ပျော်ပါးပါး ဝါးကြတာပေါ့။ ရက်ဒ်လေအိမ်နဲ့ ပတ်သက်သမျှ အဆိပ်ဖြစ်တတ်တယ်ဆိုတဲ့ သံသယတွေ ဂျင်မ်ရဲ့ခေါင်းထဲမှာ လုံးဝ မရှိတော့ပါဘူး။

နောက်တစ်ပတ်မှာ ကျွန်မတို့ သစ်ခေါင်းထဲက အရောင်လွင့်ပြယ်နေတဲ့ တံဆိပ်ကလေးတစ်ခု ထပ်ရပြန်ပါတယ်။ ဂျင်မ်က ဖေဖေ့ကို ပြကြည့်တော့ စာလုံးပေါင်းပြိုင်ပွဲကပေးတဲ့ ဆုတံဆိပ်လို့ ပြောပါတယ်။

ကျွန်မတို့ မမွေးခင် မေကွမ်း မြို့နယ်က ကြီးမှူးကျင်းပတဲ့ ပြိုင်ပွဲတဲ့။ တစ်ယောက်ယောက် ပျောက်သွားတာ ဖြစ်မယ်လို့ ဖေဖေက ထင်ကြေးပေးပြီး ပိုင်ရှင်ကို စုံစမ်းပြီးပြီလားလို့လည်း မေးပါတယ်။

ကျွန်မက ဘယ်မှာ တွေ့ခဲ့တဲ့အကြောင်း ပြောမယ်လုပ်တော့ ဂျင်မ်က ကျွန်မကို နောက်ပေါက်နဲ့ ကန်တယ်လေ။ ပြီးတော့ အဲဒီဆုရတဲ့သူကို မှတ်မိလားလို့ ဖေဖေ့ကို မေးပါတယ်။ ဖေဖေက မမှတ်မိဘူးတဲ့။

နောက်လေးရက်ကြာတော့ ကျွန်မတို့အတွက် အကောင်းဆုံးတစ်ခု ထပ်ရပါတယ်။ အိတ်ဆောင်နာရီ တစ်လုံးပါ။ နာရီက စက်မသွားတော့ပါဘူး။ ကြိုးတန်းလန်းကလေးနဲ့။ သတ္တုဓားကလေး တစ်ချောင်းလည်း တွဲရက် ပါပါသေးတယ်။

"ရွှေပြုနဲ့ လုပ်ထားတာလား ဂျင်မ်"

"ငါလည်း မသိဘူး စကောက်၊ ဖေဖေ့ကို ပြကြည့်ရမှာပဲ"

ကြိုးရော၊ ဓားရောဆိုရင် ဆယ်ဒေါ်လာလောက် တန်မယ်လို့ ဖေဖေက ခန့်မှန်းပါတယ်။ ပြီးမှ "အားလုံး အသစ်ဆိုရင်ပေါ့လေ" တဲ့။

"သား ကျောင်းမှာ တစ်ယောက်ယောက်နဲ့ လဲခဲ့တာလား" လို့ ဖေဖေ မေးတော့ ဂျင်မ်က ပျာပျာသလဲ ငြင်းပါတယ်။

"မဟုတ်ဘူး၊ မဟုတ်ပါဘူး ဖေဖေ"

ဂျင်မ်က ဘိုးဘိုးရဲ့ အိတ်ဆောင်နာရီကို ပျာပျာသလဲ ထုတ်ပြပါတယ်။ ဖေဖေက အဲဒီနာရီကို တစ်ပတ်တစ်ခါ သူ့ကို ကျောင်းယူသွားခွင့် ပေးထားတာလေ။ ရိုရိုသေသေ ကိုင်ပါ့မယ်ဆိုတဲ့ ကတိဝန်ခံချက်နဲ့ပေါ့။

နာရီ ယူသွားတဲ့နေ့ဆိုရင် ဂျင်မ်တစ်ယောက် အိတ်ကို တစမ်းတည်း စမ်းနေတော့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီနာရီကို ကျွန်တော် ယူထားမယ်နော် ဖေဖေ၊ ပြင်လို့ ရချင်ရမှာ၊ ကျွန်တော် စမ်းကြည့်မယ်"

ဒီနာရီနဲ့ဆိုတော့ ခဏခဏ အိတ်ကို စမ်းကြည့်ဖို့ မလိုတော့ဘူးပေါ့။ သူ ကြိုးကြိုးစားစားပြင်ပါတယ်။ ဒါပေမဲ့ မရပါဘူး။ နောက်ဆုံး သက်ပြင်းချပြီး စိတ်လျှော့လိုက်ပုံနဲ့ ကျွန်မကို ပြောပါတယ်။

"ဘယ်လိုမှ ပြင်လို့ မရတော့ဘူး စကောက်"

"ဟုတ်လား"

"ဒီပစ္စည်းတွေ တို့အတွက် ထားထားပေးနေတဲ့လူကို ကျေးဇူးတင်တဲ့အကြောင်း စာတစ်စောင်ရေးပြီး သစ်ခေါင်းထဲမှာ ထည့်ထားရင် မကောင်းဘူးလား"

"ကောင်းတာပေါ့၊ ရေးသင့်တာပေါ့၊ ဟင်…ဘာဖြစ်တာလဲ"

သူက နားရွက်ကို လက်နဲ့ကိုင်ပြီး ခေါင်းကို တွင်တွင်ယမ်းနေပါတယ်။

"ငါ နားမလည်ဘူး၊ နားကို မလည်ဘူး၊ ဒီမယ် စကောက်…ဘာဖြစ်လို့…"

သူက ညှော့ခန်းဘက်ကို လှမ်းကြည့်ပြီး-

"ဖေဖေ့ကို ပြောဖို့ ငါ စိတ်ကူးတယ်၊ ဒါပေမဲ့ မပြောတာပဲ ကောင်းမယ်ထင်တယ်ဆိုပြီး…"

"စကောက် ပြောပေးမယ်လေ"

"ဟင့်အင်း၊ မပြောနဲ့ စကောက်…စကောက်"

"ဘာလဲ"

သူ တစ်ခုခုပြောဖို့ ဟန်ပြင်နေတာ ညနေကတည်းကပဝ်။ သူ့မျက်နှာပေါ်မှာ ရွှင်ပျလန်းဆန်းနေတဲ့ အမူအရာနဲ့ ကျွန်မဘက်ကို ကိုင်းလာပြီးမှ စိတ်ပြောင်းသွားပြန်ပါရော။

"အဲ…ဟို ဘာမှ မဟုတ်ပါဘူးဟာ"

"ကဲ…ဒါဖြင့် စာရေးကြရအောင်"

ကျွန်မက စားပွဲကလေးနဲ့ ခဲတံကို သူ့ရှေ့ကို တိုးပေးလိုက်ပါတယ်။

"အေး…ဟုတ်တယ်၊ ချစ်စွာသော လူကြီးမင်း ခင်ဗျား…"

"ယောက်ျားလား…မိန်းမလား၊ ဂျင်မ် ဘယ်လိုလုပ် သိလဲ၊ မစ္စမော်ဒီဖြစ်နေရင်ကော"

"အဲ…မစ္စမော်ဒီ ဘယ်တုန်းက ပီကေဝါးတာ တွေ့ဖူးလို့လဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း…ဟုတ်တယ်၊ သူ့မှာ အိတ်ဆောင်နာရီလည်း မရှိပါဘူးနော်"

ဂျင်မ်က အသံထွက်ပြီး ဆက်ရေးပါတယ်။

'ချစ်စွာသော လူကြီးမင်းခင်ဗျား။ အိတ်ဆောင်နာရီကလေးကို ကျွန်တော်တို့…အဲ မဟုတ်သေးဘူး၊ လူကြီးမင်း သစ်ခေါင်းထဲ ထည့်ထားပေးတဲ့ ပစ္စည်းကလေးတွေ အားလုံး ကျွန်တော်၊ ကျွန်မတို့ အမြဲတမ်း လက်ခံရရှိပါတယ်။ အဲဒီအတွက် ကျေးဇူးအများကြီးတင်ပါတယ်။ သင်၏သစ္စာရှိစွာသော ဂျင်မ်အာတီကတ်စ်ဖင့်ချ်"

"ဟာ အဲဒီလို လက်မှတ်ထိုးလိုက်တော့ ဂျင်မ်မှန်း သူ ဘယ်သိမလဲ"

ကျွန်မ ပြောမှ သူ ခဲဖျက်နဲ့ ပြန်ဖျက်ပြီး သူ့နာမည်ကို တစ်လုံးချင်း ရေးချပါတယ်။ ကျွန်မကလည်း သူ့အောက်ကနေပြီး ရှင်းရှင်းကလေး လက်မှတ်ထိုးလိုက်ပါတယ်။

ဂျင်းလောင်းဝစ်ဖင့်ချ် (စကောက်)။

ပြီးမှ သူ စာအိတ်ထဲထည့်ပြီး ပိတ်ပါတယ်။ နောက်တစ်နေ့မနက် ကျောင်းသွားတော့ ကျွန်မရှေ့ကနေ သူ သုတ်ခြေတင်သွားပြီး သစ်ပင်နားရောက်တော့ တုံ့ခနဲ ရပ်လိုက်ပါတယ်။ ကျွန်မဘက် ပြန်လှည့်ကြည့်တော့ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေပါလား။

"စကောက်"

ဟယ်…ဘယ်လို ဖြစ်တာပါလိမ့်။ သစ်ခေါင်းကြီးကို တစ်ယောက်ယောက်က ဘိလပ်မြေတွေနဲ့ အပြည့် လောင်းထည့်ထားလိုက်ပါပြီ။

"မငိုနဲ့ စကောက်၊ ခု မငိုနဲ့ဦး…လာ လာ စိတ်မပျက်ပါနဲ့ဟာ"

တစ်လမ်းလုံး တတွတ်တွတ်နဲ့ သူ ကျွန်မကို ချော့လာပါတယ်။

အဲဒီနေ့ ညစာကို ဂျင်မ်တစ်ယောက် အမြန်နှုန်းနဲ့ အပြေးအလွှား စားနေတာ တွေ့ရပါတယ်။ ပြီးတာနဲ့ အိမ်ရှေ့ထွက်သွားပြီး ဝရန်တာမှာ ရပ်နေပါတယ်။ ကျွန်မ သူ့နောက်ကို လိုက်သွားတော့ သူ တိုးတိုးပြောပါတယ်။

"ဖြတ်သွားတာ မမြင်သေးဘူး"

နောက်တစ်နေ့မှာမှ သူ စောင့်နေတဲ့ အခွင့်အရေးကို ရတာပါ။

"မစ္စတာနေသန်၊ နေကောင်းပါရဲ့လား ခင်ဗျာ"

"ဟဲလို ဂျင်မ်၊ စကောက် နေကောင်းကြတယ်နော်"

မစ္စတာနေသန်က ပြန်နှုတ်ဆက်ပြီး ဆက်လျှောက်သွားတော့ ဂျင်မ်က နောက်က လိုက်ခေါ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"မစ္စတာနေသန်"

မစ္စတာနေသန် ပြန်လှည့်ကြပါတယ်။

"မစ္စတာ ရက်ဒ်လေ ခင်ဗျာ၊ ဟိုသစ်ခေါင်းကြီးထဲကို ဘိလပ်မြေတွေ မစ္စတာနေသန် ထည့်လိုက်တာပါလား"

"အေး ဟုတ်တယ်၊ ငါ ထည့်တာ"

"ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"သစ်ပင်ကြီး ရောဂါဖြစ်နေလို့ကွ၊ အဲဒီလို မလုပ်ရင် သေတော့မှာ။ သစ်ပင် တွေ နေမကောင်းရင် သစ်ခေါင်းထဲကို ဘိလပ်မြေ လောင်းထည့်ရတယ်ကွ၊ မှတ် ထားနော်"

ဒီအကြောင်း ညအထိ ဂျင်မ် ဘာမှ ဆက်မပြောတော့ပါဘူး။ ညနေ ကျောင်းပြန်လာတုန်းကတော့ တစ်ခုခုကို တွေးနေပုံနဲ့ ဘိလပ်မြေလောင်းထားတဲ့ သစ်ခေါင်းကြီးကို လက်နဲ့ ပွတ်ကြည့်ခဲ့ပါသေးတယ်။ ပြီးတော့ ဆက်ပြီး တိတ်မြဲ တိတ်နေပါတယ်။ ဒီတော့ ကျွန်မလည်း ခပ်လှမ်းလှမ်းမှာပဲ နေရတာပေါ့။

ညနေပိုင်း ဖေဖေ ရုံးကပြန်လာတော့ ထုံးစံအတိုင်း ကျွန်မတို့ ထွက်ကြို ကြပါတယ်။ အိမ်ထဲအဝင်မှာ ဂျင်မ်က-

"ဖေဖေ ဟိုသစ်ပင်ကြီးကို လှမ်းကြည့်လိုက်စမ်းပါဦး"

"ဘယ်သစ်ပင်လဲ သားရဲ့"

"ဟို...မစ္စတာ ရက်ဒ်လေ ခြံထောင့်က သစ်ပင်ကြီးလေ"

"အင်း...ဘာဖြစ်လို့လဲ"

"အဲဒီအပင်ကြီး သေတော့မယ်ဆို"

"ဘာဖြစ်လို့လဲ၊ မဟုတ်ဘူး ထင်ပါတယ်၊ အရွက်တွေကိုကြည့်ပါလား၊ စိမ်းစိုနေတာပဲ"

"ဒါဆို နေမကောင်းဖြစ်နေတာလည်း မဟုတ်ဘူးပေါ့"

"အဲဒီ အပင်က သားတို့လိုပဲ နေကောင်း ကျန်းမာနေတာပဲ"

"မစ္စတာနေသန်က ပြောတယ် ဖေဖေရဲ့၊ အဲဒီအပင်ကြီးက သေတော့ မယ်တဲ့"

"အင်း...ဟုတ်ချင် ဟုတ်မှာပေါ့၊ မစ္စတာနေသန်ရက်ဒ်လေက သစ်ပင် တွေအကြောင်း ဖေဖေတို့ထက် ပိုသိလိမ့်မယ်"

ဖေဖေက ပြောပြောဆိုဆို ကျွန်မတို့ မောင်နှမကို ဆင်ဝင်အောက်မှာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ထားခဲ့ပြီး အိမ်ထဲ ဝင်သွားပါတယ်။ ဂျင်မ်က တိုင်တစ်တိုင်ကိုမှီပြီး ပခုံးနဲ့ တိုင်နဲ့ ပွတ်နေပါတယ်။

"ယားလို့လားဟင်" လို့ ကျွန်မက အတတ်နိုင်ဆုံး ညင်ညင်သာသာ လှမ်းမေးတော့ သူ ဘာမှ ပြန်မပြောပါဘူး။

"လာလေ…အထဲ ဝင်ကြရအောင်" လို့ ကျွန်မ ထပ်ပြောတော့ သူက "ခဏ နေပါဦးဟာ" တဲ့။

မှောင်တဲ့အထိ သူ ဆက်ရပ်နေပါတယ်။ ကျွန်မလည်း သူ့ကို ဆက်စောင့်နေရတာပေါ့။ အိမ်ထဲဝင်ဖို့ သူလှည့်လာတော့ ဟင်…သူ ငိုနေတာပါလား၊ သူ့မျက်နှာမှာ မျက်ရည်စတွေနဲ့။ သူ ငိုတာ ဘာလို့ အသံမကြားတာပါလိမ့်။

●

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၈)

မေကွမ်းက ဘယ်ပညာရှိမှ ကြိုမသိလိုက်ဘဲနဲ့ ဗြုန်းစားကြီး ဆောင်းဝင်လာပါတော့တယ်။ ၁၈၈၅ ခုနှစ် ကတည်းက စပြီး အအေးဆုံး ရက်သတ္တနှစ်ပတ်ကို ကျွန်မတို့ ဖြတ်သန်းရပါတယ်။ လူကြီးပြောစကား ကလေးတွေ နားမထောင်ရင် အဲဒီလို ဖြစ်တတ်တယ်လို့ မစ္စတာအေဗရီက ပြောတယ်တဲ့၊ ဖေဖေက ပြန်ပြောပြတာပါ။ ကလေးတွေ ဆေးလိပ်သောက်ရင်၊ စစ်တိုက်တမ်းကစားရင် အဲဒီလို ရာသီဥတု ဖောက်ပြန်တတ်တယ်တဲ့။ အဲဒါတွေအားလုံး ရိုစက်တာကျောက်စာ* မှာ ပါတယ်တဲ့။

ကျွန်မတို့တစ်တွေ လူကြီး မသိအောင် ခိုးကြောင်ခိုးဝှက်တွေ လျှောက်လျှောက်လုပ်လို့များ ခုလို အိမ်နီးနားချင်းတွေ ဒုက္ခရောက်ကြတာလား မသိဘူးဆိုပြီး ကျွန်မနဲ့ ဂျင်မ် စိတ်မကောင်းဖြစ်ကြရပါတယ်။

ဒီဆောင်းမှာပဲ အဘွားကြီး မစ္စက်ရက်ဒ်လေ ကွယ်လွန်သွားပါတယ်။ အဘွားကြီး ဆုံးတဲ့သတင်းဟာ ကျွန်မတို့ အိမ်နီးနားချင်းတွေကို သိပ် ဂယက်မရိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဘွားကြီးကို တစ်ခါတလေ သစ်ပင်ရေထွက်လောင်းတာကလွဲပြီး မမြင်ကြရလို့ပါပဲ။

ကျွန်မနဲ့ ဂျင်မ်ကတော့ နောက်ဆုံး အဘွားကြီးကို သတ်ပစ်လိုက်တာလို့ပဲ ယုံကြည်ထားလိုက်ပါတယ်။ အသုဘအိမ်က ဖေဖေ ပြန်လာတော့ မစ္စက်ရက်ဒ်လေ သေတာ ရိုးရိုးလူကြီးရောဂါလို့ ပြောတော့ ကျွန်မတို့ စိတ်ပျက်သွားပါတယ်။

---

* Rosetta Stone – နိုင်းမြစ်ဝရှိ Rosetta မြို့ကလေးတွင် ၁၇၉၉ ခုနှစ်တွင် တူးဖော်တွေ့ရှိသည့် အီဂျစ်နှင့် ဂရိ နှစ်ဘာသာပါရှိသည့် အရုပ်ကျောက်စာ။

mgyoe.com